# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

**ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာ ပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 12 March 2020 ၉၉၁၂


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နှင့် ရွှေဘိုမြို့တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

## ကိုယ့်ရဲ့အသိုင်းအဝိုင်းအတွက် စဉ်းစားတတ်တဲ့ အလေ့အကျင့်တွေ ဖြစ်လာမှ မိမိတို့နိုင်ငံ တိုးတက်မယ်ဟု ပြောကြား

**နေပြည်တော် မတ် ၁၁**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နှင့် ရွှေဘိုမြို့တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**မုံရွာမြို့သို့ရောက်ရှိ**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မုံရွာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့မှတစ်ဆင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ဒီပဲယင်းမြို့သို့ရောက်ရှိရာ ဒီပဲယင်းမြို့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူလေးများက နိုင်ငံတော်အလံငယ်များကို ဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒီပဲယင်းမြို့ရှိ မြို့နယ်အားကစားကွင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေဘိုမြို့ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။






## ၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။



## ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကနေဒါသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး Mr. Francois Lafreniere ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို စံ (၅) ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်နေမှု၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရန်အတွက် စေ့စပ်ညှိနှိုင်းရေးကော်မတီများနှင့် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည့်အခြေအနေ၊ တိုက်ပွဲရှောင် မဲဆန္ဒရှင်များနှင့် ရွှေ့ပြောင်းလုပ်သားမဲဆန္ဒရှင်များ မဲပေးခွင့် ရရှိရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ Social Media ပေါ်မှ အမုန်းစကားများ၊ သတင်းအမှားများကို ကာကွယ်တားဆီးသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁-၃-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၂,၀၀၀ | ၄,၇၁၈ | ၅၄,၉၁၄,၅၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၅၀ | ၃,၃၃၄ | ၁၃,၀၈၀,၉၅၀ |

| | | | | |
|---|---|---|---|---|
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၃၉၂ | ၈,၈၂၀,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၅ | ၁၄,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မတ် ၁၁**

ရန်ကုန်(ရွှေဈေး) ၁၁၆၉၀၀၀ မန္တလေး(ရွှေဈေး) ၁၁၆၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၇၅၀ ကျပ် | ၆၉၀/၇၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၀/၇၉၅ ကျပ် | ၇၈၅/၈၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၉၀/၆၈၀ ကျပ် | ၆၅၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၅၀/၇၆၀ ကျပ် | ၇၀၅/၇၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၄၀/၅၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၅၀/၅၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၄၉၅/၅၀၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၃.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၅၅.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၇၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၆၉၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၈၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၃၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၆.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၃၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၆.၈၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၈.၁၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

## ကြေးမုံ

### ဂုဏ်သိက္ခာနှင့် တန်ဖိုးမြင့်မားရေးအားထုတ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မတ်လ ၁၀ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် ကူးစက်ရောဂါကင်းဝေးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးရေး၊ ပြည်သူများ စည်းကမ်းလိုက်နာရေး၊ သိက္ခာရှိရေးတို့ကို အလေးထားပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအား စည်းကမ်းရှိစေရေး ပြောကြားချက်မှာ လူတိုင်းလူတိုင်းသည် မိမိတို့၏ တစ်ဦးချင်းတန်ဖိုးကို ဖော်ထုတ်စေလိုရင်း ဖြစ်သည်။ ဥပမာအားဖြင့် သန့်ရှင်းအောင်နေထိုင်တတ်ရေး၌ စည်းကမ်းရှိသော အလေ့အထကောင်းကို မွေးမြူလေ့ကျင့်ဖို့လိုပေသည်။ မိမိကိုယ်ကို သန့်ရှင်းအောင် နေထိုင်တတ်သော အလေ့အကျင့်ကောင်းရှိမှသာလျှင် မိမိပတ်ဝန်းကျင်ကို သန့်ရှင်းအောင်ထားနိုင်မည်ဖြစ်သည်။ မိမိပတ်ဝန်းကျင်ကို သန့်ရှင်းအောင်ထားနိုင်မှသာလျှင် မိမိနိုင်ငံကို သန့်ရှင်းအောင် ဖန်တီးနိုင်မည်ဖြစ်သည်။ မိမိနိုင်ငံကို သန့်ရှင်းအောင်ထားနိုင်မှသာ မိမိတို့ကမ္ဘာကြီး သန့်ရှင်းသာယာရေးတွင် မိမိတို့လည်း ပါဝင်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ပြည်သူများ စည်းကမ်းလိုက်နာမှု၊ စည်းကမ်းရှိမှုတို့ကို တန်ဖိုးထားပါ။ ဂုဏ်ယူပါ။ ငါတို့တွေဟာ စည်းကမ်းရှိတဲ့လူမျိုး၊ ငါတို့ တစ်ယောက်ချင်းတစ်ယောက်ချင်းအတွက် တာဝန်ယူတတ်တဲ့လူမျိုးဆိုတဲ့စိတ်ဓာတ် ရှိစေချင်ပါတယ်" ဟု ပြည်သူများနှင့်တွေ့ဆုံစဉ် မကြာခဏပြောကြားခဲ့သည်။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ စည်းကမ်းရှိသော ရပ်ရွာ၊ မြို့ပြများမှာ အများပြည်သူအတွက် စိတ်နှလုံးချမ်းမြေ့ဖွယ်ဖြစ်သလို နိုင်ငံတကာအမြင်တွင်လည်း တင့်တယ်လှသဖြင့် ဂုဏ်သိက္ခာရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်သည်။

ထို့အပြင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာတမ်းအရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "မွေးရာပါ အခွင့်အရေးတွေ၊ သိက္ခာတွေနဲ့အတူ မွေးရာပါတာဝန်တွေလည်း ပါနေတယ်ဆိုတာ ကျွန်မတို့ ပြည်သူတွေကို သတိပေးချင်ပါတယ်။ အဲဒါ သိက္ခာပါပဲ။ သိက္ခာဆိုတာ ကိုယ့်အခွင့်အရေးကို ကိုယ်ကာကွယ်တတ်သလို ကိုယ့်တာဝန်ကို ကိုယ်ထမ်းဆောင်ပါ။ ဒီနှစ်ခုထဲက တစ်ခုလိုနေရင် သိက္ခာမပြည့်ဝဘူးလို့ ဆိုပါလိမ့်မယ်" ဟု ပြောကြားခဲ့သည်။ လူတစ်ဦးတစ်ယောက်သည် မိမိ၏တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်သော်လည်း မိမိ၏အခွင့်အရေးများကို ကာကွယ်နိုင်စွမ်းမရှိလျှင်၊ ကာကွယ်နိုင်သည့်သိက္ခာနှင့် တာဝန်ယူတတ်မှုမရှိလျှင် ထိုလူတစ်ဦး၏သိက္ခာသည် ပြည့်စုံခြင်းမရှိဟု ဆိုလိုခြင်းဖြစ်သည်။

တာဝန်နှင့် သိက္ခာသည် အတူယှဉ်တွဲနေပြီး တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြသော်လည်း အခွင့်အရေးများကိုသော်လည်းကောင်း၊ ဂုဏ်သိက္ခာများကိုသော်လည်းကောင်း ကာကွယ်နိုင်စွမ်းမရှိကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူ ပြည်သားများနှင့် တွေ့ဆုံစဉ် ပြည်သူများအား ကိုယ့်ကိုယ်ကိုယ် သိက္ခာရှိအောင်နေထိုင်ကြရန်၊ ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင်ထမ်းဆောင်ကြရန် ကိုယ့်အခွင့်အရေးများကိုလည်း မှန်မှန်ကန်ကန်နည်းများဖြင့် ကာကွယ်နိုင်ကြစေရန် တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် မဖွံ့ဖြိုးသေးသော ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သလို အရှေ့တောင်အာရှနိုင်ငံများတွင် နောက်ဆုံးအဆင့်ရောက်နေသော နိုင်ငံဖြစ်နေသည်။ ထိုအခြေအနေသို့ရောက်နေမှုနှင့်ပတ်သက်၍ မိမိတို့ အချင်းချင်း ပြစ်တင်ရှုတ်ချ၊ မိမိကိုယ်ကို ပြစ်တင်ရှုတ်ချနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အမှန်တကယ်တွင် အားငယ်စိတ်ပျက်စရာမရှိဘဲ ရှေ့အဖို့တိုးတက်ရန်အတွက် နိုင်ငံသားတိုင်း စည်းကမ်းရှိရန်နှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး ဂုဏ်သိက္ခာရှိအောင် ကျင့်ကြံအားထုတ်နေထိုင်ကြဖို့လိုမည်ဖြစ်သည်။ ထိုတွန်းအားများကို မှန်မှန်ကန်ကန် အသုံးချနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ ဖွံ့ဖြိုးမည်၊ တိုးတက်မည်၊ ငြိမ်းချမ်းသာယာမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူပြည်သားများသည် မိမိတို့နိုင်ငံ နောက်မကျစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတိုင်းလူတိုင်း လက်ရှိအနေအထားတွင် ရပ်တည်နေရသည်ကို ကျေနပ်မနေဘဲ မိမိတို့ပတ်ဝန်းကျင်အတွက်၊ မိမိတို့နိုင်ငံအတွက်၊ မိမိတို့ကမ္ဘာအတွက် တန်ဖိုးရှိသည့် ပြည်သူများ၊ ဂုဏ်သိက္ခာရှိသောပြည်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒီပဲယင်းမြို့ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**လှိုက်လှိုက်လှဲလှဲကြိုဆို**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ပထမဦးဆုံး အနေနဲ့ ကျွန်မကို ဒီပဲယင်းက ပြည်သူလူထုတွေက လှိုက်လှိုက်လှဲလှဲကြိုဆိုတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ လက်ဆွဲနှုတ်ဆက်ခြင်း မလုပ်နိုင်တာကို သည်းခံပါလို့ ပြောချင်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားချက်တွေ ထုတ်ထားပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါမပြန့်ပွားရေးအတွက် လက်ဆွဲတာတွေ မလုပ်ပါနဲ့တဲ့၊ ကျွန်မအတွက်ရော၊ ကျွန်မနဲ့ လက်ဆွဲနှုတ်ဆက်တဲ့ ပြည်သူတွေအတွက်ရော အားလုံးအတွက် အန္တရာယ်ကင်း ဘေးရှင်းအောင်လို့ ဒီကာလမှာတော့ လက်ဆွဲနှုတ်ဆက်ခြင်းကို သည်းခံပါလို့ ဆိုလိုတာပါ။ ပြည်သူတွေနဲ့ ထိတွေ့မှုမလိုချင်လို့ မဟုတ်ပါဘူးလို့ ပြောပါရစေ။

ကျွန်မတို့ ဒီလို လူထုတွေ့ဆုံပွဲတွေ လုပ်တဲ့အခါ ပြည်သူတွေ ကိုယ့်ဆန္ဒအရ ကိုယ်တက်ရတာ ဖြစ်ပါတယ်။ ကျွန်မကတော့ အတင်းတက်ခိုင်းတာ ဘယ်သူ့မှမရှိပါဘူး။ ပြီးတော့ ကိုယ်ကိုယ်တိုင် ကိုယ့်ရဲ့ဆန္ဒအရ လုပ်တဲ့ကိစ္စတစ်ခု ဖြစ်မြောက်ရေး အတွက်ဆိုရင် ကိုယ်ကပါ ပါဝင်ပြီးတော့ တာဝန်ယူရပါလိမ့်မယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံဟာ တိုးတက်ဖို့ဆိုရင် တစ်ယောက်ချင်း တစ်ယောက်ချင်း ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းခြင်းကနေ စရမှာဖြစ်ပါတယ်။ အရေးအကြီးဆုံးက ဒါပါပဲ။

**အလေ့အကျင့်တွေကို ကျင့်ယူ**

ကျွန်မတို့ ဒီမိုကရေစီလိုချင်တယ်ဆိုတာဟာ ကိုယ့်ဘဝ၊ ကိုယ့်ရဲ့ ကံကြမ္မာကို ကိုယ်ကိုယ်တိုင် ဖန်တီးချင်လို့ဆိုပြီး ကျွန်မတို့ လုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ကိုယ့်ရဲ့ဘဝ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးချင်တယ်ဆိုရင် ကိုယ်က ဖန်တီးသင့် ဖန်တီးထိုက်တဲ့ လူတစ်ယောက်ဖြစ်အောင်နေဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကိုယ့်ကို လူအများက ထိန်းသိမ်းတာမခံချင်ရင် ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းတဲ့ အလေ့အကျင့်တွေကို ကျွန်မတို့ ကျင့်ယူရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မ ဘယ်နေရာပဲသွားသွား ပြည်သူလူထုတွေကို စည်းကမ်းရှိဖို့၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ဖို့၊ ကိုယ့်ရဲ့အသိုင်းအဝိုင်းအတွက် စဉ်းစားဖို့ ဒါကို ကျွန်မ အမြဲတမ်း ဆော်သြတာဖြစ်ပါတယ်။

ကျွန်မတို့အားလုံးဟာ တစ်ယောက်ချင်း တစ်ယောက်ချင်း ကိုယ့်ရဲ့အသိုင်းအဝိုင်းအတွက် စဉ်းစားတတ်တဲ့ အလေ့အကျင့်တွေဖြစ်လာမှ ကျွန်မတို့ နိုင်ငံဟာ တိုးတက်မှာပါ။ အဖွဲ့အစည်းတွေကို ဝင်တယ်ဆိုတာက ဒီအဖွဲ့အစည်းတွေရဲ့ မူဝါဒတွေကို လိုက်နာဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဘယ်လိုအဖွဲ့အစည်းမဆို ကင်းထောက်အဖွဲ့အစည်းဖြစ်ဖြစ်၊ နိုင်ငံရေးအဖွဲ့တစ်ခုပဲဖြစ်ဖြစ်၊ နိုင်ငံရေးပါတီတစ်ခုပဲဖြစ်ဖြစ် ဒီအဖွဲ့အစည်းကို ဝင်လိုက်ပြီဆိုရင် ကိုယ့်ဆန္ဒအရ ကိုယ်ဝင်တာမို့ ဒီအဖွဲ့အစည်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။

> **ကျွန်မတို့အားလုံးဟာ ဒီနိုင်ငံရဲ့ နိုင်ငံသူ နိုင်ငံသားတွေ ဖြစ်တယ်ဆိုရင် ဒီနိုင်ငံဟာ ဘယ်လမ်းကို သွားစေချင်သလဲဆိုတာ တစ်ယောက်ချင်း တစ်ယောက်ချင်းက စဉ်းစားပြီး နားလည်သဘောပေါက်ပြီးတော့ ဒီလမ်းကို ဖြောင့်ဖြောင့်မတ်မတ် မှန်မှန်ကန်ကန်သွားနိုင်အောင် ကြိုးစားရမှာပါ။ တစ်ဦးချင်းရဲ့ကြိုးစားမှုနဲ့ ကျွန်မတို့ စုပေါင်းအင်အားနဲ့မှ နိုင်ငံကို တိုးတက်အောင် လုပ်နိုင်မယ်ဆိုတာ ကျွန်မ ခဏခဏပြောနေရတဲ့ကိစ္စပါ။**

အဓိက အရေးကြီးတာက ရည်ရွယ်ချက်တွေပါ။ အဖွဲ့အစည်းတစ်ခုကို ဝင်တယ်ဆိုရင် ဒီအဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ နားလည်ရပါလိမ့်မယ်။ ဒီအတိုင်းပဲ ကျွန်မတို့အားလုံးဟာ ဒီနိုင်ငံရဲ့ နိုင်ငံသူ နိုင်ငံသားတွေဖြစ်တယ်ဆိုရင် ဒီနိုင်ငံဟာ ဘယ်လမ်းကို သွားစေချင်သလဲဆိုတာ တစ်ယောက်ချင်း တစ်ယောက်ချင်းက စဉ်းစားပြီး နားလည်သဘောပေါက်ပြီးတော့ ဒီလမ်းကို ဖြောင့်ဖြောင့်မတ်မတ် မှန်မှန်ကန်ကန် သွားနိုင်အောင် ကြိုးစားရမှာပါ။ တစ်ဦးချင်းရဲ့ ကြိုးစားမှုနဲ့ ကျွန်မတို့စုပေါင်းအင်အားနဲ့မှ နိုင်ငံကို တိုးတက်အောင် လုပ်နိုင်မယ်ဆိုတာ ကျွန်မ ခဏခဏပြောနေရတဲ့ကိစ္စပါ။

**မြန်မြန်ပြေးနေ**

စစ်ပြီးကာလ လွတ်လပ်ရေးမရခင် အချိန်တုန်းက ဖေဖေပြောခဲ့တဲ့စကားရှိပါတယ်။ ကျွန်မတို့ဟာ စစ်အတွင်းမှာ အင်မတန်မှ အထိနာခဲ့လို့ တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းရင် တခြားနိုင်ငံတွေ လမ်းလျှောက်နေတဲ့အချိန်မှာ ကျွန်မတို့နိုင်ငံက ပြေးမှဖြစ်မယ်ဆိုပြီး ပြောခဲ့ပါတယ်။ အခုလည်း ဒီအခြေအနေအတိုင်းပါပဲ။ ကျွန်မတို့ဆိုရင် အရှေ့တောင်အာရှဒေသမှာ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံထဲမှာ ပါနေပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ ကမ္ဘာနဲ့ ရင်ပေါင်တန်းပြီးတော့ မီချင်တယ်ဆိုရင် ပြေးမှရမယ်၊ တခြားသူတွေလိုလမ်းလျှောက်လို့ ကျွန်မတို့ နောက်ကကျန်ရစ်ခဲ့မှာပါ။ ဥပမာအားဖြင့် ပြောမယ်၊ ကျွန်မတို့ ပညာရေးဘက်မှာ တိုးတက်ဖို့အတွက် အင်မတန်မှ ကြိုးစားခဲ့ပါတယ်။ ဒီလေးနှစ်အတွင်းမှာဆိုရင် ကျွန်မတို့နိုင်ငံရဲ့ တက္ကသိုလ်တွေဟာ ကမ္ဘာ့အဆင့်အရဆိုရင် တက်လာပါပြီ။ ဒါဟာ တိုးတက်မှုရှိလို့၊ ဒါပေမယ့် အာဆီယံနိုင်ငံတွေအတွင်းမှာဆိုရင် ကျွန်မတို့အဆင့်က ကျသွားပါတယ်။ အဲဒါ ဘာကိုဆိုလိုတာလဲဆိုတော့ တခြားအာဆီယံနိုင်ငံတွေ၊ တခြား ကျွန်မတို့ဒေသက နိုင်ငံတွေဟာ ကျွန်မတို့ထက်ပိုပြီးတော့ မြန်မြန်ပြေးနေတယ်ဆိုတာ ပြတာပါ။ ဒီတော့ သူတို့အဆင့်က ကျွန်မတို့ အဆင့်ထက် ပိုပြီးတက်သွားတဲ့အခါ ကျတော့ တစ်ကမ္ဘာလုံးနဲ့စာရင် ကျွန်မတို့ အဆင့်တက်လာပေမယ့် ကျွန်မတို့ဒေသနဲ့စာရင် ကျွန်မတို့အဆင့်ဟာ နိမ့်ပါသေးတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေ ကြိုးစားဖို့ လိုတယ်ဆိုတာ ကျွန်မပြောတာပါ။

ကျွန်မ ခဏခဏပြောပါတယ်။ ချမ်းသာတဲ့မိသားစုတစ်ခုနဲ့ ဆင်းရဲတဲ့ မိသားစုတစ်ခုဟာ မတူပါဘူး။ ချမ်းသာတဲ့မိသားစုက ကလေးတွေဆိုရင် အိမ်ပြန်လာရင် ခူးခပ်ပြီးသား ထမင်းကို ထိုင်စားလို့ရပါတယ်။ ဆင်းရဲတဲ့မိသားစုဆိုရင် မိဘကို ဝိုင်းဝန်းပြီးတော့ ကူညီရပါတယ်။ ကျွန်မတို့ကလည်း ဒီအတိုင်းပါပဲ။ ကျွန်မတို့ရဲ့နိုင်ငံ တိုးတက်စေချင်ရင် ကိုယ်တိုင်ဝိုင်းဝန်းပြီးတော့ ကူညီမှ ဖြစ်မှာပါ။ အဲဒီလို ကူညီနိုင်တဲ့ အခွင့်အရေးရတာကို ဂုဏ်ယူစေချင်ပါတယ်။ ဝမ်းသာစေချင်ပါတယ်။ ငါတို့ဟာ ပင်ပင်ပန်းပန်း လုပ်ရလေခြင်းဆိုတဲ့ စိတ်ဓာတ်မထားစေချင်ပါဘူး။ ငါတို့ဟာ တကယ့်ကို ငါတို့နိုင်ငံအတွက် လုပ်ပေးနိုင်တဲ့အချိန်အခါမှာ မွေးဖွားလာလို့၊ ငါတို့ရဲ့နိုင်ငံ တိုးတက်ရေးအတွက် ရုန်းကန်နေတဲ့အချိန်မှာ ငါတို့ဟာ လုပ်ပိုင်ခွင့်ရှိလို့ ငါတို့ အထူးအခွင့်အရေးရတဲ့ နိုင်ငံသူနိုင်ငံသားတွေပဲလို့ ဒီလိုပဲစိတ်ထဲမှာ ထားစေချင်ပါတယ်။

**ဂုဏ်ယူစရာ**

ကျွန်မအနေနဲ့လည်း ကျွန်မတို့နိုင်ငံအတွက် ရုန်းကန်ရတာ အပင်ပန်းခံရတာ ဂုဏ်ယူစရာလို့ ကျွန်မတို့ သတ်မှတ်ပါတယ်။ ကိုယ့်ရဲ့ဆုံးဖြတ်ချက်အရ၊ ကိုယ့်ရဲ့ဆန္ဒအရ ကိုယ့်နိုင်ငံကို တိုးတက်အောင်လုပ်ဖို့အတွက်၊ ကူညီဖို့အတွက်၊ ထောက်ပံ့ဖို့အတွက် အပင်ပန်းခံတယ်ဆိုတာဟာ အင်မတန်မှ ကျေနပ်စရာကောင်းတဲ့အလုပ်ပါ။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေ အားလုံးပါစေချင်ပါတယ်။ ကျွန်မတို့ ဒီလိုခရီးထွက်တယ်ဆိုရင် ပြည်သူတွေရဲ့ ထောက်ခံမှု၊ ပြည်သူတွေရဲ့ အားပေးမှုဟာ ကျွန်မတို့အတွက် အဓိက အရေးအကြီးဆုံးကိစ္စပါ။ ဒါပေမယ့် ဒီအားပေးမှု၊ ထောက်ခံမှုတွေဟာ မျက်စိစုံမှိတ်ပြီးတော့ ထောက်ခံတာတွေ မဖြစ်စေချင်ပါဘူး။ ဒါကြောင့် ကျွန်မတို့ကနေပြီး ဒီလို ပြည်သူတွေနဲ့ တွေ့ဆုံပွဲတွေ လုပ်တာပါ။ ကျွန်မတို့အစိုးရ ဘာတွေလုပ်နေသလဲဆိုတာ ပြည်သူသိချင်တာတွေကို ကျွန်မတို့ကို တင်ပြနိုင်တဲ့ အခွင့်အရေးရှိပါတယ်။ ပြည်သူတွေရဲ့ စိုးရိမ်မှုတွေ၊ မျှော်မှန်းချက်တွေ၊ လိုအပ်ချက်တွေကို ကျွန်မတို့အနေနဲ့ နားထောင်ပိုင်ခွင့်ရှိပါတယ်။ ကျွန်မတို့ ပြည်သူတွေအနေနဲ့ ကိုယ့်ရဲ့စိုးရိမ်မှုတွေ၊ မျှော်လင့်ချက်တွေကို ပွင့်ပွင့်လင်းလင်း တင်ပြပိုင်ခွင့်ရှိပါတယ်။ အခု ဒီလိုလာတဲ့အခါမှာ ပြည်သူတွေဆီက မေးခွန်းတွေကို ကျွန်မတို့ ဖိတ်ခေါ်ပါတယ်။

အချိန်မရှိလို့ အားလုံးရဲ့မေးခွန်းတွေကို ကျွန်မတို့ လက်မခံနိုင်ဘူးဆိုရင် တိုင်ကြားစာဌာန ရှိပါတယ်။ တိုင်ကြားစာဌာနမှာ ကိုယ်ပြောချင်တာတွေ၊ ကိုယ်တင်ပြချင်တာတွေ၊ ကိုယ်တောင်းဆိုချင်တာတွေကို အားလုံးလွတ်လွတ်လပ်လပ်နဲ့ ကိုယ့်ရဲ့အမည်၊ ကိုယ့်ရဲ့ လိပ်စာနဲ့ တင်ပြပိုင်ခွင့် ရှိပါတယ်။ အမည်နဲ့ လိပ်စာနဲ့ တင်ပြပါလို့ပြောတာက အဓိက အကြောင်းအရင်းက နှစ်ခုပါ။ တစ်ခုက အမည်သိမှ၊ လိပ်စာသိမှ ကျွန်မတို့ တုံ့ပြန်လို့ ရပါလိမ့်မယ်။ နောက်တစ်ခုက ကိုယ်ပြောသင့် ပြောထိုက်တဲ့ကိစ္စကို ကိုယ်မှန်တယ်ထင်လို့ ပြောရင် ပြောရဲရမယ်။ နာမည် ဖုံးဖိထားစရာ မလိုဘူး။ ကိုယ်ဟာ မှန်မှန်ကန်ကန် ပြောနေရင် ကိုယ်ဟာ ဘယ်သူလဲ၊ ဘယ်မှာနေသလဲဆိုတာ ပြောနိုင်ရမယ်။ ပြောရဲရမယ်။ အဲဒါကြောင့် တိုင်စရာရှိရင် အမည်နဲ့လိပ်စာကို အပြည့်အဝထည့်ပါ။ ဆက်သွယ်လို့လည်း ရပါတယ်။ ကိုယ့်ဟာကိုယ် ပြောတဲ့ ကိစ္စဘက်ကနေပြီးတော့ မားမားမတ်မတ် သတ္တိရှိရှိနဲ့ ရပ်တည်နိုင်တယ်ဆိုတာကို ဖော်ပြရာလည်း ရောက်ပါတယ်။

**သုံးသပ်**

ကျွန်မတို့ ဒီပဲယင်းကိုလာတယ်ဆိုရင် ဒီပဲယင်းက ပြည်သူတွေက တင်ပြလာတဲ့ မေးခွန်းတွေ၊ အဆိုပြုချက်တွေဟာ ဒီပဲယင်းနဲ့ သက်ဆိုင်တဲ့ ဟာလား၊ ကျွန်မတို့ တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ ကိစ္စတွေလားဆိုတာကို ကျွန်မတို့က သုံးသပ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ တစ်နိုင်ငံလုံးနဲ့ ဆိုင်တဲ့ကိစ္စတွေဆိုရင် သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေမှာ လိုအပ်ချက်တွေကို တင်ပြလေ့ရှိပါတယ်။ နောက်ပြီး မြေယာပိုင်ဆိုင်မှု၊ လယ်ယာမြေပိုင်ဆိုင်မှု ပြန်ပြီး မူလပိုင်ရှင်တွေဆီကို လွှဲပေးမှု ဒီကိစ္စတွေကလည်း ခဏခဏ တက်လာတာကို ကျွန်မတို့ တွေ့ရပါတယ်။

ဒါကျွန်မတို့ နိုင်ငံတစ်နိုင်ငံလုံးက ရင်ဆိုင်နေရတဲ့ ကိစ္စတွေပါ။ အဲဒါတွေကိုလည်း ကျွန်မတို့အားလုံး ကြိုးစားပြီး ဖြေရှင်းနေပါတယ်လို့ တင်ပြချင်ပါတယ်။ ဥပမာဆိုရင် သောက်သုံးရေရရှိရေးပါ။ သောက်သုံးရေရရှိရေးဟာ ကျွန်မတို့ပြည်သူတွေအတွက် အရေးအကြီးဆုံးပါ။ သောက်သုံးရေ မလုံလောက်တဲ့ ဒေသမှာနေတဲ့ ပြည်သူတွေဆိုရင် သောက်သုံးရေမလုံလောက်ခြင်းရဲ့ ဒုက္ခကို ကောင်းကောင်းကြီး နားလည်ကြတယ်။ အဲဒါကြောင့် သောက်သုံးရေရရှိရေး၊ တစ်နိုင်ငံလုံးမှာ လုံလောက်ရေးကို အဓိကထားတာပါ။

**ပြည်သူတွေအားလုံးက လိုလား**

လမ်းပန်း ဆက်သွယ်ရေးနဲ့ ပတ်သက်လို့ ကျွန်မတို့ ပြည်သူတွေ အားလုံးက ဒီဟာကို လိုလားတယ်။ တောင့်တတယ်။ လိုလည်း လိုအပ်ပါတယ်။ ကျွန်မတို့ ဖွံ့ဖြိုးရေးအတွက်လည်း အရေးကြီးတယ်။ ကျန်းမာရေး၊ ပညာရေးအတွက်လည်း အရေးကြီးတယ်။ လမ်းပန်းဆက်သွယ်ရေး မကောင်းရင် ကျောင်းသွားရတာ ခက်တယ်။ ဆေးရုံသွားရတာခက်တယ် စသဖြင့် အဲဒီလိုအကျိုးဆက်တွေ အမျိုးမျိုးရှိပါတယ်။

လျှပ်စစ်မီးရရှိရေးအတွက်ကတော့ ကျွန်မ အထူးတလည် ပြောဖို့မလိုပါဘူး။ လူတွေကလည်း လျှပ်စစ်မီး ရရှိရေးကို အင်မတန်မှ လိုလားပါတယ်။ တစ်ခုပဲ ကျွန်မ ပြောလေ့ရှိတာက လျှပ်စစ်မီးရတယ်ဆိုတာဟာ ညရောက်ရင် ခလုတ်နှိပ်ပြီး မီးဖွင့်နိုင်တာကို သပ်သပ်စဉ်းစားတာ မဟုတ်ပါဘူး။ လျှပ်စစ်မီးရရှိရေးဆိုတာဟာ ပြည်သူများဟာ ကိုယ့်ဘဝကို ကိုယ်ဖန်တီးတဲ့နေရာမှာ၊ ကိုယ့်ဘဝကိုကိုယ်ကျောင်းတဲ့နေရာမှာ ပိုပြီးတော့ လုပ်ပိုင်ခွင့်ရှိအောင် ဦးတည်တာ ဖြစ်ပါတယ်။

ကျန်းမာရေးနဲ့ ပညာရေးကတော့ ထူးထူးထွေထွေ ကျွန်မပြောဖို့ မလိုပါဘူး။ ဒါပေမယ့် ကျွန်မသတိပြုမိတာကတော့ နောက်ပိုင်းမှာ ကျန်းမာရေးကိစ္စတွေကို ပြည်သူတွေက ပိုပြီးတင်ပြလာပါတယ်။ တင်ပြလာတာကလည်း အခြေခံကျန်းမာရေး မဟုတ်ဘဲနဲ့ ပိုပြီးအဆင့်မြင့်တဲ့ ကျန်းမာရေးလိုအပ်ချက်တွေကို တင်ပြလာတယ်ဆိုတော့ အခြေခံကျန်းမာရေး စောင့်ရှောက်မှုနဲ့ ပတ်သက်လို့ ကျွန်မတို့နိုင်ငံမှာ တိုးတက်မှုရှိတယ်လို့ ကျွန်မတို့ ဒီလိုပဲ သုံးသပ်ရပါတယ်။ အရင် နှစ်နှစ်၊ သုံးနှစ်လောက်ကဆိုရင် အခြေခံလိုအပ်ချက်တွေကို တင်ပြတာ

စာမျက်နှာ ၄ သို့ ☆

## ပြည်တွင်းရေးရာ

☆ စာမျက်နှာ ၃ မှ

များတယ်။ အခုနောက်ပိုင်းကျတော့ ပိုပြီးမြင့်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို တောင်းဆိုကြတာကို ကျွန်မတို့ သတိပြုမိပါတယ်။

အဲဒါကြောင့် ကျွန်မတို့ နိုင်ငံရဲ့ ပြောင်းလဲနေတဲ့ အခြေအနေကို ဒီလို ကျွန်မတို့ ပြည်သူတွေနဲ့ တွေ့ဆုံပွဲ ကနေပြီးတော့ ရောင်ပြန်ဟပ်တယ် ဆိုတာ သတိပြုမိပါတယ်။ ကျွန်မတို့ နိုင်ငံနဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေကို ပြည်သူတွေက တင်ပြတာကို ကျွန်မတို့ ကြိုဆိုပါတယ်။ ဒါပေမယ့် ကိုယ်တစ်ယောက်တည်းအတွက် မဟုတ်ဘဲ၊ ကိုယ့်ရဲ့အကျိုးအတွက် မဟုတ်ဘဲနဲ့၊ ကိုယ့်ရဲ့ ဒေသအတွက်၊ အများအကျိုးအတွက်ကို ဦးတည်ပြီးတော့ မေးခွန်းတွေကို မေးစေချင်ပါတယ်။ အများအကျိုးအတွက် ဦးတည်ပြီး တင်ပြချက်တွေကို တင်ပြစေချင်ပါတယ်။ ကိုယ်တစ်ယောက်တည်းကောင်းဖို့အတွက် မဟုတ်ဘဲနဲ့ ကိုယ့်ရပ်၊ ကိုယ့်ရွာအတွက်၊ ကိုယ့်နိုင်ငံအတွက်ဆိုတဲ့အတွေးနဲ့ တင်ပြစေချင်ပါတယ်”ဟု ပြောကြားသည်။

### မေးမြန်းတင်ပြ

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် ဒေသခံပြည်သူ ၆၉ ဦး အနက်မှ လက်လှုပ်ကျေးရွာအုပ်စု လက်လှုပ်တောင်ရွာမှ ဦးလှမြင့်က မူးကမ်းကြီးကျေးရွာအုပ်စုနှင့် လက်လှုပ်ကျေးရွာအုပ်စုမှ ကျေးရွာချင်းဆက် လမ်းအားကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်တိုးမြှင့်ပေးရေး၊ လက်လှုပ်ကျေးရွာအုပ်စု လက်လှုပ်တောင်ရွာမှ ဦးဖိုးလှိုင်က လက်လှုပ်ကျေးရွာအုပ်စု ကျန်းမာရေးဌာနခွဲအဆင့်မှ အုပ်စုကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ချထားပေးရေး၊ လက်လှုပ်ကျေးရွာအုပ်စု လက်လှုပ်တောင်ရွာမှ ဦးကြံအောင်က မူးကမ်း-လက်လှုပ်တောင် ကျေးရွာချင်းဆက်ဖြစ်သော (၁၃)လက်တန်လမ်းကို ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဖြစ်ခင်းရန်နှင့် ကျေးရွာအတွင်း လျှပ်စစ်မီးလင်းရန်အတွက် ဆောင်ရွက်ပေးရေး၊ လက်လှုပ်ကျေးရွာအုပ်စု လက်လှုပ်တောင်ရွာမှ ဒေါ်သန်းနုက လက်လှုပ်ကျေးရွာအုပ်စုမှ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်မှ အခြေခံပညာ အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ချထားပေးရေး၊ မကျီးစောက်ရွာမှ ဦးမှတ်ရွှင်က RMC လက်ယာတူးမြောင်း ရွှေဂူရေငုတ်ပြွန်အား ထပ်မံဖြည့်စွက်ပေးရေး၊ သရက်ကျင်းရွာမှ ဦးစိန်မင်းက မီးလင်းရေးအတွက် (၄၀၀)ကေဗွီ ဓာတ်အားလိုင်းပြီးစီးပါ၍ ထရန်စဖော်မာနှင့် (၁၁) ကေဗွီလိုင်း ဆောင်ရွက်ပေးရေး၊ မရကန်ရွာမှ ဦးကျော်မြင့်က မရကန်ကျေးရွာအုပ်စု၊ မရကန်အင်ကြင်းပင် အထက်တန်းကျောင်းတွင် လူဦးရေ ၂၀၀ ခန့် ဝင်ဆံ့နိုင်သည့် ခန်းမဆောင် အဆောက်အအုံတစ်ခု အမှန်တကယ် လိုအပ်နေပါသဖြင့် ဆောက်လုပ်ပေးရေး၊ ဆပ်ပြာကျင်းကျေးရွာမှ ဦးဖိုးစိုးကြည်-ဆပ်ပြာကျင်း RMC လမ်းမကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ တနယ်ရွာမှ ဦးကျော်လှိုင်က မရကန်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၀၀၀)မှ လယ်မြေ ၃ ဒသမ ၇၄ ဧကအား မူလပိုင်ရှင်အား လယ်လုပ်ပိုင်ခွင့် ပြန်လည်ရရှိရေး၊ တောက္ကရုပ်ကျေးရွာမှ ဦးတိုး(ခ) ဦးအောင်မြင့်က တောက္ကရုပ်ကျေးရွာအုပ်စုရှိ မူးလက်တံ (၁၅-က) ဆည်မြောင်းပိုင် နယ်နိမိတ်နှင့် ပေ ၇၀၀၀ ကျော်ဝေးသော လယ်မြေကေ ၅၀၀ ကျော်သည် စိုက်ပျိုးရေ အခက်အခဲရှိသဖြင့် စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ပေးရေး၊ တောင်ပြင်ရပ်ကွက်မှ ဒေါ်သင်းသင်းဝေက ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ဒီပဲယင်း မြို့မဈေးကောက်လေလံအား ပယ်ဖျက်ပေးရေး၊ စိုင်ပြင်မြို့မှ ဒေါ်တင်မေရီက ဘိုးဘွားပိုင်မြေများအား တိုးချဲ့ကွက်သစ်ရိုက်ရန် သိမ်းယူခံခဲ့ရပါသဖြင့် နစ်နာဆုံးရှုံးခဲ့ရမှုကို ဖြေရှင်းဆောင်ရွက်ပေးရေး၊ စိုင်ပြင်မြို့မှ ဦးဇော်နိုင်ဦးက ကွင်းအမှတ်(၁၇၃၂)/က၊ ခတောက်အိုင်အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၉) (၃၀) ဧရိယာ ၂ ဒသမ ၄၃ ဧကအား သိမ်းဆည်းခံရမှုအပေါ် လျော်ကြေးငွေ သို့မဟုတ် မြေပြန်လည်ရရှိရေး၊ စိုင်ပြင်မြို့မှ ဦးတင်မျိုးလွင်က ကွင်းအမှတ်(၁၇၃၂)/က၊ ခတောက်အိုင်အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၈) ဧရိယာ၃ ဒသမ ၁၇ ဧကအား သိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ နစ်နာမှုအား ဖြေရှင်းဆောင်ရွက်ပေးရေး၊ သရက်ကောင်းကျေးရွာမှ ဒေါ်အုန်းက သိမ်းဆည်းခံ ဦးမြသန်းပိုင် ယာမြေ ၅ ဒသမ ၂ ဧကအား မူလပိုင်ရှင်လက်ဝယ်ထံ အမြန်ဆုံးစွန့်လွှတ်ပေးရေး၊ စိုင်ပြင်မြို့ အမှတ်(၄)ရပ်ကွက်မှ ဦးကျော်သောင်းက ပြည်သူပိုင်မြေနေရာပေါ်၌ အဆောက်အအုံဆောက်လုပ်ထားခြင်းကိစ္စကို ဖြေရှင်းဆောင်ရွက်ပေးရေး၊ တက်ခေါင်းရွာမှ ဦးဇော်ထွန်းက သိမ်းဆည်းခံမြေယာများမှ စွန့်လွှတ်ရန်ကျန်ရှိသည့် ၃၅ ဧကကို ပြန်လည်စွန့်လွှတ်ပေးရေး၊ တနယ်ရွာမှ ဦးတိုက်ပိုက လယ်ငှား၊ ငွေငှားဖြင့် လယ်ယာမြေ ပေါင်နှံထားခြင်းမှ ပြန်လည်ရွေးယူသည်ကို လက်မခံခြင်းနှင့် ကွင်းဆင်းစစ်ဆေးလေ့လာခြင်း မရှိဘဲ အရှုံးပေးခြင်းကို ပြန်လည်စစ်ဆေးပေးရေးနှင့် ကြခတ်ရွာမှ ဦးမျိုးဝင်းက ပုံစံ(၇) မှားယွင်းထုတ်ပေးခဲ့သည့်အတွက် မြေယာအငြင်းပွားမှုဖြစ်ကာ အဆင့်ဆင့်၏ ဆုံးဖြတ်ချက်သည် တရားမျှတမှုမရှိသည့်အတွက် ဖြေရှင်း ဆောင်ရွက်ပေးရေးတို့ကို မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စိစစ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒီပဲယင်းမြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဒီပဲယင်းမြို့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူလေးများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။

### မေးခွန်းတင်ပြမေးမြန်း

ဆက်လက်၍ ခန်းမအတွင်းနှင့် ခန်းမပြင်ပတို့မှ မေးခွန်းတင်ပြမေးမြန်းလိုသူ ၂၉ ဦးအနက် မဲပေါက်သူ ခြောက်ဦးဖြစ်သည့် ရေဦးမြို့နယ် အောင်သာကျေးရွာအုပ်စု အောင်သာကျေးရွာမှ ဦးငြိမ်းရွှေက ပိုင်ဆိုင်မှုအထောက်အထားများရှိသော်လည်း တရားရုံးမှ တရားပြိုင်အား အနိုင်ပေးမှုကို မကျေနပ်သည့်အတွက် ဖြေရှင်းဆောင်ရွက်ပေးရေး၊ ခင်ဦးမြို့နယ် သရက်ပင်စုကျေးရွာမှ ဒေါ်စန်းစန်းရီက ကိုယ်ထူကိုယ်ထ ကျေးရွာလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာနေမှုကို ဖြေရှင်းဆောင်ရွက်ပေးရေး၊ ဒီပဲယင်းမြို့ ဒီပဲယင်းရပ်ကွက်မှ ဦးလွှမ်းမင်းစိုးက ဒီပဲယင်းမြို့တွင် စည်ပင်သာယာဈေး ပြန်လည်တည်ဆောက်ပေးရေး၊ ဒီပဲယင်းမြို့ ဒီပဲယင်းရပ်ကွက်မှ ဦးသန်းမြင့်က အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဂတိလိုက်စားမှုများကို မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အရေးယူဆောင်ရွက်ပေးရေး၊ ဆည်တောကျေးရွာအုပ်စု ဆုံကုန်းကျေးရွာမှ ဦးငွေအောင်က တိုက်နယ်ဆေးရုံ အမြန်ဆုံးဆောက်လုပ်ပေးရေးနှင့် စိုင်ပြင်မြို့ အမှတ်(၃)ရပ်ကွက်မှ ဒေါ်ကြည်ကြည်မြင့်က သိမ်းဆည်းခံမြေ ၈ ဒသမ ၁၈ ဧကအား ပြန်လည်ရရှိရေး မေးခွန်းများကို မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ကိစ္စတစ်ခုချင်းစီအလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### တိုတိုနဲ့ လိုရင်းပြောတတ်ဖို့

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ကျွန်မတို့ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေ၊ စိုးရိမ်ချက်တွေ၊ ပြဿနာတွေကိုလည်း ကျွန်မတို့ သိရတယ်။ နောက်တစ်ချိန်တည်းမှာပဲ ကျွန်မတို့ ပြည်သူတွေရဲ့ အားနည်းချက်ကိုလည်း ကျွန်မတို့ မြင်ရပါတယ်။ ကျွန်မတို့ဟာ နိုင်ငံ တစ်နိုင်ငံကို တိုးတက်အောင် လုပ်ဖို့ဆိုရင် အကောင်းဘက်ကချည်းပဲ ကြည့်လို့လည်း မရပါဘူး။ ကျွန်မတို့ရဲ့ အားနည်းချက်တွေကိုလည်း ကျွန်မတို့ မြင်ရမယ်၊ ဒီအားနည်းချက်တွေကို ကျွန်မတို့ ဘယ်လိုပြုပြင်မလဲဆိုတာကိုလည်း ကျွန်မတို့ စဉ်းစားရပါလိမ့်မယ်။ ဒီပဲယင်းဘက်ကတော့ အင်မတန်မှ စကားကြွယ်ဝတယ်ဆိုတာ ကျွန်မ သတိပြုမိပါတယ်။ အဲဒါကလည်း ကောင်းတဲ့နေရာမှာ ကောင်းပါတယ်၊ ဒါပေမယ့် တိုတိုနဲ့ လိုရင်း ပြောတတ်ဖို့လည်း ကျွန်မကနေပြီးတော့ တိုက်တွန်းချင်ပါတယ်။ ကိုယ်က တိုတိုနဲ့ လိုရင်းပြောမှ တခြားသူတွေအတွက် ပိုပြီးတော့ အခွင့်အရေး ရပါတယ်။ ကိုယ်တစ်ယောက်တည်းကနေပြီးတော့ ၁၀ မိနစ်ပြောမယ်ဆိုရင် တခြားသူတွေ နှစ်မိနစ် သုံးမိနစ်နဲ့ ပြောရမယ့်လူ ငါးယောက်လောက်က အခွင့်အရေးက လွတ်သွားပါလိမ့်မယ်။ အဲဒီလိုစဉ်းစားဖို့ လိုပါတယ်။

ကျွန်မတို့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ထူထောင်မယ်ဆိုရင် ငါ့အရေးနဲ့အတူ အခြားအရေးကိုလည်း စဉ်းစားရမယ်။ ကိုယ့်အရေးတစ်ခုတည်း စဉ်းစားလို့ မရဘူး၊ အခြားအရေးကိုလည်း စဉ်းစားရမယ်၊ အခြားပုဂ္ဂိုလ်များရဲ့ အရေးကိုလည်း စဉ်းစားရမယ်။ သူတို့ရဲ့ လိုအပ်ချက်တွေကိုလည်း ကျွန်မတို့ကနေပြီးတော့ တန်ဖိုးထားရမယ်၊ နှလုံးသွင်းရမှာ ဖြစ်ပါတယ်။

### တက်ကြွတဲ့စိတ်ဓာတ်ဆိုတာ

ဒီပဲယင်းပြည်သူတွေက တက်ကြွတာကို ကျွန်မသိပ်သဘောကျတယ်။ ဒါပေမယ့် တက်ကြွတဲ့စိတ်ဓာတ်ဆိုတာဟာ အကောင်းဖြစ်နိုင်သလို အဆိုးလည်း ဖြစ်သွားနိုင်ပါတယ်။ တကယ်တက်ကြွတဲ့ စိတ်ဓာတ်ကို မှန်မှန်ကန်ကန် သုံးသွားမယ်ဆိုရင် ကျွန်မတို့ရဲ့နိုင်ငံ တိုးတက်ဖို့အတွက် တွန်းအားတစ်ခုပါပဲ။ ဒါပေမယ့် တက်ကြွတဲ့စိတ်ဓာတ်ကို ကိုယ့်အတွက်ပဲ၊ ကိုယ့်လိုအပ်ချက်အတွက်ပဲ၊ ကိုယ့်ရဲ့အသိုင်းအဝိုင်း၊ ကိုယ့်အဖွဲ့အစည်းလိုအပ်ချက်အတွက်ပဲ သုံးမယ်ဆိုရင် ဒီတက်ကြွတဲ့စိတ်ဟာ အပေါင်းလက္ခဏာမဆောင်ဘဲနဲ့ အနုတ်လက္ခဏာဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့ ဒီတက်ကြွတဲ့ ဒီပဲယင်းပြည်သူလူထုဟာ နိုင်ငံ့အကျိုးအတွက် အမြဲစဉ်းစားပါ။ ကျွန်မတို့ရဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဟာ တကယ်ပဲ စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး ဖြစ်နိုင်ဖို့အတွက် တစ်ယောက်ချင်း တစ်ယောက်ချင်းမှာ ဘာပေးနိုင်သလဲ၊ ဘာလုပ်ပေးနိုင်သလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ အခုဒီမှာ ကိုယ်နဲ့ ပတ်သက်တဲ့ ကိုယ့်ရဲ့အကျိုးနဲ့ ပတ်သက်တဲ့အခါမှာ တင်ပြနိုင်တဲ့ နေရာမှာတော်ရင် အများအကျိုးနဲ့ ပတ်သက်တဲ့ လုပ်ဆောင်တဲ့နေရာမှာလည်း တော်နိုင်တဲ့ အလားအလာရှိပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့အရည်အချင်းတွေကို အားလုံး နိုင်ငံ့အတွက် အဓိကထား သုံးစွဲကြပါလို့ ကျွန်မ ဆော်ဩရင်းနဲ့

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ကျွန်မတို့ ဒီပဲယင်း ပြည်သူ ပြည်သားများ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်”ဟု ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ကြိုဆိုနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ဒီပဲယင်းမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး ရွှေဘိုမြို့သို့ ရောက်ရှိရာ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ရွှေဘိုမြို့ လမ်းဘေးဝဲယာ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူလေးများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေဘိုမြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ကျွန်မတို့ ဒီနေ့အောင်မြေဖြစ်တဲ့ ရွှေဘိုကို လာနိုင်တဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်မတို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်မတို့အခု လမ်းညွှန်စကားပြောဖို့ လာတာမဟုတ်ပါဘူး။ ကျွန်မတို့ဒီလို ခရီးထွက်တဲ့အခါကျရင် ပညာပေး၊ ပညာယူလို့ပဲ ပြောလို့ရပါတယ်။ ပညာပေး၊ ပညာယူဆိုတာ ကျွန်မတို့ အစိုးရအနေနဲ့လည်း ပြည်သူသိစေချင်တာတွေကို ကျွန်မတို့ပြောဖို့အခွင့်အရေးရတယ်၊ ပြည်သူတွေအနေနဲ့လည်း ကျွန်မတို့ သိစေချင်တာတွေကို တင်ပြဖို့ အခွင့်အရေးရတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒါဟာပညာပေး၊ ပညာယူ အစီအစဉ်လို့ပဲ ကျွန်မသတ်မှတ်ပါတယ်။

အခုတစ်နေရာနဲ့ တစ်နေရာသွားတယ်ဆိုရင် ပြည်သူတွေရဲ့လိုအပ်ချက်တွေက တူတာတွေလည်းရှိတယ်၊ မတူတာတွေလည်းရှိတယ်။ ကျွန်မတို့ ပြည်သူကို ပြောချင်တဲ့ စကားတွေကလည်း တစ်ချိန်နဲ့ တစ်ချိန်တူတာတွေလည်းရှိတယ်၊ မတူတာတွေလည်း ရှိပါတယ်။ အခုအချိန်မှာဆိုရင်တော့ ကျွန်မအဓိကအားဖြင့် ကျန်းမာရေးကိစ္စကို အမြဲဦးစားပေးပြီးပြောရပါတယ်။ ဒီလိုကျန်းမာရေးကိစ္စကို ဦးစားပေးပြီး ပြောရတဲ့အကြောင်းကတော့ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးလို့ဖြစ်ပါတယ်။ အများသိနေတဲ့အတိုင်းပဲ အခုဆိုရင် COVID-19 ရောဂါဟာ တစ်ကမ္ဘာလုံးကို ပျံ့နှံ့နေပါတယ်။ အခုထိတော့ ကျွန်မတို့နိုင်ငံမှာ အဲဒီရောဂါဖြစ်တဲ့လူနာကို သတ်သတ်မှတ်မှတ်မတွေ့သေးပါဘူး၊ စောင့်ကြည့်နေတဲ့ အနည်းငယ်သော လူနာများရှိပါတယ်။ စောင့်ကြည့်နေပြီးတော့ အဖြေဘယ်လို ထွက်မလဲဆိုတာကတော့ မသေချာသေးပါဘူး။ ဒီအချိန်မှာ မကူးစက်အောင်လို့ ကျွန်မတို့ အများကြီးသတိထားဖို့လိုပါတယ်။ ဒီရောဂါကူးဖို့ အလွယ်ဆုံးနည်းက တစ်ယောက်ရဲ့လက်ကနေ နောက်တစ်ယောက်ကိုပါပဲ။ ဒါကြောင့်မို့လို့ ပိုးသတ်ဆေးတွေကိုသုံးဖို့၊ လက်ကိုသန့်စင်စေတဲ့ ပိုးသတ်ဆေးများသုံးဖို့၊ နောက်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်တာတွေကို ရှောင်ကြဉ်ဖို့ပြောပါတယ်။ ကျွန်မတို့အနေနဲ့ အခု ရောဂါနဲ့ပတ်သက်ပြီးတော့ ပြည်သူတွေကို သတိထားစေချင်ပါတယ်ဆိုတာကို ထပ်ပြီးတော့ ပြောပါရစေ။ အဲဒါကို ပေါ့ပေါ့ဆဆ မနေပါနဲ့လို့ သတိပေးပါရစေ။

ကျွန်မတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုတော့ပေးရလိမ့်မယ်။ နားလည်မှုပေးမှ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ဒါကလည်း ကျွန်မရတဲ့ပညာတစ်ခုပါပဲ။ တစ်နေရာနဲ့ တစ်နေရာသွားရင် ပရိသတ်ရဲ့ စည်းကမ်းသေသပ်မှုဟာ မတူပါဘူး။ တချို့ပရိသတ်တွေက အင်မတန်မှ စည်းကမ်းရှိပါတယ်။ တချို့ပရိသတ်တွေကတော့ နည်းနည်းတက်ကြွတယ်လို့ပဲပြောရမှာပါ။ စည်းကမ်းရှိတာ ထက်ပိုပြီးတော့ တက်ကြွတဲ့ဘက်က များပါတယ်။ အဲဒီတော့ ဘာပဲပြောပြော ဒါဟာ ချိန်ခွင်လျှာညီမျှဖို့လိုပါတယ်။ ကျွန်မတို့က စည်းကမ်းလည်း ရှိရမယ်၊ တက်ကြွတဲ့ စိတ်လည်းရှိရမယ်၊ ဒါမှကျွန်မတို့နိုင်ငံရဲ့ တိုးတက်ရေးအတွက် အားလုံးဝိုင်းပြီးတော့ ပါဝင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်မပြည်သူတွေနဲ့ တွေ့တဲ့အခါကျရင် ပညာပေး၊ ပညာယူဆိုတာ တစ်ချိန်လုံးလည်း ပညာပေးနေရတယ်၊ ပြည်သူတွေရဲ့ လုပ်ပုံကိုင်ပုံတွေကိုလည်း ကြည့်ပြီးတော့ ပညာယူနေရတယ်။ ကျွန်မတို့ ဒီလိုပြည်သူတွေရဲ့ တင်ပြချက်တွေနဲ့ ပတ်သက်ပြီးတော့ အစိုးရကဘယ်ဘက်ကနေ ဖြည့်ဆည်းပေးရမယ် ဆိုတာလည်း ကျွန်မတို့ သဘောပေါက်ပါတယ်။ ဥပမာဆိုရင် ဥပဒေနဲ့ပတ်သက်လို့ ကျွန်မတို့ရဲ့ ပြည်သူလူထုတွေအနေနဲ့ နားလည်မှုက နည်းနည်းအားနည်းနေတယ်ဆိုတာ ကျွန်မသတိပြုမိပါတယ်။ အထူးသဖြင့်ဆိုရင် မြေပိုင်ဆိုင်မှုနဲ့ ပတ်သက်တဲ့ဥပဒေတွေ၊ ညွှန်ကြားချက်တွေကို ပြည်သူလူထုတွေက ရှင်းပုံမရပါဘူး။ အဲဒါကြောင့် ကျွန်မတို့ ပြည်သူလူထု နားလည်နိုင်အောင်လို့ အစီအစဉ်တွေကို လုပ်ပေးဖို့ စီစဉ်ပေးပါ့မယ်။ ကျွန်မတို့က တရားဥပဒေစိုးမိုးရေး ဖြစ်စေချင်တယ်ဆိုရင် ဥပဒေအကြောင်း နားလည်ဖို့တော့ အင်မတန်မှ အရေးကြီးပါတယ်။ အခြေခံအားဖြင့် ကျွန်မတို့ပြည်သူလူထုအားလုံးဟာ ဥပဒေဟာ ဘာအတွက်လဲဆိုတာကို ပထမဦးဆုံး နားလည်ရမှာပါ။

အဓိကကတော့ ဥပဒေက ရပ်ရွာတည်ငြိမ်အေးချမ်းဖို့ပါပဲ။ ဒီလိုမြေပိုင်ဆိုင်မှုနဲ့ပတ်သက်တဲ့ ဥပဒေဆိုတာလည်း ဒီသဘောပါပဲ။ မြေတစ်ကွက်ကို လူနှစ်ယောက်က ပိုင်ပါတယ်လို့ပြောရင် သူတို့တစ်ယောက်နဲ့တစ်ယောက် လက်သီးနဲ့ထိုး၊ ဓားနဲ့ခုတ်ပြီးတော့ ဖြေရှင်းမယ့်အစား တရားလမ်းကြောင်းအရ ဖြေရှင်းတာက ပိုပြီးတော့ ငြိမ်သက်တယ်၊ ပိုပြီးတော့ ပြည်သူတွေအတွက်လည်း အနာသက်သာပါတယ်။ ဒါကြောင့် ဥပဒေတွေကို ထုတ်တာပါ။ ဥပဒေတွေဟာ အမြဲတမ်းမှန်သလားဆိုတော့ မမှန်ပါဘူး။ ဥပဒေဆိုတာ ထာဝရမဟုတ်ပါဘူး။ ဥပဒေဆိုတာ ပြည်သူလူထုကနေ၊ လူသားများကနေ တီထွင်ထားတဲ့ ဥပဒေတွေဖြစ်ပါတယ်။ လူသားတွေကနေ ရေးဆွဲပြီးတော့ လက်ခံထားတဲ့ ဥပဒေတွေ ဖြစ်ပါတယ်။

ခေတ်နဲ့မဆီလျော်ရင် ဒီဥပဒေတွေကို ပြောင်းသင့်ပြောင်းရပါတယ်။ တစ်ခါတလေလည်း ဥပဒေကို ပယ်ဖျက်ရတယ်၊ တစ်ခါတလေ ဥပဒေကို ပြောင်းရတယ်၊ တစ်ခါတလေ ဥပဒေကို ဖြည့်စွက်ရတယ်။

**ဥပဒေဆိုတာ ပြည်သူလူထုကနေ၊ လူသားများကနေ တီထွင်ထားတဲ့ ဥပဒေတွေဖြစ်ပါတယ်။ လူသားတွေကနေ ရေးဆွဲပြီးတော့ လက်ခံထားတဲ့ ဥပဒေတွေ ဖြစ်ပါတယ်။ ခေတ်နဲ့မဆီလျော်ရင် ဒီဥပဒေတွေကို ပြောင်းသင့်ပြောင်းရပါတယ်။**

အဲဒီလိုနည်းတွေနဲ့ ဥပဒေဆိုတာ ရှင်သန်နေအောင်လို့ ကျွန်မတို့ လုပ်ရပါတယ်။ ဥပဒေရှင်သန်ခြင်းဆိုတာ ခေတ်ရဲ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီခြင်းပဲဖြစ်ပါတယ်။ ခေတ်ရဲ့ လိုအပ်ချက်တွေနဲ့ မကိုက်ညီတဲ့ ဥပဒေဆိုတာ မရှင်သန်နိုင်ပါဘူး။ အဲဒီတော့ ကျွန်မတို့ရဲ့ နိုင်ငံမှာ မြေပိုင်ဆိုင်မှုနဲ့ပတ်သက်လို့၊ မူလပိုင်ရှင်ကို မြေပြန်ပြီးတော့ ပေးတဲ့ကိစ္စနဲ့ပတ်သက်လို့၊ မြေလွတ်မြေရိုင်းတွေကို ပုဂ္ဂလိကပိုင်အဖြစ် ချပေးတာနဲ့ပတ်သက်လို့ အဲဒါတွေ အားလုံးအတွက် ဥပဒေတွေရှိပါတယ်။

ဥပဒေဆိုတာတော့ အမျိုးမျိုးရှိတယ်။ ဒီဥပဒေတွေ ရှင်သန်ဖို့ဆိုတာဟာ ဥပဒေပြုမဏ္ဍိုင်ဆိုတာ လွှတ်တော်ကို ပြောတာပါ။ ဥပဒေတွေကို ပြဋ္ဌာန်းပြီးတော့ ဥပဒေတွေ အတည်ဖြစ်ဖို့ နိုင်ငံတစ်နိုင်ငံမှာ ဥပဒေစိုးမိုးမှု ဆိုတာ လွှတ်တော်က လုပ်ရတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ကဏ္ဍက အင်မတန်မှ အရေးကြီးတယ်။ ပြည်သူတွေရဲ့ဘဝတွေကို လွှမ်းခြုံမယ့် ဥပဒေတွေကို လွှတ်တော်ကနေ ပြဋ္ဌာန်းရတာဖြစ်ပါတယ်။

**အုပ်ချုပ်ရေးမဏ္ဍိုင်**

အုပ်ချုပ်ရေးမဏ္ဍိုင်ဆိုတာကတော့ အစိုးရဖြစ်ပါတယ်။ အစိုးရကတော့ ဒီနိုင်ငံရဲ့ နိစ္စဓူဝလုပ်ငန်းတွေကို ဦးစီးပြီးတော့ ဆောင်ရွက်ရတယ်၊ အကောင်အထည်ဖော်ရတယ်၊ ဥပဒေဘောင်အတွင်းကပဲ လုပ်ရတယ်။ အစိုးရတစ်ခုဆိုတာလည်း ဥပဒေကိုချိုးဖောက်လို့ မရပါဘူး။ ဒါကြောင့် အဆိုရှိတာက ဥပဒေအထက်မှာ ဘယ်သူမှမရှိဘူးဆိုတာဟာ ဥပဒေရဲ့အထက်မှာ နိုင်ငံမှာရှိတဲ့ အင်မတန်မှ အင်အားအနည်းဆုံးပုဂ္ဂိုလ်ကလည်း ဥပဒေအထက်မှာ မရှိနိုင်ဘူး။ သူအင်အားနည်းလို့ သနားပါတယ်၊ ဥပဒေက လွတ်ကင်းခွင့်ပေးမယ်ဆိုပြီး အဲဒီလိုလည်း ဥပဒေက ထားလို့မရဘူး။ တရားရုံးကတော့ သနားကြင်နာသောအားဖြင့် တစ်ခါတလေ လျှော့ပေးလို့ရတယ်။ အဆိုတစ်ခုရှိပါတယ်၊ တရားဥပဒေမှန်ကန်ခြင်းကို အကြင်နာတရားနဲ့ ထိန်းရမယ်တဲ့၊ အမြဲပဲတရားဥပဒေအရသာ လုပ်မယ်၊ ပြည်သူတွေအပေါ်မှာ အကြင်နာတရားမရှိဘူးဆိုရင် သိပ်ပြီးတော့ အစွန်းထွက်ပြီးတော့ ကြမ်းတမ်းရာရောက်ပါလိမ့်မယ်။ သိပ်ပြီးတော့ အကြင်နာလွန်ပြီးတော့ ဥပဒေချိုးဖောက်တာကိုလည်း အမြဲပဲခွင့်ပြုတယ်၊ ခွင့်လွှတ်တယ်ဆိုရင်လည်း ကျွန်မတို့ဟာ စည်းကမ်းထိန်းလို့မရဘူး။ ဥပဒေမဲ့နိုင်ငံ ဖြစ်သွားမယ်ဆိုရင် အင်မတန်မှ ပြည်သူတွေရဲ့ တည်ငြိမ်မှု၊ လုံခြုံမှုကို ထိခိုက်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာက ဥပဒေပိုင်းဆိုင်ရာဖြစ်တဲ့ လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေကို အကောင်အထည်ဖော်ဖို့ တာဝန်ရှိတယ်။ ဒီအုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ အစိုးရအဖွဲ့များဟာ ဒီဥပဒေတွေကို လိုက်နာရမှာဖြစ်ပါတယ်။

**တရားစီရင်ရေးမဏ္ဍိုင်**

နောက်ပြီးတော့ တရားစီရင်ရေးမဏ္ဍိုင်ဆိုတာရှိပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ဆိုတာ အကြမ်းဖျဉ်းပြောရင် တရားရုံးတွေကနေတစ်ဆင့် ဥပဒေတွေအရ မှန်သည်၊ မှားသည်ဆိုပြီးတော့ ဥပဒေကို စစ်ပြီးတော့လုပ်တဲ့ကိစ္စဖြစ်ပါတယ်။ ဥပဒေဆိုတာဟာ တစ်ခါတလေ အဓိပ္ပာယ်ဖော်ပုံက အမျိုးမျိုးရှိနိုင်တယ်။ ဒီတော့ တရားသူကြီးတွေ၊ တရားရုံးတွေဆိုတာ ဥပဒေရဲ့ အဓိပ္ပာယ်ကို ဖော်ပြီးတော့ တက်လာတဲ့အမှုတွေကို စိစစ်ရတယ်။ ဘယ်ဘက်က မှန်တယ်ဆိုတာကို ဆုံးဖြတ်ရတယ်။ အဲဒီတော့ တရားရုံးက တရားသူကြီးတိုင်းဟာ သူတို့ဆုံးဖြတ်ချက်တွေ အားလုံးမှန်သလားဆိုတော့ ဒါကတော့မဖြစ်နိုင်ဘူးဆိုတာကို လက်ခံကြရပါတယ်။ ဒီတရားရုံးက တရားသူကြီးတွေဆိုတာလည်း ရိုးရိုးပုထုဇဉ် လူသားတွေပဲ။ အမြဲအမှားမရှိဘူးဆိုတာတော့ မဖြစ်နိုင်ဘူး။ ဒါကြောင့် အယူခံတက်နိုင်တယ်ဆိုတဲ့ ကိစ္စတွေ ရှိတာပါ။ ဒီအောက်ဆုံးရုံးက ဆုံးဖြတ်ချက်ကို အမှုသည်က မကျေနပ်ရင် တစ်ဆင့်တစ်ဆင့်နဲ့ အယူခံဝင်ပြီးတော့ သွားလို့ရတယ်။ ဒါပေမယ့် နောက်ဆုံး အမြင့်ဆုံးတရားရုံးကနေ ဆုံးဖြတ်ချက်ချသွားပြီးပြီဆိုရင်တော့ လက်ခံရတယ်။ ဒါဟာ တရားဥပဒေစိုးမိုးရေးပဲ။

**အရေးအကြီးဆုံး**

ဒီတော့ တရားရေးမဏ္ဍိုင်ကရော အဂတိလိုက်စားမှုမရှိဘူးလားဆိုတော့ တရားရေးမဏ္ဍိုင်တွေထဲမှာ အဂတိလိုက်စားမှု ရှိခဲ့တာတွေလည်း တစ်ကမ္ဘာလုံးမှာ ရှိပါတယ်။ တစ်ချိန်လုံး ဒါတွေဟာ ထိန်းသိမ်းသွားရတယ်။ ဒီဟာကို ထိန်းဖို့ဆိုရင် ဘယ်သူက အရေးအကြီးဆုံးလဲဆိုရင် နောက်ဆုံးကျတော့ ကျွန်မတို့ပြည်သူတွေက အရေးအကြီးဆုံးပဲ။ ကျွန်မတို့ ပြည်သူတွေရဲ့ ပညာအမြော်အမြင် စိတ်ထားမှန်ကန်မှုနဲ့သာလျှင် ဒီမဏ္ဍိုင်ကြီး သုံးခုရထားပါတယ်။ မှန်မှန်ကန်ကန် ဆက်ပြီးတော့လည်းသွားဖို့ လိုအပ်ပါတယ်။ ဒီမဏ္ဍိုင်ကြီး သုံးရပ်မှာပါတဲ့ ပုဂ္ဂိုလ်များအားလုံးကလည်း ကျွန်မတို့ ပြည်သူတွေထဲကပါပဲ။

ဒါကြောင့် ကျွန်မတို့ လွှတ်တော်က လွှတ်တော်ကိုယ်စားလှယ်တွေပဲဖြစ်ဖြစ်၊ အစိုးရအဖွဲ့ဝင်တွေပဲဖြစ်ဖြစ်၊ ဒီတရားရေးမဏ္ဍိုင်က တရားသူကြီးတွေနဲ့ တရားရေးဆိုင်ရာ ဝန်ထမ်းတွေပဲဖြစ်ဖြစ် အားလုံးဟာ ကျွန်မတို့ရဲ့ ပြည်သူတွေပဲဖြစ်တယ်။ အားလုံးဟာ မှားနိုင်သလို မှန်နိုင်တယ်။ မှန်နိုင်သလို မှားနိုင်တယ်။ အားလုံးဟာ အကောင်းဆုံးဖြစ်အောင်လို့ ကြိုးစားသွားရမယ်။ ဒီတော့ ဘယ်ကနေ စကြိုးစားရမလဲဆိုတော့ ကျွန်မတို့ အောက်ခြေကနေ စကြိုးစားရမယ်။ အောက်ခြေဆိုတာ အောက်ခြေလူတန်းစား အတန်းအလွှာကို ပြောတာမဟုတ်ဘူး။ ငယ်စဉ်ကတည်းက ကြိုးစားသွားရမယ်ဆိုတာ ပြောတာ ဖြစ်ပါတယ်။

အခု ဒီရှေ့မှာဆိုရင် ကလေးတွေရှိတယ်။ ငယ်စဉ်ကတည်းက မှန်မှန်ကန်ကန်လုပ်ချင်တဲ့ စိတ်ဓာတ်၊ မှန်မှန်ကန်ကန် လုပ်ရဲတဲ့စိတ်ဓာတ် ရှိရမယ်။ မှန်မှန်ကန်ကန်လုပ်ချင်တဲ့ စိတ်ဓာတ်ရှိရုံနဲ့ မလုံလောက်ဘူး။ ဘယ်ဟာက မှန်သလဲ၊ ဘယ်ဟာက လုပ်သင့်သလဲဆိုတာ သိပေမယ့်လည်း ကြောက်လို့မလုပ်တာ၊ ပျင်းလို့မလုပ်တာ၊ မလွယ်လို့ မလုပ်တာ၊ ခက်လို့မလုပ်တာဆိုရင်လည်း ဒါဟာအရာမရောက်ဘူး၊ ထိရောက်မှုမရှိဘူး။ ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတစ်ခုဟာ ဘာလဲဆိုတာ ပထမ ဆုံးဖြတ်နိုင်ဖို့က အရေးကြီးပါတယ်။ ဒါဟာ ပညာပါပဲ။

ဒါကြောင့် ကျွန်မတို့ပြည်သူတွေဟာ တကယ်ပဲ ကိုယ့်နိုင်ငံကို တိုးတက်စေချင်တယ်ဆိုရင် ဒီပညာကိုရှာပါ။ နိုင်ငံ့အတွက်အကောင်းဆုံး ဘာလုပ်ပေးနိုင်သလဲဆိုတဲ့ မေးခွန်းကို ကိုယ့်ကိုယ်ကိုယ်မေးပါ။ တခြားလူတွေဘာလုပ်ပေးနိုင်သလဲဆိုတာကို မကြည့်ပါနဲ့။ ကျွန်မတို့ တချို့နေရာတွေမှာ သွားရင် အစိုးရက ဒါမလုပ်ပေးဘူးလား၊ ဟိုဟာမလုပ်ပေးဘူးလားဆိုတာ မေးပါတယ်။ အစိုးရကလုပ်ပေးရမယ့်တာဝန်ရှိရင် ဒါလုပ်ပေးရမယ်ဆိုတာ ကျွန်မတို့ လက်ခံတယ်။ ဒါကျွန်မတို့ကို သတိပေးတဲ့အတွက်လည်း ကျေးဇူးတင်တယ်။ အစိုးရကလုပ်ပေးရမယ့် ကိစ္စပါ။ အစိုးရမှာ တာဝန်ရှိတယ်ဆိုတာ သတိပေးတယ်ဆိုတာ ကျွန်မတို့ အကျိုးအတွက်ဖြစ်တယ်။

စာမျက်နှာ ၆ သို့ ☆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေဘိုမြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၅ မှ

အစိုးရရဲ့ ဂုဏ်သိက္ခာအတွက် ဖြစ်တယ်။ ဒါပေမယ့်လည်း တချို့ကိစ္စတွေမှာ ပြည်သူတွေက ကိုယ်တိုင်လုပ်ရမယ်ဆိုတာကို မေ့နေပုံရပါတယ်။ အဲဒါကို မမေ့ပါနဲ့။ ကိုယ့်အစိုးရဟာ ကိုယ့်အတွက်၊ ကိုယ့်နိုင်ငံအတွက်ဖြစ်စေချင်ရင် ကိုယ်ကိုယ်တိုင်က ကိုယ်တတ်နိုင်သမျှလုပ်တဲ့ ပြည်သူလူထုတွေဖြစ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။

**ကိုယ့်ကိုယ်ကိုယ် သုံးသပ်**

ကျွန်မတို့နိုင်ငံက ချမ်းသာတဲ့နိုင်ငံမဟုတ်ပါဘူး။ ချမ်းသာတဲ့နိုင်ငံမဟုတ်ပေမယ့် ကျွန်မတို့မှာ အခွင့်အရေးတွေ အများကြီးရှိပါတယ်။ ဖြစ်နိုင်ခြေတွေအများကြီးရှိပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရကတည်းက နိုင်ငံတကာက ဘယ်လိုသုံးသပ်ခဲ့သလဲဆိုတော့ ဖြစ်နိုင်ခြေတွေအများကြီးရှိတဲ့ နိုင်ငံတဲ့။ ဖြစ်နိုင်ခြေတွေရှိပြီးတော့ ဒီဖြစ်နိုင်ခြေတွေကို အကောင်အထည် မဖော်နိုင်သေးတဲ့နိုင်ငံလို့လည်း ပြောပါတယ်။ ဘာဖြစ်လို့ ကျွန်မတို့မှာ ဖြစ်နိုင်ခြေတွေရှိပြီးတော့ အကောင်အထည်တွေ မဖော်နိုင်သေးတာလဲ။ ကျွန်မတို့ရဲ့ ကြိုးစားအားထုတ်မှုက ဘယ်နေရာမှာ လိုနေတာလဲဆိုတာ ပထမဦးဆုံး ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ သုံးသပ်ရပါတယ်။ တစ်ယောက်ချင်းတစ်ယောက်ချင်းက ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ သုံးသပ်ဖို့ လိုပါတယ်။

လူတစ်ယောက်ဟာ ဘယ်လောက်ရင့်ကျက်သလဲဆိုတာ တခြားသူတွေအတွက် ဘယ်လောက်စဉ်းစားနိုင်သလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ တချို့တွေက အသက်သာကြီးသွားတယ်။ ဘယ်လိုမှ မရင့်ကျက်လာဘူး။ ကိုယ့်တစ်ယောက်တည်း အတွက်ပဲ စဉ်းစားတဲ့ အလေ့အကျင့်ကနေပြီးတော့ ဖောက်ထွက်လို့မရဘူး။

အဲဒီတော့ ကျွန်မတို့ရဲ့ပြည်သူတွေကို နိုင်ငံကြီးသားပီသစေချင်တယ်။ နိုင်ငံကြီးသားဆိုတာကလည်း ကျွန်မသတိပေးလေ့ရှိပါတယ်။ ချမ်းသာတဲ့နိုင်ငံက နိုင်ငံသူနိုင်ငံသားတွေမှ နိုင်ငံကြီးသားမဟုတ်ပါဘူး။ အင်မတန်မှ ပထဝီအရ ကျယ်ပြန့်တဲ့နိုင်ငံက နိုင်ငံသူ နိုင်ငံသားတွေမှ နိုင်ငံကြီးသားမဟုတ်ပါဘူး။ နိုင်ငံကြီးသားဆိုတာ နိုင်ငံကြီးသားစိတ်ဓာတ် မြင့်မြတ်တဲ့၊ ပြည့်ဝတဲ့၊ ရင့်ကျက်တဲ့စိတ်ဓာတ်ရှိတာဟာ နိုင်ငံကြီးသားပီသမှုပါပဲ။ ကျွန်မတို့ ပြည်သူတွေကို ကြိုးစားပါလို့ ကျွန်မ အနေနဲ့ဆော်ဩချင်တယ်။ တိုက်တွန်းချင်တယ်။ ကျွန်မတို့ပြည်သူတွေကို ကျွန်မယုံကြည်မှုလည်းရှိတယ်။ ဖြစ်လည်းဖြစ်မြောက်စေချင်တယ်။ ဒါကြောင့်မို့ နည်းနည်းစည်းကမ်းမရှိဘူး။ လုပ်ပုံကိုင်ပုံမဟုတ်ဘူးဆိုရင် ကျွန်မလုံးဝ အားမရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ပြည်သူတွေမှာ ဖြစ်နိုင်ခြေတွေက အကောင်းဖြစ်နိုင်ခြေတွေ ဒီလောက်များများရှိရဲ့သားနဲ့ ဒီဟာတွေကို ဘာဖြစ်လို့အကောင်အထည် မဖော်နိုင်တာလဲဆိုပြီးတော့ ကျွန်မတစ်ခါတလေဆိုရင် မကျေမနပ်ဖြစ်ပါတယ်။ ဒါကြောင့် ကြိုးစားကြပါ။ ကျွန်မတို့ဟာ အမြဲနေသွားမယ့်လူတွေမဟုတ်ပါဘူး။ အနိစ္စတရားအရ တစ်နေ့တစ်ချိန်အခါမှာ ရှိတော့မှာမဟုတ်ပါဘူး။ ဒါပေမယ့် ထားခဲ့တဲ့အမွေအနှစ်တွေက နောင်လာနောက်သားတွေ ခေတ်အဆင့်ဆင့် ခေတ်အဆက်ဆက်အတွက် တန်ဖိုးရှိတဲ့ အမွေအနှစ်တွေပဲ ဖြစ်စေချင်ပါတယ်။

ကျွန်မတို့ထားခဲ့တဲ့ အမွေအနှစ်တွေကြောင့်မို့ နောင်လာနောက်သားတွေက ဒုက္ခရောက်ရတယ်၊ စိတ်ထားသေးသိမ်ရတယ်၊ စိတ်ဓာတ်နိမ့်ကျရတယ်၊ နေပုံထိုင်ပုံအဆင့်အတန်း နိမ့်ကျရတယ်ဆိုတာတွေ မဖြစ်စေချင်ပါဘူး။

ကျွန်မတို့ပြည်သူတွေ ကြိုးစားကြပါ။ ကိုယ့်ခေတ်မှာသာ ကိုယ်ပိုင်တာ။ ပညာရှင်တစ်ဦးက ပြောဖူးပါတယ်။ နောက်ဆုံးကျတော့ ကိုယ်လုပ်နိုင်တာ တစ်ခုပဲရှိတယ်တဲ့။ ကိုယ့်မှာရထားတဲ့အချိန်ကို ကိုယ်ဘယ်လိုသုံးမလဲဆိုတာ အဲဒီဆုံးဖြတ်ပိုင်ခွင့်တစ်ခုပဲရှိတယ်။ အဲဒီတော့ ကိုယ်ရထားတဲ့အချိန်တွေကို မှန်မှန်ကန်ကန်သုံးပါ။ အခုကျွန်မတို့ ဒီအချိန်မှာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လိုတဲ့အချိန်မှာ နိုင်ငံသူနိုင်ငံသားများဖြစ်နေတဲ့ ကျွန်မတို့ ပြည်သူ ပြည်သားများ ဒီအချိန်ကို ထိုက်ထိုက်တန်တန်နဲ့ နိုင်ငံအတွက်သုံးပါ။ နောင်လာနောက်သားတွေအတွက် အဖိုးဖြတ်လို့မရတဲ့ အမွေတွေကို ထားပစ်ခဲ့ပါလို့ မေတ္တာရပ်ခံချင်ပါတယ်'' ဟု ပြောကြားသည်။

**လူတစ်ယောက်ဟာ ဘယ်လောက်ရင့်ကျက်သလဲဆိုတာ တခြားသူတွေအတွက် ဘယ်လောက်စဉ်းစားနိုင်သလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။**

**ကျွန်မတို့ရဲ့ပြည်သူတွေကို နိုင်ငံကြီးသားပီသစေချင်တယ်။ နိုင်ငံကြီးသားဆိုတာကလည်း ကျွန်မသတိပေးလေ့ရှိပါတယ်။ ချမ်းသာတဲ့နိုင်ငံက နိုင်ငံသူနိုင်ငံသားတွေမှ နိုင်ငံကြီးသား မဟုတ်ပါဘူး။ အင်မတန်မှ ပထဝီအရကျယ်ပြန့်တဲ့နိုင်ငံက နိုင်ငံသူ နိုင်ငံသားတွေမှ နိုင်ငံကြီးသားမဟုတ်ပါဘူး။ နိုင်ငံကြီးသားဆိုတာ နိုင်ငံကြီးသားစိတ်ဓာတ် မြင့်မြတ်တဲ့၊ ပြည့်ဝတဲ့၊ ရင့်ကျက်တဲ့စိတ်ဓာတ်ရှိတာဟာ နိုင်ငံကြီးသားပီသမှုပါပဲ။**

**တင်ပြမေးမြန်း**

ယင်းနောက် တွေ့ဆုံပွဲသို့ ကြိုတင် တင်ပြမေးမြန်းထားသည့် ရွှေဘိုမြို့နယ် ချောင်းဆုံကျေးရွာမှ ဦးညွှန့်ဝင်းက ချောင်းဆုံကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်း ရရှိရေး၊ အုတ်ရှစ်ကန်ကျေးရွာမှ တောင်သူဦးမြင့်အောင်က သိမ်းဆည်းလယ်ယာမြေအတွက် နစ်နာကြေးရရှိအောင်ဆောင်ရွက်ပေးရေး၊ တည်ပင်(ရ) ကျေးရွာမှ ဦးသန်းထွန်းက တည်ပင်(ရ) ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောင်ရွက်ပေးရေး၊ ကုလားမကျေးရွာမှ ဦးကြည်မင်းက ပုံစံ(၇)ရရှိနိုင်ရေးအတွက် ပုံစံ(၁)ဖြင့် လျှောက်ထားသော်လည်း မရရှိသည့်အတွက် ရရှိအောင်ဆောင်ရွက်ပေးရေး၊ ကုလားမကျေးရွာမှ ဦးကြည်က ကျေးလက်ကျန်းမားရေးဆေးပေးခန်း ဆောင်ရွက်ပေးရေး၊ ရုံးတောကျေးရွာအုပ်စုမှ ဦးစိန်သန်းက ရုံးတောကျေးရွာအုပ်စု၌ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးနိုင်ရေး၊ အမှတ်(၁)ရပ်ကွက်မှ ဦးရွှေဘော်က ၎င်းပိုင်လယ်မြေများအတွင်း ငါးကန်များ လာရောက်ကျူးကျော်ဆောက်လုပ်နေမှုအား ဖြေရှင်းဆောင်ရွက်ပေးရေး၊ ဘုတ်ကုန်းကျေးရွာမှ တောင်သူ ဦးညိုထွန်းက ဘုတ်ကုန်းကျေးရွာ ကျန်းမာရေးဆေးပေးခန်းဆောင်ရွက်ပေးနိုင်ရေး၊ နှမစားကျေးရွာမှ ဦးသန်းတင့်က နှမစားကျေးရွာမှ တောင်သူများလုပ်ကိုင်စားသောက်နေသည့် ဇီးဖြူကုန်းကွင်းမှ သိမ်းဆည်းထားသည့်လယ်မြေ ၂၄၀ ဒသမ ၄၃ ဧကအား ပြန်လည်ရရှိရေး၊ ဆိပ်သာကျေးရွာမှ ဦးစိန်ဝင်းက ဆိပ်သာကျေးရွာ၊ မအူကျေးရွာနှင့် သာယာအေးကျေးရွာတို့မှာ မဟာလျှပ်ခတ်အားလိုင်းနှင့်ခြောက်မိုင်သာ ဝေးသည့်အတွက် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးရေး၊ ကျားကျေးရွာမှ ဦးအေးဝမ်းက ကျားကျေးရွာအတွက် မီးသတ်ယာဉ်တစ်စီးနှင့် ရေသယ်ယာဉ်တစ်စီးဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ကော့ကျေးရွာ ကျောင်းကော်မတီအဖွဲ့မှ ဦးညွှန့်ဝင်းက ကော့ကျေးရွာ အလယ်တန်းကျောင်း အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရေး၊ ချီပါကျေးရွာမှ ဦးမြင့်သိန်းက ပလိုင်းကျေးရွာအုပ်စုတွင် ပါဝင်နေသော မဲတောကျေးရွာခွဲအား ချီပါကျေးရွာအုပ်စုအတွင်း ထည့်သွင်းသတ်မှတ်ပေးရေး၊ အမှတ်(၁၀)ရပ်ကွက်မှ ဦးမြင့် အောင်က ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် အရှေ့ပိုင်းအား မဟာနန္ဒာကန်မှ ရေသုံးစွဲခွင့်ရရှိအောင် ဆောင်ရွက်ပေးရေး၊ ခွန်တောင်းကြီးကျေးရွာမှ ဦးမျိုးမြင့်အောင်က ခွန်တောင်းကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦတည်ရှိနေပါလျက် ၎င်းမြေကွက်အား ကျေးရွာအုပ်ချုပ်ရေးမှူးက ရောင်းချလိုက်ခြင်း၊ ကျန်းမာရေး ဆေးပေးခန်းအား ဖျက်ဆီးပြီး နေအိမ်ဆောက်ခြင်းမှာ တရားဝင်ခွင့်ပြုမိန့် ရှိ၊ မရှိ မေးခွန်းများနှင့်စပ်လျဉ်း၍လည်းကောင်း။

ခန်းမအတွင်းနှင့် ခန်းမအပြင်တို့မှ မေးမြန်းတင်ပြလိုသူ ၂၂ ဦး အနက် မဲပေါက်သူ ခြောက်ဦးဖြစ်သည့် အမှတ်(၅)ရပ်ကွက်မှ ဒေါ်ရီဝင်းက ၎င်းပိုင်မြေကွက်အား ဝင်ရောက်ကျူးကျော် ဆောက်လုပ်နေမှုအား ဖြေရှင်းပေးရေး၊ မြောင်းကြီးကျေးရွာမှ ဒေါ်ထွေးက သိမ်းဆည်းခံမြေအတွက် လျော်ကြေးရရှိရေး၊ အမှတ်(၁၀)ရပ်ကွက်မှ ဦးတင်အောင်ကျော်က အမှတ်(၁၀)ရပ်ကွက်ရှိ တံတားအား ပြန်လည်ပြုပြင်ပေးရေး၊ ဘုတ်ကုန်းကျေးရွာမှ ဦးမြသောင်းက ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးရွာပိုင်မြေကို ရောင်းချထားမှုအား ဖြေရှင်းပေးရေး၊ ကုလားမကျေးရွာမှ ဦးဖုန်းကျော်က ကုလားမကျေးရွာအုပ်စု၌ ကျေးလက်ကျန်းမားရေးဌာနခွဲ ဆောင်ရွက်ရေး၊ အမှတ်(၁)ရပ်ကွက်မှ ဒေါ်ခင်အုန်းမြင့်က ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေအား မည်သည့်အချိန်နှင့် မည်သည့်အခြေအနေတွင် ပြင်ဆင်နိုင်မည်ဆိုသည်အား သိရှိလိုခြင်းမေးခွန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက လက်ရှိဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စိစစ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က COVID-19 သည် ကမ္ဘာတွင် ပျံ့နှံ့နေပြီး အင်မတန်အန္တရာယ်များပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များကိုလည်း လေ့လာစေလိုကြောင်း၊ သတင်းစာများတွင်လည်း ပါရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေဒီယိုများတွင် ထုတ်ပြန်ပေးနေပါကြောင်း၊ သေချာစွာလိုက်နာစေလိုကြောင်း၊ ရောဂါဖြစ်ပွားပါက ကုသရန်ခက်ခဲပါကြောင်း၊ ဖွံ့ဖြိုးသည့်နိုင်ငံများ၌ပင် ရာဂဏန်းသေဆုံးမှုရှိပါကြောင်း၊ ထို့အတွက် မပေါ့ဆသင့်ပါကြောင်း၊ လက်မှ ကူးစက်မှုများပါကြောင်း၊ လက်ကို ပိုးသတ်ဆေးဖြင့် သေချာဆေးကြောကြစေလိုကြောင်း၊ မိမိတို့ပြည်သူများမှာ မိမိတို့နိုင်ငံအတွက် တစ်ဦးချင်းတန်ဖိုးရှိပါကြောင်း၊ တစ်ဦးမှ အပျောက်အပျက်မခံနိုင်ပါကြောင်း၊ ရွှေဘိုသူ ရွှေဘိုသားများ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသားတိုင်းရင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ပြန်လည်ရှင်းလင်း**

ယနေ့ ရွှေဘိုမြို့ ဒေသခံများနှင့် တွေ့ဆုံပွဲတွင် ကြိုတင်တင်ပြမေးမြန်းထားသည့် မေးခွန်းများအနက် ကျန်ရှိနေသည့် ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြေယာကိစ္စများနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၆ ခုအား အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားဆောင်ရွက်ပေးရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေဘိုမြို့ အောင်မြေဘုရားသို့ သွားရောက်ကာ မဟာအောင်မြေ ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်သည်။

ထို့နောက် မဟာအောင်မြေဌာန၌ အောင်မြေနင်းပြီး ဘုရားဖူးသည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရွှေဘိုမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြရာ မုံရွာမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ထိုမှ တစ်ဆင့် အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

# တာချီလိတ်၌ မီးခိုးမှုန်များကြောင့် လေထုညစ်ညမ်းမှုဖြစ်

**တာချီလိတ် မတ် ၁၁**

မြန်မာ-ထိုင်း နယ်စပ်အနီးရှိ တောတောင်များ၊ တောင်ယာလုပ်ငန်းခွင်များတွင် တရားမဝင် တောမီးရှို့မှုများ၊ တောင်ယာမီးရှို့မှုများကြောင့် ထိုင်းနိုင်ငံ (မြောက်ပိုင်း) ဒေသရှိ မြို့ရွာများ၊ တာချီလိတ်ဒေသရှိ မြို့ရွာများတွင် မီးခိုးဖုံးလွှမ်းမှုဖြစ်ပြီး လေထုညစ်ညမ်းမှုများ နှစ်စဉ် မတ်လမှ ဧပြီလအတွင်းကြုံတွေ့ရလေ့ရှိသည်။



**ရေမှုန်ရေမွှားပက်ဖျန်း**

မတ် ၁၁ ရက် နံနက်ပိုင်းက တိုင်းတာချက်အရ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် မယ်ဆိုင်မြို့တွင် လေထုအရည်အသွေး အညွှန်းကိန်း AQI မှာ ၃၀၀ ကျော်သို့ ရောက်ရှိနေကာ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် နီညိုရောင်အဆင့်သို့ ရောက်ရှိနေသဖြင့် ဒေသတွင်းနေပြည်သူများ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအပါအဝင် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ဒေသအာဏာပိုင်များက လေထုအတွင်း ရေမှုန်ရေမွှားပက်ဖျန်းခြင်း (မိုးတုရွာသွန်းခြင်း) အား ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**


မီးခိုးမှုန်များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပွားနေသည့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နှင့် ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ တာချီလိတ်ဒေသတွင် လေထုညစ်ညမ်းမှု အခြေအနေမှာ ယနေ့နံနက်ပိုင်း တိုင်းထွာချက်အရ အန္တရာယ်ကင်းရှင်းသည့် အစိမ်းရောင်အဆင့်တွင်သာရှိ၍ မွန်းလွဲပိုင်းတွင် တာချီလိတ်လေဆိပ်၌ လေယာဉ်များ အဆင်း၊ အတက် ခက်ခဲခဲ့ကြောင်း သိရသည်။

မောင်ယဉ်ကျေး

# "City Unplugged" ရုပ်ရှင်ဇာတ်ကား လေ့လာမှုအစီအစဉ်ကို ရိုက်ကူးသည့်ဒါရိုက်တာ တက်ရောက်ဆွေးနွေးမည်

**ရန်ကုန် မတ် ၁၁**

ဒါရိုက်တာ "Ilkka Jarvi-Laturi" ၏ အချစ်၊ မှုခင်းနှင့် ထိတ်လန့်ဖွယ်အမျိုးအစား လက်ရာကောင်းတစ်ခုဖြစ်သော "City Unplugged" ရုပ်ရှင်ဇာတ်ကားကို မတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာ လေ့လာမှုအစီအစဉ်ပြုလုပ်မည်ဖြစ်သည်။




ယင်းအစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်အဖြစ် (၃၈)ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းနှင့်အတူ ယင်းဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာ Ilkka Jarvi-laturi ကိုယ်တိုင်တက်ရောက် ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ "City Unplugged" ရုပ်ရှင်ဇာတ်ကားသည် အချစ်၊ မှုခင်းနှင့် ထိတ်လန့်ဖွယ်အမျိုးအစားဖြစ်ပြီး ယင်းဇာတ်ကားကို ၁၉၉၃ ခုနှစ် တိုရန်တိုရုပ်ရှင်ပွဲတော်တွင် အထူးပွဲအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ် ဆန်းဒန့်စ်ရုပ်ရှင်ပွဲတော်တွင်လည်းကောင်း ပြသခဲ့ကြောင်း၊ ဇာတ်လမ်းအကျဉ်းမှာ အက်စတိုးနီးယားနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နိုင်ငံပိုင်ငွေ ဒေါ်လာတစ်ဘီလီယံတန်ဖိုးရှိ ရွှေချောင်းများကို ပြန်လည်သယ်ယူရန်ကြိုးစားသည့် လူတစ်စုက ညအချိန်တွင် မြို့ကိုမီးမှောင်ချပြီး ရွှေချောင်းများကို လုယူရန် လျှပ်စစ်ကျွမ်းကျင်သူကို ငှားရမ်းဆောင်ရွက်ပုံကို ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းထိန်(FDC)

❒ ကျောဖုံးမှ

အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးရန် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးများကို ကျင်းပလျက်ရှိပါကြောင်း။

**အလေးထားဆောင်ရွက်**

ညှိနှိုင်းအစည်းအဝေးများမှတစ်ဆင့် ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ရေဆိုင်ရာပြဿနာများ ဖြေရှင်းမှုတို့အတွက် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ နှစ်စဉ်မိုးတွင်းကာလ၌ တွေ့ကြုံရလေ့ရှိသည့် ရေကြီးရေလျှံမှုများ လျော့ပါးသက်သာရေး၊ နွေရာသီ၌ ကြုံတွေ့ရလေ့ရှိသည့် ရေရှားပါးမှုအခက်အခဲများ ဖြေရှင်းရေးတို့အတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း၊ ရေကြီးရေလျှံမှုများနှင့် ရေရှားပါးမှုပြဿနာ ရေရှည်လျော့ပါးစေရေးအတွက် လတ်တလောဖြေရှင်းမှုများအတွက်သာမက ကာလလတ်နှင့် ကာလရှည်အတွက် ဆောင်ရွက်ရမည့်အစီအမံများအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက လျာထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအနက် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများ၊ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍လည်း အလေးထားဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ယခုအခါ နွေရာသီကာလ ရောက်ရှိလာပြီဖြစ်သဖြင့် ယခင်နှစ်များကဲ့သို့ သောက်သုံးရေနှင့်စိုက်ပျိုးရေ ရှားပါးမှုပြဿနာများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို နှစ်စဉ် အရှိန်အဟုန်မပျက်ဆောင်ရွက်ရေး၊ ရေထုညစ်ညမ်းမှု တားဆီးကာကွယ်ရန်အတွက် မြစ်ချောင်းများ၊ ကန်များ စသည့် ရေအရင်းအမြစ်များနှင့် ရေနုတ်မြောင်းများအတွင်းသို့ အမှိုက်သရိုက်များ၊ စနစ်တကျပြုပြင်မထားသည့် ရေဆိုးများနှင့် စက်မှုလုပ်ငန်းသုံးရေများ စွန့်ပစ်မှုမရှိအောင် စောင့်ကြည့်ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အစည်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းနိုင်ငံများ၊ အဖွဲ့အစည်းများလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအား ဖွဲ့စည်းပြီးနောက် ရေဆိုင်ရာလှုပ်ရှားမှုများကို ပံ့ပိုးပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ကော်မတီအနေဖြင့် အမျိုးသားရေဥပဒေ ပေါ်ပေါက်ရေးအတွက် ကော်မတီ၏အကြံပေးအဖွဲ့နှင့် Task Force အဖွဲ့တို့က ဆောင်ရွက်လျက်ရှိရာ ဥပဒေမူကြမ်းအား အင်္ဂလိပ်ဘာသာဖြင့် ပြုစုပြီးဖြစ်ပြီး မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိပါကြောင်း၊ နိုင်ငံအတွက် အရေးတကြီးလိုအပ်နေသည့် အမျိုးသားရေဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် အချိန်မီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်လည်း ချိတ်ဆက်နိုင်ရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် နောက်ပိုင်းတွင် ရေနှင့်ဆက်နွှယ်သည့် ဥပဒေ၊ နည်းဥပဒေများ မူကြမ်းပြုစုရာ၌ အမျိုးသားရေဥပဒေနှင့် ချိတ်ဆက်ဆောင်ရွက်ကြစေလိုပါကြောင်း။

ကမ္ဘာ့ဘဏ်၏ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးနှင့် Hydro Informatic Center အဆောက်အဦတည်ဆောက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ရေကဏ္ဍအပါအဝင် ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်စေရန် နှစ်စဉ် ဘဏ္ဍာငွေများစွာကို ကျခံဆောင်ရွက်လျက်ရှိရာ ပြည်သူများအတွက် အကျိုးရှိစေမည့် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် မြစ်ဝှမ်းဒေသအလိုက် လွှမ်းခြုံသည့် အမြင်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအဖွဲ့အစည်းအလိုက် တာဝန်ယူဆောင်ရွက်နေကြသည့် စီမံကိန်းလုပ်ငန်းများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ဆက်နွှယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီဝင်များ၊ ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့အဖွဲ့အစည်းက ဆောင်ရွက်နေသည့် ရေနှင့်ဆက်နွှယ်သည့် လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အခြားဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ ကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုပါကြောင်း၊ နိုင်ငံနှင့် ပြည်သူများအတွက် အကျိုးရှိစေမည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားလုံးဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရေကြီးရေလျှံမှုများနှင့် ရေရှားပါးမှုပြဿနာ ရေရှည်လျော့ပါးစေရေးအတွက် လတ်တလောဖြေရှင်းမှုများအတွက်သာမက ကာလလတ်နှင့် ကာလရှည်အတွက် ဆောင်ရွက်ရမည့် အစီအမံများအတွက်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက လျာထား ဆောင်ရွက်ကြစေလို**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ အမျိုးသားရေဥပဒေထွက်ပေါ်လာရေးနှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ၊ နွေရာသီ ရေရှားပါးမှုနှင့် မိုးရာသီ ရေကြီးရေလျှံမှုများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြစ်ချောင်းထိန်းသိမ်းမှုနှင့် ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီတွဲဖက်အတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ (၃/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ အမျိုးသားရေဥပဒေပြုစုရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အကြံပေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာခင်နီနီသိန်းက Hydro Informatic Center တည်ဆောက်ပြီးစီးမှု၊ လူငယ်ရေပညာရှင်များ လေ့ကျင့်ပျိုးထောင်ရေးအစီအစဉ်၊ နိုင်ငံတကာနှင့် ပူးပေါင်း၍ ရေဆိုင်ရာသုတေသနလုပ်ငန်းများဆောင်ရွက်မှု၊ ခေတ်နှင့်အညီ စံမီသောရေစီမံခန့်ခွဲမှုစနစ်ဆောင်ရွက်နေမှု၊ Myanmar Official Water Portal Website ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မြစ်ကမ်းထိန်းသိမ်းရေးနှင့် ရေလမ်းကြောင်းကောင်းမွန်စေရေးတို့အတွက် ဘဏ္ဍာငွေလျာထားမှု၊ ညစ်ညမ်းရေများကို စနစ်တကျ စီမံခန့်ခွဲမှု၊ ရေဆိုးစွန့်ပစ်မှုနှင့် ရေပေးဝေမှုလုပ်ငန်းများ၊ သစ်တောများနှင့် ရေသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲများ ကျင်းပမှု၊ မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု၊ ရေနှင့်ဆက်နွှယ်သည့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့် ဦးမောင်မောင်ဝင်းတို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးအကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးကာ မိမိတို့ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးများမှ ရရှိလာသည့် ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် ရေနှင့်ဆက်နွှယ်သည့် လုပ်ငန်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

မိမိတို့ကော်မတီအနေဖြင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် ရေနှင့် ဆက်နွှယ်နေသည့် ကဏ္ဍများတွင် ပံ့ပိုးဆောင်ရွက်လျက်ရှိရာ ရေအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေကဏ္ဍတိုးတက်စေရေးအတွက် ပြည်သူများ၏ အသံကိုပါ အလေးထားနားထောင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုလုပ်ငန်းများ အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဦးသောင်းထွန်း အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) နှင့် တွေ့ဆုံ

**နေပြည်တော်  မတ်  ၁၁**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့သည် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) မှ Director Mr. David Shannon နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ တွေ့ဆုံသည်။

**လုပ်ငန်းစဉ် ၉၉ ချက်**

တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ် နိုင်ငံအချင်းချင်းအပြန်အလှန်အကဲဖြတ်မှုအစီရင်ခံစာ (Mutual Evaluation Report – MER) တွင် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးတွင် လိုက်နာမှုအားကောင်းရန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် ၉၉ ချက်အနက် လုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးနောက် ကျန်ရှိသည့် လုပ်ငန်းစဉ် ရှစ်ချက်ကို လာမည့် ၁၅ လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ကိစ္စရပ်များအား ပုဂ္ဂလိကကဏ္ဍ (Private Sector) နှင့် ပြည်သူများ နားလည်သဘောပေါက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ရာတွင် တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ယင်းကိစ္စရပ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ (Financial Intelligence Unit – FIU) တွင် အင်အားတိုးမြှင့်ဆောင်ရွက်ရမည့် အခြေအနေများ၊ ငွေကြေးခဝါချမှုဖြစ်စဉ်များ စုံစမ်းဖော်ထုတ်နိုင်ရေးအတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ၊ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးကြသည်။



အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) မှ ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ Strategic Implementation Planning အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF) အောက်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လေ့လာသုံးသပ်ရေးအဖွဲ့ (International Cooperation Review Group–ICRG)၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံသို့ မတ် ၉ ရက်မှ ၁၂ ရက်အထိ လာရောက်လျက်ရှိသည်။

ရှင်းလင်းဆွေးနွေးပွဲများကို နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် ကျင်းပလျက်ရှိပြီး ဆွေးနွေးပွဲများတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်မှု အားကောင်းလာစေရေးနှင့် ယင်းလုပ်ငန်းစဉ်များအား ပြည်သူများ ပိုမိုနားလည် သိမြင်လာပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရေးဆိုင်ရာကိစ္စရပ်များအား အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကျင်းပ



ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြစဉ်။

**နေပြည်တော် မတ် ၁၁**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသူ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ၆၅၄ ဦးရှိသည့်အနက် ၆၃၅ ဦး တက်ရောက်ပြီး ၁၉ ဦး ခွင့်တိုင်ကြားသည်။

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၁၅ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၂)နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ကို ဆောင်ရွက်သည်။

**အသိပေးပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ယနေ့ဆောင်ရွက်မည့် ဆန္ဒမဲလက်မှတ်(၂)နှင့် စပ်လျဉ်း၍ ထူးခြားမှုတစ်ခုအနေဖြင့် အမှတ်စဉ်(၁)တွင် ပါရှိသည့် ပုဒ်မ ၅၉ ပုဒ်မခွဲ(ဂ)တွင် ပြင်ဆင်ချက်နှစ်ခု ပါရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြင်ဆင်ချက် နှစ်ခုလုံးကို ဆန္ဒပြုရမည် ဖြစ်ပါကြောင်း၊ ပြင်ဆင်ချက်နှစ်ခုလုံးသည် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမဲရရှိပါက ထောက်ခံဆန္ဒမဲ ပိုများသည့် ပြင်ဆင်ချက်ကို အတည်ပြုမည်ဖြစ်ပါကြောင်း အသိပေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အတည်ပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်အပ်နှံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ညွှန်ကြားရေးမှူးချုပ် ယူဆောင်လာသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ၆၇၀ ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်သည့် ကိုယ်စားလှယ် ၆၃၅ ဦးဖြစ်သည့်အတွက် အပိုဆန္ဒမဲလက်မှတ် ၃၅ စောင်ကို မိမိထံတွင် ထားရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းအဖွဲ့(၄)ဖွဲ့တို့က တာဝန်ပေးထားသည့် အကန့်အလိုက် နေရာယူကြသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားရေးမှူးချုပ်ထံမှ လာရောက်ထုတ်ယူပြီး အကန့်အလိုက် တာဝန်ပေးထားသည့် ဝန်ထမ်းအဖွဲ့(၄)ဖွဲ့ထံသို့ အစည်းအဝေး တက်ရောက်မှုအင်အားအတိုင်း ခွဲဝေပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲ ပေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးသည်။

ဆက်လက်၍ ဆန္ဒမဲပေးမှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာ တာဝန်ခံများက ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင်ဖွင့်လှစ်၍ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် ဆန္ဒမဲပုံး အတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်ကို စစ်ဆေးရေတွက်သည်။

**ကိုက်ညီမှုရှိ**

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်ကိုယ်စားလှယ်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် ၆၃၅ စောင်ဖြစ်ပြီး ယခုဆန္ဒမဲပုံးထဲမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည်လည်း ၆၃၅ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ရလဒ် ရေတွက်မှုကို ဝန်ထမ်းအဖွဲ့(၈)ဖွဲ့ဖြင့် သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်း ရေတွက်ကြရာ နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာများ၌ ကြီးကြပ်စောင့်ကြည့်ကြသည်။

ဆက်လက်၍ အဖွဲ့(၈)ဖွဲ့ခွဲ၍ အသေးစိတ်စိစစ်ရေတွက်မှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာ ရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီ အစုအဖွဲ့အလိုက် ကိုယ်စားလှယ် ငါးဦးပါဝင်သည့် အဖွဲ့က ကြီးကြပ်ပြီး စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲအရေအတွက် ရာခိုင်နှုန်းတွက်ချက်မှု တို့ကို ဆက်လက်ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယနေ့လွှတ်တော်၏ အဆုံးအဖြတ်ရယူသည့် ဥပဒေမူကြမ်းပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံဆန္ဒမဲ ရရှိမှုအရေအတွက် ၇၅ ရာခိုင်နှုန်းကျော် ရ၊ မရနှင့် လွှတ်တော်၏ ဆုံးဖြတ်ချက်တို့ကို အတည်ပြုကြေညာရာတွင် ပုဒ်မ ၅၉ ပုဒ်မခွဲ(ဂ) ပြင်ဆင်မှုတွင် ဦးစိုင်းသန်းနိုင် တင်သွင်းသည့် ပြင်ဆင်ချက်အတွက် ထောက်ခံဆန္ဒမဲ ၂၁၄ မဲ ဖြစ်ပါကြောင်း၊ ပုဒ်မ ၅၉ ပုဒ်မခွဲ(ဂ) ပြင်ဆင်မှုတွင် ဦးထွန်းအောင်(ခေါ်) ဦးထွန်းထွန်းဟိန် တင်သွင်းသည့် ပြင်ဆင်ချက်အတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲဖြစ်ပါကြောင်း၊ ပြင်ဆင်ချက်နှစ်ခုလုံး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်း ဖြစ်ပါကြောင်း၊ ပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၅၉ ပုဒ်မခွဲ(စ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၃၉၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၀၉ ပုဒ်မခွဲ(ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၂ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်း ဖြစ်ပါကြောင်း၊ ပုဒ်မ ၁၄၁ ပုဒ်မခွဲ(ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၂ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်း ဖြစ်ပါကြောင်း။

ပုဒ်မ ၁၆၁ ပုဒ်မခွဲ(ဃ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်း ဖြစ်ပါကြောင်း၊ ပုဒ်မ ၂၀၁ ၏ အစုခေါင်းစဉ် ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၀၁ ပုဒ်မခွဲ(ဆ - ၁) အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၁ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၀၁ ပုဒ်မခွဲ (ဆ - ၂) အသစ်ဖြည့် စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၁ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၀၁ ပုဒ်မခွဲ(ဠ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၉ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

**ကြေညာ**

ပုဒ်မ ၂၀၁ - က အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်း ဖြစ်ပါကြောင်း၊ ပုဒ်မ ၂၄၈ ပုဒ်မခွဲ(ဂ) ခြေဆင်းပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၂၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၉၄ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်း ဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၀ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၈ မဲဖြစ်ပြီးထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၁ ပုဒ်မခွဲ(ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ) အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၀ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ဆန္ဒမဲလက်မှတ်(၂)နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ပြီးဆုံးပြီ ဖြစ်ပါကြောင်း၊ ဆက်လက်၍ ဆန္ဒမဲလက်မှတ်(၃)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၂ ရက် ကြာသပတေးနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို မတ် ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်၊**
**အေးအေးသန့်(သတင်းစဉ်)**
**ဓာတ်ပုံ - ထန်းဖုန်**



လွှတ်တော်ဝန်ထမ်းအဖွဲ့များ ဆန္ဒမဲလက်မှတ်များကို ရေတွက်ကြစဉ်။

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၁၁**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့တွင် ကမ်းလက်များ စာကြည့်တိုက်(နေပြည်တော်)ပညာဒါနမှ စာကြည့်တိုက် ကော်မတီဝင်များ၊ အသင်းသား/အသင်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၂၅၆ ဦးသည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို တက်ရောက်လေ့လာကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူ ပေါင်း ၆၇၅၇၁ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာစက်မှုဇုန်၌ လူမှုဖူလုံရေးအဖွဲ့မှ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါ အသိပညာပေးဟောပြော

**ရန်ကုန် မတ် ၁၁**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်အမှတ်(၂)ရှိ Great Forever Garment စက်ရုံ အစည်းအဝေးခန်းမ၌ မတ် ၁၀ ရက် နံနက်ပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19) ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးအသိပညာပေး ဆွေးနွေးခဲ့ပြီး ရွှေ့လျားဆေးကုသယာဉ် နှစ်စီးဖြင့် လှိုင်သာယာစက်မှုဇုန်ရှိ Great Forever Garment နှင့် ရွှေလင်ပန်းစက်မှုဇုန်ရှိ Eslite Garment စက်ရုံတို့မှ နိုင်ငံခြားသားအာမခံလုပ်သား ကိုးဦးနှင့် အာမခံအလုပ်သမား ၆၁၆ ဦးတို့ကို ကိုယ်အပူချိန်တိုင်း စက်ကိရိယာဖြင့် တိုင်းတာစစ်ဆေးခြင်းနှင့် အခြေခံကျန်းမာရေးစစ်ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းသစ်**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် မဲပေးနိုင်ရေး ပညာပေးရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော်  မတ်  ၁၁**
၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် မဲပေးနိုင်ရေး ပညာပေးရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအတွက် မဲပေးနိုင်ရေး ပညာပေးရန် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများက ဌာနအလိုက် ဆောင်ရွက်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မဲပေးနိုင်ရေး ပညာပေးရန်နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားသော မီဒီယာနှင့်သက်ဆိုင်သည့် လမ်းညွှန်ချက်များကို လိုက်နာနိုင်ရေး စုစည်းပြုစုထားရန်၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် သီချင်းများ၊ ပညာပေးအစီအစဉ်များ၊ အင်တာဗျူးများကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆောင်ရွက်သွားရန်နှင့် ယင်းတို့အား စောနိုင်သမျှ ဆောလျင်စွာ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ရန်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော်  မတ်  ၁၁**
အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဒုတိယအကြိမ် ပြင်ဆင်သတ်မှတ်သည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို ဥပဒေနှင့်အညီ လိုအပ်ချက်အရ ပြင်ဆင်သတ်မှတ်နိုင်ရန် ပြန်လည်သုံးသပ်ခြင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များ၏ လုပ်ဆောင်ချက်များကို တင်ပြဆွေးနွေးနိုင်ရန် အစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး ပြန်လည်သုံးသပ်ရာတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီအလိုက် အနည်းဆုံး အခကြေးငွေပြင်ဆင်သတ်မှတ်နိုင်ရေး စာရင်းစစ်တမ်း ကောက်ယူခြင်း၊ အလုပ်သမားများက တင်ပြသည့် နှုန်းထားအပေါ် အလုပ်ရှင်များက ပေးနိုင်သည့်နှုန်းထားကို မှန်ကန်မျှတစွာ လေ့လာဆန်းစစ်ပြီး သတ်မှတ်သင့်သည့်နှုန်းထားနှင့် ပုံစံများကို အမျိုးသားကော်မတီသို့ တင်ပြချက်အချို့ ရှိပါကြောင်း။

ကော်မတီဝင်များအနေဖြင့် မိမိနယ်မြေအလိုက် အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံပြီး ဆောင်ရွက်ချက်များကို တင်ပြရန်လိုအပ်ကြောင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအနေဖြင့် အနည်းဆုံးအခကြေးငွေ နှုန်းထားကို ပြင်ဆင်သတ်မှတ်ရာတွင် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့စီးပွားရေး အခြေအနေများကို ထည့်သွင်းစဉ်းစား၍ မြန်မာနိုင်ငံ၏ လက်ရှိပကတိ အခြေအနေနှင့်ကိုက်ညီမည့် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် အဆင်ပြေချောမွေ့စေမည့် အနည်းဆုံး အခကြေးငွေတစ်ရပ် သတ်မှတ်နိုင်ရန် ဆောင်ရွက်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး အဆိုပြုနှုန်းထားကို တင်ပြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြင်ဆင်သတ်မှတ်ရန်အဆိုပြုနှုန်းထားများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

**○ အမေရိကန်နိုင်ငံမှ**

ဖူးပွင့်ရတီခိုင်သည် ပထမနေ့တွင် ၃၆ ကျင်း ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမ ၁၈ ကျင်းတွင် စုစုပေါင်းရိုက်ချက် ၇၂ ချက်၊ ဒုတိယ ၁၈ ကျင်းတွင် စုစုပေါင်းရိုက်ချက် ၇၆ချက်ဖြင့် လည်းကောင်း၊ ဒုတိယနေ့တွင် ၆၈ ချက် စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ပထမဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမား ၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဖူးပွင့်ရတီခိုင်သည် အမေရိကန်နိုင်ငံရှိ University of North Carolina Wilmington (UNCW) တွင် ပညာသင်ကြားနေသူဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

**☆ ဗီယက်နမ်ဆီးဂိမ်းမှ**

ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၁ ခုနှစ်မှ ကျင်းပမည်ဖြစ်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း ကာလတိုလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ရန်မရှိသောကြောင့် လေ့ကျင့်မှုများသာ ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်း၏ ပထမဆုံးလေ့ကျင့်ခန်းအစီအစဉ်ကို မတ် ၁၁ ရက် ညနေပိုင်းက စတင်ခဲ့ပြီး ကစားသမား ၁၉ ဦး လာရောက်လေ့ကျင့်ခဲ့ကာ အချို့ကစားသမားများမှာ ကလပ်အသင်းပွဲများရှိနေသောကြောင့် နောက်ရက်မှသာ အသင်းနှင့် ပူးပေါင်းမည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၃ အသင်းတွင် **ဂိုး**-ဇင်ညီညီအောင် (အား/ကာသိပ္ပံ)၊ ထွန်းနန္ဒဦး (မြဝတီ)၊ အောင်ကိုလတ်(Southern)၊ **နောက်တန်း**-ရဲလင်းထက်၊ စိုးမိုးကျော် (ရောဝတီ)၊ ဇွဲထက်မင်း၊ ဇွဲခန့်မင်း (ရှမ်း)၊ သက်ပိုင်ထွေး၊ ကျော်ဖြိုးဝေ (ဇွဲကပင်)၊ သက်ဟိန်းစိုး၊ အံ့မော်ဦး (ရတနာပုံ)၊ ဟိန်းထက်စည်သူ (မကွေး)၊ ဝေလင်းအောင် (အား/ကာသိပ္ပံ)၊ **အလယ်တန်း**-ဟိန်းထက်အောင်၊ ထက်လင်းလင်း (ဟံသာဝတီ)၊ ဇော်မွန်းအောင်၊ အောင်ဇေယျာဖြိုး၊ မင်းမြတ်စိုး (အား/ကာသိပ္ပံ)၊ မျိုးမင်းဖြိုး (စစ်ကိုင်း)၊ **ရှေ့တန်း**- ဝင်းနိုင်ထွန်း (ရောဝတီ)၊ ပြည့်စုံနိုင်၊ ရဲရင့်အောင် (ရတနာပုံ)၊ သန့်ဇင်မြင့်၊ ခင်ကျော်ဝင်း (အား/ကာသိပ္ပံ)နှင့် လွှမ်းမိုးဦး (ရန်ကုန်)တို့ ပါဝင်ကြသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## အရည်အသွေးရှိသော ရုပ်ရှင်ဇာတ်ကားများ ရုံတင်ရက် မစောင့်ဆိုင်းရဘဲ ရုံတင်ပြသခွင့်ရရှိ

**ရန်ကုန်  မတ်  ၁၁**
အချစ်နှင့်ထိရင်ကြွေ၊ နှင်းဆီပန်သူ၊ အလှည့်၊ လူကောင်းလေးရဲ့နတ်သမီး ရုပ်ရှင်ဇာတ်ကားလေးကားကို ရုပ်ရှင်ရုံအုပ်စုကြီးနှစ်ခုပိုင်ရုပ်ရှင်ရုံများနှင့် တစ်ဦးချင်းပိုင်ရုပ်ရှင်ရုံများတွင် လာမည့် ဧပြီ ၂ ရက် မှ မေ ၁၄ ရက်အတွင်း ပြသရန်ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ စီစဉ်မှုဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားများ ပြသရေးညှိနှိုင်းမှုကော်မတီ၏ ယမန်နေ့က ပြုလုပ်သည့် ရက်သတ္တခြောက်ပတ်လျှင် တစ်ကြိမ် ညှိနှိုင်းအစည်းအဝေးမှ ရွေးချယ်မှုတွင် ထိုကဲ့သို့ ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ရွေးချယ်ထားမှုတွင် ကံ့ကော်နီ၊ လူထဲကလူ၊ နှင်းဆီစီးခြင်း၊ သရိုး ရုပ်ရှင်ဇာတ်ကားများကို မင်္ဂလာရုပ်ရှင်ရုံအုပ်စုရှိ ရုံများမှလည်းကောင်း၊ အစိုးမရအနတ္တ၊ လိပ်ပြာထောင်ချောက်၊ ကျားနှင့်ဆင်၊ ရင်ဗုက်အကျွရာ ရုပ်ရှင်ဇာတ်ကားများကို JCGV ရုပ်ရှင်ရုံအုပ်စုနှင့် Mega Ace ရုပ်ရှင်ရုံအုပ်စုရှိ ရုပ်ရှင်ရုံများကလည်းကောင်း ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါရွေးချယ်ခဲ့ကြသော ရုပ်ရှင်ဇာတ်ကားများတွင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် ဆင်ဆာခွင့်ပြုထားရှိမှုမှ နှစ်ကားစီဖြင့် ပေါင်း လေးကား၊ ၂၀၁၈ ခုနှစ်တွင် ဆင်ဆာခွင့်ပြုထားရှိမှုမှ တစ်ကား၊ ၂၀၁၉ ခုနှစ် တွင် ဆင်ဆာခွင့်ပြုထားရှိမှုမှ လေးကား၊ ၂၀၂၀ ပြည့်နှစ်တွင် ဆင်ဆာခွင့်ပြုထားရှိမှုမှ သုံးကား စုစုပေါင်း ရုပ်ရှင်ဇာတ်ကား ၁၂ ကား ဖြစ်ကြောင်း တွေ့ရှိရသဖြင့် အရည်အသွေးရှိသည့် ရုပ်ရှင်ဇာတ်ကားကောင်းများကို ဦးစားပေးရွေးချယ်သကဲ့သို့ ယခင်နှစ်များက ပြသရန် ကျန်ရှိသည့် ရုပ်ရှင်ဇာတ်ကားများမှလည်း ရွေးချယ်သတ်မှတ်ကြောင်း တွေ့မြင်ရသည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် ရုပ်ရှင်ရုံနှင့် ပိတ်ကားအရေအတွက် စုစုပေါင်း ၂၁၁ ခုအထိ တိုးတက်လာသကဲ့သို့ အရည်အသွေးရှိသော ရုပ်ရှင်ဇာတ်ကားအရေအတွက်လည်း တိုးတက်ပါဝင်လာသဖြင့် မြန်မာရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

**နီနီချို(FDC)**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဗိသုကာကောင်စီ အလုပ်အမှုဆောင်များနှင့် ကောင်စီဝင်များ ကျမ်းသစ္စာကျိန်ဆိုခြင်း အခမ်းအနားတက်ရောက်

**နေပြည်တော်  မတ်  ၁၁**
ဒုတိယအကြိမ် မြန်မာနိုင်ငံ ဗိသုကာကောင်စီ အလုပ်အမှုဆောင်များနှင့် ကောင်စီဝင်များ ကျမ်းသစ္စာကျိန်ဆိုခြင်းနှင့် တာဝန်ထမ်းဆောင်ခဲ့သည့် အလုပ်အမှုဆောင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံ ဗိသုကာကောင်စီ နာယက ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဗိသုကာကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့် ကောင်စီဝင်အဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ဗိသုကာကျင့်ဝတ်နှင့် အရည်အသွေးထိန်းသိမ်းမှုတိုးမြှင့်ရေး၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လမ်းညွှန်ကြပ်မတ်ရေး၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး နည်းစနစ်တကျ တာဝန်များကို ထမ်းဆောင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဗိသုကာကောင်စီ နာယက ပြည်ထောင်စုဝန်ကြီး၏ ရှေ့မှောက်တွင် ဗိသုကာကောင်စီ နည်းဥပဒေ ပုဒ်မ(၁၁)နှင့်အညီ ဗိသုကာကောင်စီဝင်များက ကျမ်းသစ္စာပြုကြပြီး မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥက္ကဋ္ဌ ဦးဆန်းဦးက ဗိသုကာကောင်စီ၏ လုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဗိသုကာကောင်စီ အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပထမအကြိမ် မြန်မာနိုင်ငံ ဗိသုကာကောင်စီ၌ တာဝန်ထမ်းဆောင်ခဲ့ကြသူများကိုယ်စား ဗိသုကာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးမောင်သော်ထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**သတင်းစဉ်**

# (၃၄) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနဗိမာန်တော်ကြီး၌ ကျင်းပသည်။

**နာယူကြည်ညို**

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တ ကေသရာဘိဝံသထံမှ ဉ္ဓပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ သမ္ဗောဒနီယ သာရဏီယ ဩဝါဒကထာကို နာယူကြည်ညိုကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဇနီးတို့က သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော်၊ မစိုးရိမ်တိုက်သစ် ဆရာတော်နှင့် မော်ကျွန်းဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဓမ္မာစရိယ၊ ပထမပြန်၊ နိကာယ်စာမေးပွဲ အထူးအောင် သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဓမ္မာစရိယတန်းတွင် အဂ္ဂမဟာအကျော်ဘွဲ့ရ အရှင်ကာရုဏိက၊ ဒုတိယဂုဏ်ထူးရ အရှင်ကောဝိဒနှင့် တတိယဂုဏ်ထူးရ အရှင်ယသဗလတို့ထံ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က ပထမကြီးတန်းတွင် ပထမကျော်ဘွဲ့ရ အရှင်ဥတ္တမာလင်္ကာရ၊ ဒုတိယဂုဏ်ထူးရ အရှင်သီလာနန္ဒာလင်္ကာရ၊ တတိယဂုဏ်ထူးရ ရှင်ခေမာစာရာလင်္ကာရတို့ထံလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပထမလတ်တန်းတွင် ပထမဂုဏ်ထူးရ ရှင်အဘိဇာတာလင်္ကာရ၊ ဒုတိယဂုဏ်ထူးရ ရှင်မာနိတာလင်္ကာရ၊ တတိယဂုဏ်ထူးရ ရှင်ဓမ္မသာမီလင်္ကာရတို့ထံလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ပထမငယ်တန်းတွင် ပထမဂုဏ်ထူးရ ရှင်နေမိန္ဒ၊ ဒုတိယဂုဏ်ထူးရ ရှင်ဆန္ဒာဓိက၊ တတိယဂုဏ်ထူးရ ရှင်ဣန္ဒကတို့ထံ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့က ခုဒ္ဒကနိကာယ (သုတ္တန္တပိဋက) ပထမ၊ ဒုတိယ ဂုဏ်ထူးရနှင့် အခြေပြုမူလတန်း ပထမ၊ ဒုတိယ ဂုဏ်ထူးရ အရှင်သူမြတ်များ၊ ဝိနယဝိဒူ ပထမ၊ ဒုတိယ၊ တတိယ ဂုဏ်ထူးရ အရှင်သူမြတ်များ၊ အင်္ဂုတ္တရ နိကာယ ပထမ၊ ဒုတိယ၊ တတိယ ဂုဏ်ထူးရနှင့် ဒီဃနိကာယ် ပထမ၊ ဒုတိယ၊ တတိယ ဂုဏ်ထူးရ အရှင်သူမြတ်များထံ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ဓမ္မာစရိယ၊ ပထမပြန်၊ ဝိဒူတန်း အထူးအောင် သီလရှင်များအား အောင်လက်မှတ်ဆက်ကပ်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီးတို့က ဓမ္မာစရိယတန်း ပထမဂုဏ်ထူးရ၊ ပထမကြီးတန်း ပထမဂုဏ်ထူးရ၊ ပထမလတ်တန်း ပထမဂုဏ်ထူးရ၊ ပထမငယ်တန်း ပထမဂုဏ်ထူးရ၊ အခြေပြုမူလတန်း ပထမဂုဏ်ထူးရ၊ ဝိနယဝိဒူ ပထမဂုဏ်ထူးရ၊ အင်္ဂုတ္တရ နိကာယ ပထမဂုဏ်ထူးရ သီလရှင် ဆရာလေးများထံ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အဘိဓမ္မာစာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဂုဏ်ထူးရရှိကြသည့် လူပုဂ္ဂိုလ် အမျိုးသား၊ အမျိုးသမီးများကို တာဝန်ရှိသူများက အောင်လက်မှတ်များ အပ်နှင်းသည်။

**ရေစက်သွန်းလောင်း**

ယင်းနောက် ဉ္ဓပရိသတ်များက သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဓမ္မာစရိယအောင် သံဃာတော်များနှင့် ဓမ္မာစရိယအောင် သီလရှင်ဆရာလေးများထံ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၃၄) ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓမ္မာစရိယ စာမေးပွဲအထူးအောင် ၄ ပါး၊ ဓမ္မာစရိယ ပါဠိဂုဏ်ထူးအောင် ၄ ပါး၊ ဓမ္မာစရိယ မြန်မာဂုဏ်ထူးအောင် ၇ ပါး၊ ဓမ္မာစရိယကျမ်းရင်း သုံးကျမ်းအောင် ၁၀၁၃ ပါး၊ ပါဠိပထမပြန်စာမေးပွဲ အထူးအောင် ၁၆ ပါး၊ နိကာယ် စာမေးပွဲ အထူးအောင် ၁၄ ပါး၊ မဟာဝိဒူတန်းအောင် ၅ ပါးတို့ကို အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခဲ့ပြီး အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲအထူးအောင် ကိုးဦးနှင့် ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်းအောင် လူပုဂ္ဂိုလ် တစ်ဦးတို့ကို အောင်လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ် ဖြေဆိုနေမှုလှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၁၁**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့ နံနက် ၉ နာရီမှစတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပသည်။

**လှည့်လည်ကြည့်ရှု**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ မြန်မာစာဘာသာ ဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းတို့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့သို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တာဝန်ရှိသူများကို ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးတို့ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် မှာကြားသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်၌ ပြည်တွင်းစာစစ်ဌာန ၁၉၈၄ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ၁၅ ခု စာစစ်ဌာန စုစုပေါင်း ၁၉၉၉ ခုတွင် စာမေးပွဲဖြေဆိုရန် ၉၇၁၄၀၇ ဦး စာရင်းပေးသွင်းကြပြီး ၉၁၀၂၇၄ ဦး ဝင်ရောက်ဖြေဆိုကြ၍ နေပြည်တော် ကောင်စီနယ်မြေရှိ စာစစ်ဌာန ၅၄ ခုတွင် စာမေးပွဲဖြေဆိုရန် ၂၇၉၃၄ ဦး စာရင်းပေးသွင်းကြပြီး ၂၆၂၁၈ ဦး ဝင်ရောက်ဖြေဆိုကြသည်။

ထို့ပြင် အင်းစိန်၊ မန္တလေး၊ ကသာ၊ တောင်ကလေး၊ တောင်ငူ၊ ကျောက်ဖြူ၊ ညောင်ရွှေ၊ ကျိုင်းတုံနှင့် လွိုင်ကော် အကျဉ်းဦးစီးဌာနတို့တွင် ဖြေဆိုသူ ၁၈၈ ဦးနှင့် ကရင်ပြည်နယ် မြဝတီမြို့မှ ဝင်ရောက်ဖြေဆိုသူ ၁၃၄ ဦးရှိသည်။

ထို့အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာနတွင် ငါးဦးနှင့် မြောက်ဥက္ကလာပဆေးရုံတွင် ငါးဦး ဖြေဆိုကြသည်။ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အမြင်အာရုံမသန်စွမ်းသူ ၃၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် အကြားအာရုံမသန်စွမ်းသူ ၂၄ ဦး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူး တိုင်းဒေသကြီး(အနောက်)၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်)၊ ရှမ်းပြည်နယ်(မြောက်)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ကိုယ်အင်္ဂါမသန်စွမ်းသူ ၁၃၄ ဦး ဖြေဆိုကြပြီး ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စိတ်ကြိုက်မြန်မာစာ ဖြေဆိုမည့်သူ ၁၁ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အမြင်အာရုံချို့ယွင်းသည့် မျက်မမြင် ကျောင်းသား ကျောင်းသူ ၁၃ ဦး ဝင်ရောက်ဖြေဆို

**ရန်ကုန် မတ် ၁၁**

ယနေ့ စတင်ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အမြင်အာရုံချို့ယွင်းသည့် မျက်မမြင် ကျောင်းသား ကျောင်းသူ ၁၄ ဦး စာရင်းပေးသွင်းခဲ့သည့်အနက် ၁၃ ဦး ဝင်ရောက်ဖြေဆိုကြောင်း အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါကျောင်းသား ကျောင်းသူများမှာ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ခုနစ်ဦး၊ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)မှ ခြောက်ဦးဖြစ်ပြီး ၎င်းတို့အနေဖြင့် ကြည့်မြင်တိုင်မြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း (ကြည့်မြင်တိုင်စာစစ်ဌာန) နှင့် အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အင်းစိန်စာစစ်ဌာန)တို့တွင် ဝင်ရောက်ဖြေဆိုကြခြင်းဖြစ်သည်။

ထိုသို့ဖြေဆိုမှုနှင့်ပတ်သက်၍ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ) တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇီးနာဒွန်းက “ဒီနှစ်မှာတော့ ကျွန်မတို့ကျောင်းက ခြောက်ဦးဖြေဆိုတယ်။ တန်းတက်အသစ် သုံးဦးနဲ့ နှစ်ကျ သုံးဦးပါ။ သူတို့ကို ဒီကျောင်းမှာပဲ သင်ကြားပေးတယ်။ သင်ကြားမှုအပိုင်းကိုတော့ အထက(၂) အင်းစိန်က ဆရာ ဆရာမတွေနဲ့ ညှိနှိုင်းသင်ကြားပေးပါတယ်။ လစဉ် အရည်အချင်းစစ်စာမေးပွဲတွေကို အထက(၂) အင်းစိန်မှာ ဖြေဆိုကြရတယ်။ အဲဒီလိုဖြေဆိုမှုတွေလုပ်ခဲ့ပြီးမှ အခု စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရတာဖြစ်ပါတယ်။ အခုဖြေဆိုတဲ့အခါမှာလည်း သူတို့ရဲ့ တစ်ဆင့်နိမ့်အတန်းဖြစ်တဲ့ ကိုးတန်း ကျောင်းသား ကျောင်းသူတွေက ကူညီဖြေဆိုပေးရတာ ဖြစ်ပါတယ်”ဟု ပြောသည်။

အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အင်းစိန်စာစစ်ဌာန)၌ ဝင်ရောက်ဖြေဆိုနေသော အမြင်အာရုံချို့ယွင်းနေသူ မရန်ပုက “သာမန်သူတွေနဲ့မတူတော့ အများကြီးကြိုးစားထားရတယ်။ ဒီနေ့ဘာသာရပ်ကိုတော့ ကောင်းကောင်းဖြေနိုင်တယ်။ ကူညီပေးတဲ့သူကိုလည်း ကျေးဇူးတင်တယ်။ စာမေးပွဲအောင်ရင် တက္ကသိုလ် ဆက်တက်မယ်။ အင်္ဂလိပ်စာနဲ့ ကွန်ပျူတာပိုင်းကို လေ့လာသင်ကြားချင်ပါတယ်”ဟု ပြောသည်။

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်း စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၃၅၆၈၈ ဦး အနက် ၁၂၄၉၃၉ ဦး ဝင်ရောက်ဖြေကြရာ အမြင်အာရုံချို့ယွင်းသည့် မျက်မမြင် ကျောင်းသား ကျောင်းသူများလည်းပါဝင်ကြောင်း သိရသည်။

**ဇော်ကြီး**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၁-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့်ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ပါစောင့်ကြည့်လူနာ (၅) ဦးအား တွေ့ရှိ၍ သက်ဆိုင်ရာဆေးရုံများတွင် သီးခြားထားရှိဆေးကုသမှုပေးလျက်ရှိပြီး ၎င်းတို့ထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ပါသည်။

(က) မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်တွင် နေထိုင်သော အသက် (၄၈) နှစ်အရွယ် အမျိုးသားတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်မှ (၂၀-၂-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံ၊ မူဆယ်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၁၀-၃-၂၀၂၀) ရက်နေ့တွင် မူဆယ်မြို့မှ ရွှေလီမြို့သို့ ပြန်လည်ထွက်ခွာခဲ့ရာ မူဆယ်နယ်စပ်ဂိတ်၌ အဖျားစစ်ဆေးချိန်တွင် ကိုယ်အပူချိန်မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ၎င်းအားစစ်ဆေးခဲ့ရာ (၈-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်းလက္ခဏာများ ခံစားခဲ့ရကြောင်းတွေ့ရှိရသဖြင့် မူဆယ်ပြည်သူ့ဆေးရုံတွင် သီးခြားထားရှိကုသမှုပေးလျက်ရှိပါသည်။

(ခ) မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်တွင် နေထိုင်သော အသက် (၂၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ်မှ (၇-၃-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၉-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း လက္ခဏာများ ခံစားရသဖြင့် (၁၁-၃-၂၀၂၀) ရက်နေ့တွင် ကြို့ပင်တိုက်နယ်ဆေးရုံ၌ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပါသည်။

(ဂ) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် နေထိုင်သော အသက် (၃၅) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၁၁-၃-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ရာ ကိုယ်အပူချိန် မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ဝေဘာဂီအထူးကုဆေးရုံတွင် သီးခြားထားရှိ ကုသမှုပေးလျက် ရှိပါသည်။ (၎င်း၏ ဓာတ်ခွဲအဖြေကို အောက်အပိုဒ် - ၃ (စ) တွင် ဖော်ပြထားရှိပါသည်။)

(ဃ) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် နေထိုင်သော အသက် (၂၃) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် လွန်ခဲ့သော (၂) ပတ်ခန့်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရွှေလီမြို့မှ ပြန်လည်ရောက်ရှိခဲ့ပြီး (၉-၃-၂၀၂၀) ရက်နေ့မှစတင်၍ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းလက္ခဏာများ ခံစားခဲ့ရသဖြင့် (၁၁-၃-၂၀၂၀) ရက်နေ့တွင် မန္တလေး ခုတင်(၃၀၀) သင်ကြားရေးဆေးရုံကြီးတွင် သီးခြားထားရှိ ကုသမှုပေးလျက်ရှိပါသည်။

(င) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင် နေထိုင်သော အသက် (၃၇) နှစ်အရွယ် ဂျပန်နိုင်ငံသား အမျိုးသမီးတစ်ဦးသည် (၉-၃-၂၀၂၀) ရက်နေ့တွင် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ရာ (၁၀-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ ခံစားခဲ့ရပြီး (၁၁-၃-၂၀၂၀) ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ပြသခဲ့သဖြင့် သီးခြားထားရှိ ကုသမှုပေးလျက်ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ယနေ့ညနေ ပေးပို့လာသော ဓာတ်ခွဲအဖြေများအရ -

(က) အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်တွင် နေထိုင်သော၊ အသက် (၂၆) နှစ်အရွယ် အမျိုးသမီးတစ်ဦး၊

(ခ) အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်တွင် နေထိုင်သည့် အသက် (၁၇) နှစ်အရွယ် အမျိုးသမီးတစ်ဦး၊

(ဂ) ပခုက္ကူပြည်သူ့ဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်တွင် နေထိုင်သည့် အသက် (၃၉)နှစ်အရွယ် အမျိုးသားတစ်ဦး၊

(ဃ) ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်းတယမြို့နယ်တွင် နေထိုင်သည့် အသက် (၂၃) နှစ်အရွယ် အမျိုးသားတစ်ဦး၊

(င) ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်တွင် နေထိုင်သည့် အသက် (၃၄) နှစ်အရွယ် အမျိုးသားတစ်ဦးနှင့်

(စ) ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် နေထိုင်သည့် အသက် (၃၅) နှစ်အရွယ် အမျိုးသားတစ်ဦး၊ စုစုပေါင်း (၆) ဦးတို့၏ ဓာတ်ခွဲနမူနာများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း စစ်ဆေးသိရှိရပါသည်။

၄။ ကိုရီးယားသမ္မတနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လာရောက်မည့် လေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံအတွင်း ရောဂါဖြစ်ပွားမှု ပြင်းထန်မှုအခြေအနေအရ Daegu မြို့အပါအဝင် North Gyeongsang (Gyeongsangbuk-do)နှင့် South Gyeongsang(Gyeongsangnam-do) ပြည်နယ်များမှ လာရောက်သူများအား ဆေးရုံတွင် Quarantine ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ကျန်ဒေသများမှ လာရောက်သူများအား အိမ် (သို့မဟုတ်) ဟိုတယ်တွင် Quarantine ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ (၁၁-၃-၂၀၂၀) ရက်နေ့၊ နံနက် (၅:၃၀) နာရီအချိန်တွင် ဆိုက်ရောက်လာသော လေယာဉ်တွင်ပါရှိသည့် ခရီးသည် (၆၉) ဦးအနက် COVID-19 ကူးစက်ဖြစ်ပွားမှု ပြင်းထန်နေသည့် ဒေသများဖြစ်သည့် Daegu မြို့၊ Chengwon မြို့၊ Miyann မြို့နှင့် Gimhae မြို့တို့မှ လာရောက်သည့် မြန်မာနိုင်ငံသား (၆) ဦးတို့အား တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် Hospital Quarantine အဖြစ်လည်းကောင်း၊ အခြားဒေသများမှလာရောက်သူ စုစုပေါင်း (၆၃) ဦးအား Home Quarantine နှင့် Hotel Quarantine အဖြစ်လည်းကောင်း (၁၄) ရက်ခွဲခြားထားရှိ၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၅။ ယနေ့ (၁၁-၃-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီအချိန်အထိ လူနာ (၆) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၆။ (၁၁-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၁၀) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



**မှုခင်း**

## ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၂၂ စီး၊ သွင်းကုန် ၁၇၉၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၇၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ သန်းတန်ဖိုးရှိ တရားမဝင် ကန့်သတ်ထားသော ကွမ်းစားအာမွှေး(1x12x20) 10 Pkgs အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ်များ သိမ်းဆည်းရမိ



**ကျောက်တံခါး မတ် ၁၁**

ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ဖဒိုနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်တံခါးမြို့နယ် မြို့ချောင်း-စိန်ကန့်လန့် ကားလမ်းတစ်လျှောက် တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ မြို့ချောင်း-စိန်ကန့်လန့် ကားလမ်းမိုင်တိုင်အမှတ် ၆၀/၃ အနီး ရဲနွယ်ကြိုးဝိုင်းအကွက်အမှတ်(၈၅)တွင် ကျွန်းခွဲသား ၈၄ ချောင်း(၃ ဒသမ ၈၆၀၂ တန်)၊ မိုင်တိုင်အမှတ် ၆၅/၀ အနီး ရဲနွယ်ကြိုးဝိုင်းအကွက်အမှတ်(၈၇)တွင် ကျွန်းခွဲသား ၅၇ ချောင်း(၂ ဒသမ ၆၅၁၄ တန် စုစုပေါင်း ၆ ဒသမ ၅၁၆၆ တန်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



## မလှိုင်မြို့နယ် ဆပ်ခင်းကြီးကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**မလှိုင် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျပ်ဆည်ကျေးရွာအုပ်စု ဆပ်ခင်းကြီးကျေးရွာတွင် မတ် ၁၀ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆပ်ခင်းကြီးကျေးရွာနေ ဦးကျော်သန်းတင့်၏ ဝါကြိတ်စက်ရုံတွင် ယင်းလိပ်စက်ဖြင့် ကြိတ်နေစဉ် အပူလွန်ကဲပြီး ဝါဂွမ်းအား မီးကူးစက်ကာ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ဦးကျော်သန်းတင့် ပိုင်ဆိုင်သော သွပ်မိုး၊ သွပ်ကာ မြေစိုက်ဝါစက်ရုံတစ်လုံးနှင့် ဝါဂွမ်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရပြီး မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ဦးကျော်သန်းတင့်အား ဆည်တိုရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# အမေရိကန်ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင် အကြိုရွေးကောက်ပွဲတွင် အနိုင်ရရှိ



အမေရိကန်ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်နှင့်ဇနီး ဂျေး

**ဝါရှင်တန် မတ် ၁၁**
အမေရိကန်ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်သည် အကြိုရွေးကောက်ပွဲတွင် အဓိကပြိုင်ဘက် ဘာနီဆန်းဒါးကို အနိုင်ရခဲ့ပြီးနောက် နိုဝင်ဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဒေါ်နယ်ထရမ့်ကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဖယ်လာဒီဖီးယားမြို့တွင် ၎င်း၏ထောက်ခံသူများကို ဂျိုးဘိုင်ဒင်ကပြောကြားရာတွင် ၎င်းသည် အမေရိကန်နိုင်ငံသားများအတွက် ပြန်လည်ရှင်သန်ပြီး တာဝန်ထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်ဟု ပြောကြားခဲ့သည်။ ယနေ့ညတွင် အိမ်ဖြူတော်အတွက် ဂုဏ်သိက္ခာနှင့် ဂုဏ်ပြုမှု၊ အဆင်ပြေချောမွေ့မှုတို့ကို ပြန်လည်ဆောင်ကြဉ်းလာရန် ခြေလှမ်းလှမ်းနိုင်ခဲ့ပြီဟု ဘိုင်ဒင်က ပြောကြားခဲ့သည်။ ၎င်း၏အဓိကပြိုင်ဘက်ဖြစ်သော ဘာနီဆန်းဒါးနှင့် ၎င်း၏ထောက်ခံသူများကို မိမိတို့တွင် တူညီသော ရည်မှန်းချက်များရှိကြောင်း ဘိုင်ဒင်က ပြောကြားသည်။

"ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ရင် ထရမ့်ကို အနိုင်ရမှာပါ" ဟု ဘိုင်ဒင်က ပြောကြားသည်။ မစ္စစ္စပီပြည်နယ်တွင် ဂျိုးဘိုင်ဒင်အနေဖြင့် အောင်မြင်မှုကြီးကြီးမားမားအဖြစ် မဲအားလုံး၏ ၈၀ ရာခိုင်နှုန်းကို ရရှိခဲ့ပြီး မစ်ချီဂန်ပြည်နယ်တွင်လည်း အနိုင်ရခဲ့သည်။ ဘိုင်ဒင်သည် ယခုလက်ရှိအခြေအနေတွင် ဒေါ်နယ်ထရမ့်အား ပြိုင်ဆိုင်မည့် ဒီမိုကရက်တစ်ဦးဖြစ်လာခဲ့သည်။ မိမိကိုယ်မိမိ ဆိုရှယ်ဒီမိုကရက်တစ်ဦးအဖြစ် ခံယူထားသော ဘာနီဆန်းဒါးသည် ဟီလာရီကလင်တန်၏ ရပ်တည်ချက်ကို ပျက်စီးစေသူအဖြစ် ဒီမိုကရက်များက စွပ်စွဲခဲ့သည်။ ဘာနီဆန်းဒါး၏ ပြန်ကြားရေးတာဝန်ခံကမူ ဆန်းဒါးအနေဖြင့် ရွေးကောက်ပွဲမှ နုတ်ထွက်သွားမည်မဟုတ်ကြောင်း ပြောကြားသည်။ ဘာနီဆန်းဒါးအား ထောက်ခံသူတစ်ဦးဖြစ်သည့် နယူးယောက်ပြည်နယ် အမျိုးသမီးလွှတ်တော်အမတ် အလက်ဇန်းဒါးအိုကာဆီယိုကောတစ်က အကြိုရွေးကောက်ပွဲ၏ရလဒ်များသည် လက်ခံနိုင်ဖွယ်မရှိကြောင်း ပြောကြားသည်။ ထရမ့်၏ မဲဆွယ်စည်းရုံးရေးဆိုင်ရာ မန်နေဂျာက ဒီမိုကရက်သမ္မတလောင်းသည် မည်သူပင်ဖြစ်စေကာမူ စိုးရိမ်ဖွယ်အကြောင်းမရှိဟု ပြောကြားခဲ့သည်။ အင်္ဂါနေ့က ပြည်နယ်ခြောက်ခု၌ အကြိုရွေးကောက်ပွဲများ ကျင်းပပြီးချိန်တွင် ဂျိုးဘိုင်ဒင်သည် ထရမ့်အား ယှဉ်ပြိုင်ရန် အသင့်ဖြစ်သော အခြေအနေသို့ ရောက်ရှိခဲ့သည်။ ဂျိုးဘိုင်ဒင်က ၎င်းအနေဖြင့် ကွဲပြားနေသောတိုင်းပြည်ကို ပြန်လည်စုစည်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - စိုးသူရ**

# ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်း မြေပြိုကျမှုတွင် သေဆုံးသူ ၄၄ ဦးအထိ မြင့်တက်လာ

**ဆော်ပေါ်လို မတ် ၁၁**
ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဆော်ပေါ်လိုပြည်နယ်၌ ပြီးခဲ့သော ရက်သတ္တပတ်အတွင်း ဖြစ်ပွားခဲ့သည့် မြေပြိုမှုများကြောင့် သေဆုံးသူဦးရေမှာ ၄၄ ဦးအထိ ရောက်ရှိလာခဲ့ပြီဟု ဒေသန္တရအာဏာပိုင်များက ပြောကြားခဲ့သည်။

**၃၄ ဦး ပျောက်ဆုံးနေဆဲ**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျမှုများ ဖြစ်ပွားကာ နေအိမ်များပျက်စီးခဲ့ရသည်။ နာမည်ကျော် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းမြို့ ဂူအာရူဂျာ၌ နောက်ထပ်လူ ၃၄ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။ မတ် ၃ ရက်တွင် ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းကမ်းရိုးတန်း၌ မုန်တိုင်းတစ်ခု တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ မြေပြိုကျမှုများ ဖြစ်ပွားခဲ့ပြီး လူသေဆုံးမှုများရှိခဲ့သည့်အပြင် အများအပြား ပျောက်ဆုံးခဲ့သည်။ ဂူအာရူဂျာ၊ ဆန်တို့စ်နှင့် ဆော်ဗင်ဆင့်တေးမြို့များ၌ လူသေဆုံးမှုများဖြစ်ပွားခဲ့ပြီး ဂူအာရူဂျာတွင် သဘာဝဘေးဒဏ် အဆိုးရွားဆုံးခံခဲ့ရသည်။ ဆန်တို့စ်နှင့် ဆော်ဗင်ဆင့်တေးမြို့များ၌ လူရှစ်ဦး သေဆုံးခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# COVID-19 ရောဂါကြောင့် အင်ဒိုနီးရှား၌ ပထမဦးဆုံးသေဆုံးမှု ဖြစ်ပွား



အင်ဒိုနီးရှားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာခ်မက်ယူရီယံတို

**ဂျကာတာ မတ် ၁၁**
COVID-19 ရောဂါကြောင့် အင်ဒိုနီးရှားနိုင်ငံ၌ ပထမဦးဆုံး သေဆုံးမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရက ယနေ့ကြေညာသည်။

**ရောဂါအခံရှိသူဖြစ်**

အဆိုပါ သေဆုံးသူသည် ပြည်ပနိုင်ငံတစ်နိုင်ငံမှ လာရောက်သော အသက် ၅၀ ကျော်အရွယ်ရှိ အမျိုးသမီးဖြစ်ပြီး ၎င်းမှာ ဆီးချို၊ သွေးတိုးနှင့် အဆုတ်ရောဂါရှိသူဖြစ်ကြောင်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အင်ဒိုနီးရှား အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာခ်မက်ယူရီယံတိုက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရသော လူနာသည် ယမန်နေ့ ဒေသစံတော်ချိန် ည ၂ နာရီခန့်က သေဆုံးသွားကြောင်း ပြောရေးဆိုခွင့်ရှိသူက ဂျကာတာမြို့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် COVID-19 ရောဂါကူးစက်ခံရသူ ၂၇ ဦးရှိသည်။ ၎င်းတို့အနက် နှစ်ဦးသည် ရောဂါမှ ပြန်လည်သက်သာလာခဲ့ကြောင်း သိရသည်။

သို့သော် အဆိုပါနှစ်ဦးသည် ၎င်းတို့၏ နေအိမ်တွင် သီးသန့်နေထိုင်ရန် လိုအပ်ကြောင်း ယူရီယံတိုက ထပ်မံပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အီရန်နိုင်ငံ၌ ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၆၃ ဦးသေဆုံး

**တီဟီရန် မတ် ၁၁**
လွန်ခဲ့သည့် ၂၄ နာရီအတွင်း နို့ဗယ်ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၆၃ ဦး သေဆုံးခဲ့ကြောင်း အီရန်နိုင်ငံက ယနေ့ထုတ်ပြန်ကြေညာခဲ့သည်။

ဓာတ်ခွဲခန်းရလဒ်များအရ နိုင်ငံအတွင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသည့် အတည်ပြုလူနာ ၉၅၈ ဦး ထပ်မံတွေ့ရှိသည်ဟု အတည်ပြုနိုင်ခဲ့ကြောင်း၊ ဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၉၀၀၀ အထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ကီယာနော့ရှ် ဂျာဟန်ပေါ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကြောင့် ၆၃ ဦး သေဆုံးသည်ဟု တင်ပြချက်များကို ဝမ်းနည်းဖွယ်ရာ လက်ခံရရှိခဲ့ကြောင်း၊ ယင်းဗိုင်းရပ်စ်ကြောင့် အသက်ဆုံးရှုံးသူအရေအတွက် စုစုပေါင်းသည် ၃၅၄ ဦးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြို့တော် တီဟီရန်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာသစ် ၂၅၆ ဦးရှိပြီး ကူးစက်မှုအများဆုံးဖြစ်သည်။ အစ္စဖာဟမ်ပြည်နယ်တွင် လူနာသစ် ၁၇၀၊ တီဟီရန်မြို့ အရှေ့ဘက်ရှိ ဆမ်နမ်ပြည်နယ်တွင် လူနာသစ် ၆၃ ဦးရှိသည်။ ဘုရှ်အာအပါအဝင် ခိုဂီလူယာနှင့် ဘိုယီရာမဒ်ဒေသတို့တွင် ထပ်မံကူးစက်ခံရသူများမရှိကြောင်း သိရသည်။

အီရန်နိုင်ငံတွင် အာဏာပိုင်များက ခရီးသွားလာခြင်းကို ရှောင်ကြဉ်ကြရန် ပြည်သူများကို သတိပေးခဲ့သည်။ အာဏာပိုင်များက တက္ကသိုလ်များ၊ စာသင်ကျောင်းများကို ပိတ်ထားပြီး ခရီးသွားလာမှုကို ဟန့်တားရန်အတွက် ဟိုတယ်များနှင့် ကမ္ဘာလှည့်ခရီးသည်များ တည်းခိုရာနေရာများကို ပိတ်ထားသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - အောင်ဇော်လင်း**

# ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး၏ အာရှခရီးစဉ် ရွှေ့ဆိုင်း

**ဝါရှင်တန် မတ် ၁၁**
ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် လာမည့်ရက်သတ္တပတ်အတွင်း အိန္ဒိယ၊ ပါကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံများသို့ သွားရောက်မည့် ခရီးစဉ်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်ခ်အက်စပါက ရွှေ့ဆိုင်းလိုက်ကြောင်း ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး၏ အတွင်းရေးမှူးဖြစ်သူ ဂျိုနသန်ဟော့မန်းက သတင်းထောက်များကို အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ခရီးစဉ်ရွှေ့ဆိုင်းရသော အကြောင်းရင်းကို မေးမြန်းရာတွင် ကာကွယ်ရေးဝန်ကြီး မက်ခ်အက်စပါအနေဖြင့် အမေရိကန်နိုင်ငံ၌ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါပြဿနာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သောကြောင့်ဖြစ်ကြောင်း ဟော့မန်းက ပြောသည်။ ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးဦး ပြည်ပ၌ သီးခြားခွဲထား၍ စောင့်ကြည့်မှု ကြုံတွေ့မည်ကို စိုးရိမ်ခြင်းကြောင့် ခရီးစဉ်ကိုရွှေ့ဆိုင်းခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံတွင်းနှင့် ပြင်ပရှိ အမေရိကန်စစ်သည် သုံးဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည်။

ဥရောပတိုက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အမေရိကန်တပ်မှူးနှင့် ရုံးအဖွဲ့ဝင် အများအပြားမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည်ဟု သံသယရှိမှုကြောင့် လက်ရှိအချိန်တွင် သီးခြားစောင့်ကြည့်ခြင်းခံနေရသည်။ ပင်တဂွန်ကလည်း ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားလာမှုနှင့်ပတ်သက်၍ ပိုမိုသတိထားဆောင်ရွက်လျက်ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ကျော်ထိုက်စိုး**



# ဗြိတိန် အငယ်တန်းကျန်းမာရေးဝန်ကြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရ

**လန်ဒန် မတ် ၁၁**
ဗြိတိန် အငယ်တန်းကျန်းမာရေးဝန်ကြီး နာဒိုင်ဒေါ်ရစ်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသည်ကို ယနေ့ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။ ရောဂါပိုးရှိကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် အငယ်တန်းကျန်းမာရေးဝန်ကြီး နာဒိုင်ဒေါ်ရစ်အား သီးခြားစောင့်ကြည့်လျက်ရှိသည်။

ဗြိတိန်အောက်လွှတ်တော် ကွန်ဆာဗေးတစ်တစ်ဦးဖြစ်သူ နာဒိုင်ဒေါ်ရစ်သည် နိုင်ငံအတွင်း ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်မှုများကို ရှေ့တန်းမျက်နှာစာတွင် ကြိုးစားလုပ်ဆောင်ခဲ့ကြောင်း ဗြိတိန်မီဒီယာများက သတင်းဖော်ပြကြသည်။ ရောဂါလက္ခဏာများ ခံစားနေစဉ် ပါလီမန်အတွင်း ၎င်း၏ တာဝန်ဝတ္တရားများထမ်းဆောင်ခဲ့သည့်အပြင် ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်တက်ရောက်ခဲ့သည့် အစည်းအဝေးတွင်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

နာဒိုင်ဒေါ်ရစ်နှင့် ထိတွေ့ဆက်ဆံခဲ့သူများကို စောင့်ကြည့်လျက်ရှိသည်ဟု ကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကို သတိရှိရှိကာကွယ်ပါ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

2019 nCoV ဗိုင်းရပ်စ်ကို အများပြည်သူတို့ အထူးစိတ်ဝင်စားနေကြပြီ ဖြစ်သည်။

"n"ဆိုသည်မှာ Novel ဗိုင်းရပ်စ်အသစ်တစ်မျိုးဟု ဆိုလိုကြောင်း သိရသည်။ CoV ဆိုသည်က Coronavirus ကိုရိုနာဗိုင်းရပ်စ်အုပ်စုဝင်ကို ခေါ်သည်။ သရဖူကဲ့သို့ ပုံသဏ္ဍာန်ရှိသော ဗိုင်းရပ်စ်ရောဂါပိုးတို့ကို ကိုရိုနာဗိုင်းရပ်စ်များဟုခေါ်ပြီး မျိုးကွဲပေါင်း ၂၀၀ ကျော် ရှိသည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တွေ့ရှိခဲ့သော ထိုရောဂါပိုးကို 2019 nCoV ဟု ခေါ်ဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ဗိုင်းရပ်စ်ပိုးတို့သည် များသောအားဖြင့် Species barriers ခေါ် မိမိကျင်လည်ကျက်စားရာ သတ္တဝါမျိုးများတွင်သာ နေထိုင်ကြလေ့ရှိသည်။ သတ္တဝါများမှလူဆီ ကူးစက်လေ့မရှိကြ။ သို့သော် တစ်ခါတစ်ရံ ထိုစည်းကိုကျော်ပြီး လူများထံ ရောက်လာလေ့ရှိကြသည်။ 2019 nCoV ဗိုင်းရပ်စ်သည် ထိုအမျိုးအစားထဲက ဖြစ်သည်။ SARS၊ MERS ဗိုင်းရပ်စ်ပိုးများက ကြောင်ကတိုး (SARS)၊ ကုလားအုပ် (MERS) တို့မှ လာသလို nCoV ကလည်း လင်းနို့၊ မြွေဟောက် စသည်တို့မှ ကူးစက်လာသည်ဟု ယူဆကြသည်။ တရုတ်ပြည် ဝူဟန်မြို့ သားငါးဈေးကွက်ရှိ အဆိုပါ တိရစ္ဆာန်များကို စားဖို့ရောင်းချသော တိရစ္ဆာန်များက ကူးစက်လာခြင်းဖြစ်မည်ဟု ယူဆကြခြင်းဖြစ်သည်။ Journal of virology တွင် ထိုဗိုင်းရပ်စ်ပိုးသည် မြွေများမှတစ်ဆင့် ကူးစက်လာကြောင်း ဖော်ပြထားသည်။ Chinese cobra (naja atra) တရုတ်မြွေဟောက်နှင့် many banded ktait (Bungarus









multicintus) မြွေမျိုးတို့ဖြစ်ကြောင်း သိရသည်။

Yasemin Saplakoglu – Staff Writer, Jeanna Bryner – Live Science Editor–in–Chief

ကိုယ်အပူချိန်တက်ခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းတို့ အဓိကဖြစ်ပွားတတ်သည်။ (ရောဂါလက္ခဏာများနှင့်ပတ်သက်ပြီး အထူးမဖော်ပြလိုတော့ပါ။ ကာကွယ်ကုသနိုင်သည့်ဆေးများလည်း မရှိသေးပါ။ အထူးသဖြင့် လူတိုင်းမိမိတို့ကိုယ်ကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်းသည်သာ အကောင်းဆုံးကာကွယ်နည်းဖြစ်သည်ဟု ယူဆပါသဖြင့် ယင်းကို အလေးပေးဖော်ပြလိုပါသည်)

### သဘာဝနည်းဖြင့် ကာကွယ်ပါ

အများပြည်သူတို့ လိုက်နာဆောင်ရွက်နိုင်မည့် သဘာဝကာကွယ်နည်းအချို့ကို တင်ပြလိုပါသည်။

၁။ အိပ်ရေးဝဝအိပ်ပါ။ အိပ်ရေးပျက်ခြင်း၊ အိပ်မပျော်ခြင်း၊ စိတ်ဖိစီးခြင်း စသည်တို့သည် Cortisol ကော်တီဆောဟော်မုန်းကို အချိန်ကြာကြာ ထွက်နေစေသဖြင့် လူ့ကိုယ်ခံအားစနစ်ကို ဖိနှိမ်ထားခြင်းခံရစေသည်။

နေ့စဉ် ခုနစ်နာရီခန့် အိပ်ရန်လိုအပ်သည်။ နေထိုင်မကောင်းဖြစ်နေချိန်တွင် နေ့လယ် မိနစ် ၂၀ ခန့် အချိန်ပေး အိပ်စက်အနားယူနိုင်ပါက ပိုကောင်းသည်။ စိတ်ဖိစီးခြင်းကြောင့် ကိုယ်ခံအားစနစ်ကို ထိခိုက်စေနိုင်ကြောင်း လေ့လာမှုများအရ တွေ့ရှိရပြီးဖြစ်သည်။

၂။ ဆေးလိပ်မသောက်ပါနှင့်။ ဆေးလိပ်သောက်ခြင်းကြောင့် အသက်ရှူလမ်းကြောင်း ရောင်ရမ်းမှု၊ ဘက်တီးရီးယားပိုးများ အလွယ်တကူ ဝင်ရောက်စေနိုင်မှုများ ဖြစ်စေနိုင်သည်။

၃။ အရက်မသောက်ပါနှင့်။ အရက်ကြောင့် ကိုယ်ခံအားစနစ်ကို ထိခိုက်စေသလို အဆုတ်ကိုလည်း ထိခိုက်လွယ်စေသည်။

၄။ သစ်သီး၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ စားပေးပါ။ ယင်းတို့သည် ကိုယ်ခံအားစနစ် ကြံ့ခိုင်စေရေးအတွက် အထူးလိုအပ်သော ကုန်ကြမ်းများ ဖြစ်သည်။ Bone broth ခေါ် အရိုးစွပ်ပြုတ်များသည် ကိုယ်ခံအားစနစ်ကို အကျိုးပြုနိုင်ကြောင်း သိရသည်။ အသားဓာတ်သည် ခုခံကာကွယ်ရေးစနစ်အတွက် အထူးလိုအပ်သည်။

Antibody ခေါ် ပဋိပစ္စည်းများ တည်ဆောက်ရာတွင် အမိုင်နိုအက်စစ် ခေါ် ပရိုတင်းအသားဓာတ်၊ စစ်စတင်းန် (Cysteine) ခေါ် အသားဓာတ်တို့က အဓိကနေရာတွင် ပါဝင်သည်။

၅။ Probiotics ခေါ် ခန္ဓာကိုယ်အတွက် အကျိုးပြုသည့် ဘက်တီးရီးယားများကို ထိန်းသိမ်းပြန့်ပွားစေသည်။ ဆေးများသည် အထူးအကျိုးပြုနိုင်သည်ကို တွေ့ရသည်။ ယင်းသည် အစာလမ်းကြောင်းနှင့် အသက်ရှူလမ်းကြောင်းတွင် ကူးစက်ရောဂါပိုးများ ဝင်ရောက်ခြင်းကို ကောင်းစွာ တားဆီးနိုင်သည်။ ဒိန်ချဉ်ကို စားသုံးပေးခြင်းကလည်း အကျိုးပြုဘက်တီးရီးယားများကို တိုးပွားစေနိုင်သည်။ လူ့ကိုယ်ခံအားစနစ်သည် အူလမ်းကြောင်းတွင် ၇၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရသည်။

၆။ နေပူစာလှုံပါ။ နေရောင်သည် အရေပြားမှတစ်ဆင့် ဗီတာမင်ဒီ (Vitamin D) ကို ထွက်စေနိုင်သည်။ နေရောင်ခြည်တွင် ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် ထိတွေ့လိုက်ခြင်းဖြင့် လိုအပ်သောဗီတာမင်ဒီကို ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။ ဗီတာမင်ဒီ ပမာဏနည်းပါးခြင်းသည် ကိုယ်ခံအားစနစ် အားနည်းစေနိုင်သည်ကို တွေ့ရသည်။ ၂၀၁၀ ပြည့်နှစ် လေ့လာမှုတစ်ခုအရ ဗီတာမင်ဒီ 1200 IU ပါဝင်သောဆေးပြား နေ့စဉ်သုံးစွဲပါက တုပ်ကွေးအဖျားကို ကာကွယ်နိုင်ကြောင်း သိရသည်။

၇။ နံနက်ပိုင်းတွင် သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှုကို မိနစ် ၃၀ မျှ လုပ်ပေးခြင်းဖြင့် ကိုယ်ခံအားစနစ်ကို ကြံ့ခိုင်စေနိုင်သလို ညအခါ ကောင်းစွာအိပ်ပျော်စေနိုင်သည်။

ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း (ဂျင်း)တို့ကို စားသုံးပေးပါ။ ကြက်သွန်ဖြူတွင် အော်လင်း (Allin)နှင့် အော်လီနေ့စ် (Allinase) ခေါ် ဒြပ်ပေါင်းနှင့် အင်ဇိုင်းတို့ ပါဝင်ပါသည်။ ကိုယ်ခံအားစနစ်ရှိ တီဆဲလ်(T Cell) တို့ကို ထိုဓာတ်တို့က အားပေးပါသည်။ ကြက်သွန်နီတွင် ကန့်ဓာတ် (Sulphar)၊ အော်လီနေ့စ်၊ ဖလေဗင်နွိုက်စ်၊ ဖီနောလစ်ဒြပ်ပေါင်းများ စသည့် antioxidants ခေါ် ခန္ဓာကိုယ်ကိုထိခိုက်စေသည့် ဓာတ်ညစ်များကို ဖယ်ရှားပေးသည့် ဓာတ်များ၊ မှိုပိုးများကို သတ်နိုင်သည့် ကွီနိုလင်း (Quinolines) များ စသည်တို့ ပါဝင်ပါသည်။ အသက်ရှူလမ်းကြောင်း၊ အူလမ်းကြောင်းတို့ရှိ ရောဂါပိုးများနှင့် တုပ်ကွေးဗိုင်းရပ်စ်တို့ကို ခံနိုင်ရည်ရှိကြောင်း သိရသည်။ ချင်း (ဂျင်း) တွင် အဓိကအားဖြင့် ဂျင်ဂျီရောလ် (Gingerol) ဓာတ် ပါဝင်သည်။ အအေးမိနှာစေးမှအစ တုပ်ကွေးရောဂါအပါအဝင် အသက်ရှူလမ်းကြောင်း ရောဂါဝင်ရောက်မှုများကို ခံနိုင်ရည်ရှိစေသည်ဟု သိရသည်။ ရေနွေးကြမ်း(လက်ဖက်ခြောက်)ကို သင့်တင့်စွာ သောက်သုံးပေးသင့်သည်။ အချိုရည်များ၊ ရေခဲရေများ မသောက်သင့်ပါ။

၈။ Processed food ခေါ် ကြာရှည်ခံစေရန် စီမံထားသော အစားအစာများကို ရှောင်သင့်သည်။ သန့်ရှင်းလတ်ဆတ်သော အစားအစာများကိုသာ စားသုံးသင့်သည်။

၉။ ဗီတာမင်စီနှင့် ဇင့်ဓာတ်တို့သည် ခုခံကာကွယ်ရေးစနစ်ကို ကောင်းစွာအကျိုးပြုနိုင်ပါသည်။ ၂၅ မီလီဂရမ်ရှိ ဇင့်ဆေးပြားကို သုံးဆောင်နိုင်ပါသည်။ အစေ့အဆန်များ၊ ပဲများ၊ နို့၊ ဥများ၊ ပင်လယ်စာ၊ စိမ်းစိုသော အသီးအရွက်များတွင် ဇင့်ဓာတ်ကြွယ်ဝပါသည်။ အရည်ရွှမ်းသော သစ်သီးများကို စားပေးခြင်းဖြင့် သဘာဝ



ဗီတာမင်စီများစွာ ရစေနိုင်သည်။

၁၀။ ချောင်းဆိုးလျှင် အဝတ်တစ်ခုခု အုပ်ပြီးဆိုးပါ။ လက်မှန်မှန်ဆေးပါ။ Hand sansitizers ခေါ် လက်ဆေးရည်အများစုတွင် triclosan ခေါ် ဓာတုပစ္စည်း ပါဝင်လေ့ရှိရာ ယင်းသည် တိရစ္ဆာန်များတွင် ဟော်မုန်းများကို ထိခိုက်စေနိုင်ကြောင်း တွေ့ရသည်ဟု သိရသည်။ လက်ဆေးပါက ဆပ်ပြာနှင့် ရေကိုသာ သုံးခြင်းက ပိုထိရောက်ပြီး အန္တရာယ်ကင်းစေကြောင်း သိရသည်။ လာဗင်ဒါအဆီကို သုံးနိုင်သည်ဟုလည်း သိရသည်။ လက်ဆေးကြွေဇလုံများ၊ တံခါးလက်ကိုင်များ၊ အိမ်သာများကို ကောင်းစွာသန့်ရှင်းနေစေသင့်သည်။ မိနစ် ၂၀ ခန့် သေချာစွာလက်ဆေးပါ။

၁၁။ နေအိမ်တံခါးများ ဖွင့်ထားပါ။ လေဝင်လေထွက်ကောင်းပါစေ။ နေအိမ်ထဲတွင် တတ်နိုင်သမျှ သန့်ရှင်းခြောက်သွေ့နေအောင် ဆောင်ရွက်ပါ။ အသက်ကြီးသူများ၊ အသက် ၆၅ နှစ်အထက် လူကြီးများ၏ ကိုယ်ခံအားစနစ်ရှိ တီဆဲလ် (T Cells) များ လျော့ကျသွားတတ်သည်။ ထိုဆဲလ်တို့သည် ကူးစက်ရောဂါပိုးများကို တိုက်ခိုက်သည့် အဓိကခုခံဆဲလ်များ ဖြစ်ကြသည်။ ကလေးငယ်များ၊ နာတာရှည်ရောဂါရှင်များ၊ ခုခံအားကျနေသူများကို အထူးဂရုပြုစောင့်ရှောက်ပါ။ လူစုလူဝေးများရာ၊ လေဝင်လေထွက်မကောင်းသောနေရာများတွင် အချိန်ကြာကြာနေခြင်း ရှောင်ပါ။ Mask ခေါ် နှာခေါင်းစည်းများ တပ်ဆင်သွားလာပါ။ အထူးသဖြင့် မိမိတွင် အအေးမိနှာစေးပြီဆိုကတည်းက Mask ကို မဖြစ်မနေတပ်ဆင်ပါ။ Mask ကို စနစ်တကျတပ်ဆင်ရန် လိုပါသည်။ သာမန်သုံး Surgical Mask ထက် N95 ခေါ် Mask ကို လူကြိုက်များကြသည်။ ငါးမိုက်ခရွန်ခန့် အထိသေးငယ်သည့် အမှုန်များကို စစ်ထားနိုင်သဖြင့် ဗိုင်းရပ်စ်ကို ဟန့်တားနိုင်သည်ဟု ယူဆကြပါသည်။ သို့သော် ယင်းသည် အသက်ရှူကျပ်စေသဖြင့် သတိပြုသုံးသင့်သည်။ လိုအပ်မှသာသုံးလျှင် ကောင်းသည်။ မည်သည့် Mask ကို သုံးသည်ဖြစ်စေ သတိပြုရန်များ ရှိသည်။ ကြာရှည်သုံးပါက အာငွေ့ဖြင့် စိုစွတ်လာပြီး ရောဂါပိုးများ ကပ်လာနိုင်ပါသည်။ ထိုအခါ ချက်ချင်းစွန့်ပစ်သင့်သည်။ အကောင်းဆုံးမှာ မှန်မှန်လက်ဆေးခြင်းသာ ဖြစ်သည်။ နှာစေးချောင်းဆိုးလျှင် အဝတ်တစ်ခုခုဖြင့် ကာကွယ်ထားခြင်းကို သတိမလစ်စေဘဲဆောင်ရွက်သင့်သည်။ အခြားသူများထံ မကူးစက်စေရန်ဖြစ်သည်။ အအေးမိနှာစေးရာမှ အဖျားဝင်၊ ကိုယ်လက်ကိုက်ခဲလာပြီဆိုသည်နှင့် ဆရာဝန်များ၊ အနီးဆုံးကျန်းမာရေးဌာနများသို့ပြသကာ လိုအပ်သလို ဆောင်ရွက်သင့်သည်။ အရေးကြီးသည်မှာ လူတိုင်းတစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်သင့်ခြင်း ဖြစ်သည်။

ယခုဖြစ်ပေါ်နေသော နိုဗယ်လ်ကိုရိုနာဗိုင်းရပ်စ်ကို ပေါ့ဆစွာ မနေသင့်ဘဲ သင့်တင့်မျှတသောအသိဖြင့် လက်တွေ့ ကာကွယ်ဆောင်ရွက်နိုင်ကြသည်။ ယခု ဖော်ပြခဲ့သော သဘာဝနည်းများဖြင့် ကာကွယ်စောင့်ရှောက်ခြင်းတို့သည် အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်ကြလိမ့်မည်ဟု ယူဆမိပါသည်။ ။

# လူမှုခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

( ဂ ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ပဋိညာဉ်ကို သဘောတူလက်ခံခြင်း မရှိသော်လည်း မြီရှင်များကော်မတီကဖြစ်စေ၊ ၎င်းတို့ကိုယ်စား ယုံမှတ်အပ်နှံခြင်းခံရသူမှတစ်ဆင့်ဖြစ်စေ၊ ထိုသဘောတူညီချက် တွင်ပါဝင်သော အခြားစာချုပ်ဝင်တစ်ဦးဦးကဖြစ်စေ တရားရုံးသို့ ယင်းအကြောင်းအရာနှင့်စပ်လျဉ်း၍ အနုညာတစီရင်ဆုံးဖြတ်ခြင်း နည်းလမ်းအရ ဖြေရှင်းစေရေးလွှဲအပ်စေသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်ထားနိုင်သည်။

**အခန်း(၈)**

**လူမွဲဖြစ်မှုနှင့်စပ်လျဉ်းသည့် ပြစ်မှုများ**

**ဤအခန်းနှင့် သက်ဆိုင်ခြင်း**

၃၃၂။ (က) တရားရုံးသည် လျှောက်ထားချက်အရ မြီစားအပေါ် လူမွဲအဖြစ် ခံယူစေသည့် အမိန့်တစ်ရပ် ချမှတ်သည့်အခါ ဤအခန်းပါပြဋ္ဌာန်း ချက်များသည် သက်ဆိုင်စေရမည်။

( ခ ) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်သည်ဖြစ်စေ မပယ် ဖျက်သည်ဖြစ်စေ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေ ရမည်။

( ဂ ) နောက်ထပ်လူမွဲဖြစ်မှုနှင့်စပ်လျဉ်း၍ ထိုလူမွဲ၏ ပေးရန်တာဝန် များကို ထိခိုက်စေခြင်းမရှိဘဲ လူမွဲအဖြစ်မှရပ်စဲပြီးနောက်ပိုင်း ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ လူမွဲသည် ဤအခန်းပါ ပြစ်မှု တစ်ရပ်အတွက် ပြစ်ဒဏ်ထိုက်သင့်ခြင်းမရှိစေရ။ သို့ရာတွင် လူမွဲ ဖြစ်မှုမရပ်စဲမီကျူးလွန်ခဲ့သော ပြစ်မှုတစ်ရပ်အတွက် မှုခင်း တစ်စုံတစ်ရာဖြင့် တရားစွဲဆိုဆောင်ရွက်ခြင်းကို ဤအပိုင်းပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ တားမြစ်ခြင်းမရှိစေရ။

(ဃ) ဤအခန်းအရ ပြစ်မှုတစ်ရပ်အတွက် တရားစွဲဆိုသော မှုခင်း တစ်ရပ်တွင် ယင်းပြစ်မှုကို နိုင်ငံတော်ပြင်ပတွင် ကျူးလွန်ခဲ့သည် ဆိုသော အကြောင်းပြချက်ဖြင့် ခုခံချေပခွင့် မရှိစေရ။

( င ) မည်သူမဆို ဤအခန်းပါပြစ်မှုကို ကျူးလွန်လျှင် တရားရုံးသည် ထိုသူအား ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ် သိန်းငါးဆယ်အထိ ချမှတ်နိုင်သည်။

( စ ) ဤအခန်းတွင်-

(၁) လူမွဲပိုင်ပစ္စည်းတွင်ပါဝင်သော ပစ္စည်း သို့မဟုတ် တရားဝင် ပစ္စည်းထိန်းထံသို့ဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ဖြစ်စေ လက်ရောက်ပေးအပ်ရန် ဆင့်ဆိုသတ်မှတ်ထားသော ပစ္စည်းဆိုသောစကားရပ်တွင် ပုဒ်မ ၂၈၆ သို့မဟုတ် ၂၈၇ အရ အကြောင်းကြားစာ ပေးပို့တောင်းခံသည့်ပစ္စည်းများ လည်း ပါဝင်ရမည်၊

(၂) **ကြားကာလ**ဆိုသည်မှာ လူမွဲအဖြစ်ခံယူစေသည့် အမိန့် ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းချိန်မှစ၍ ယင်းအမိန့် ချမှတ်သည်အထိကြာသော ကြားကာလကိုဆိုသည်။

**ကြံရွယ်ချက်မရှိကြောင်း ခုခံချေပခြင်း**

၃၃၃။ ဤအခန်းပါ ပြစ်မှုတစ်ရပ်နှင့် စွဲဆိုခြင်းခံရသူသည် ၎င်း၏လုပ်ငန်း ကိစ္စများကို ဆောင်ရွက်ရာ၌ လိမ်လည်ရန် သို့မဟုတ် ဝှက်သိမ်းရန် ကြံရွယ် ချက်မရှိကြောင်း သက်သေထင်ရှားပြသနိုင်လျှင် ထိုသူသည် ဤအပိုင်းပါပြစ်မှု ကို ကျူးလွန်ခြင်းမရှိဟု ဤပုဒ်မအရ မှတ်ယူနိုင်သည်။

**လူမွဲဖြစ်မှုမစတင်မီနှင့် စတင်ပြီးနောက်ပိုင်း လူမွဲ၏ကျူးလွန်မှုများ ထုတ်ဖော်ပြောကြားရန် ပျက်ကွက်ခြင်း**

၃၃၄။ (က) လူမွဲသည် အောက်ပါတို့ကို ထုတ်ဖော်ရန်ပျက်ကွက်လျှင် ပြစ်မှု ကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါပြဋ္ဌာန်းချက် များနှင့် သက်ဆိုင်စေရမည် -

(၁) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရ သူထံသို့ မိမိပစ္စည်းစာရင်းကို မိမိသိရှိသည့်အတိုင်း ဖော်ထုတ်ပြောကြားရန် ပျက်ကွက်ခြင်း၊

( ၂ ) လူမွဲက ၎င်းပိုင်ပစ္စည်းတစ်ရပ်ရပ်အား မည်သည့်အချိန်က မည်သူ့ထံသို့ မည်သည့်တန်ဖိုးဖြင့် ရောင်းချခဲ့သည် သို့မဟုတ် မည်သို့မည်ပုံ စီမံခန့်ခွဲခဲ့သည်ကို တရားဝင်ပစ္စည်း ထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ သတင်းပေး ပြောကြားရန် ပျက်ကွက်ခြင်း။

( ခ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၂)ပါပြဋ္ဌာန်းချက်သည် လူမွဲက မိမိ လုပ်ငန်းအား လုပ်ဆောင်မြဲနည်းလမ်းများအတိုင်း ဆောင်ရွက်ရာ၌ မိမိကိုယ်တိုင် သို့မဟုတ် မိမိ၏မိသားစုအတွက် သာမန်ကုန်ကျ စရိတ်များကို ပေးချေမှုတစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

**ပိုင်ဆိုင်မှုကို ဝှက်သိမ်းထားခြင်း**

၃၃၅။ (က) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်လျှင် ပြစ်မှု ကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက် များနှင့် သက်ဆိုင်စေရမည်-

(၁) ဥပဒေအရ လက်ရောက်ပေးအပ်ရန် ဆင့်ဆိုထားသည့် မိမိ ၏လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင်ရှိသော လူမွဲပိုင်ပစ္စည်းတွင်ပါဝင်သည့် ပစ္စည်းတစ်ရပ်ရပ်ကို တရားဝင်ပစ္စည်းထိန်းထံဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူ ထံဖြစ်စေ၊ ထိုသူတို့က ညွှန်ကြားထားသည့်အတိုင်းဖြစ်စေ လက်ရောက်ပေးအပ်မှုမရှိခြင်း၊

(၂) မိမိရရန်ရှိသော ကြွေးမြီ သို့မဟုတ် မိမိပေးရန်ရှိသော ကြွေးမြီတစ်ရပ်ကို ဝှက်သိမ်းထားခြင်း သို့မဟုတ် နည်း ဥပဒေများအရသတ်မှတ်ထားသော ငွေပမာဏထက် မနည်း သော တန်ဖိုးရှိသောပစ္စည်းကို ဝှက်သိမ်းထားခြင်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန် မိမိအား ဆင့်ဆိုထားသည့်ပစ္စည်းကို လက်ဝယ်ထားခြင်း၊

(၃) လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်းမပြုမီ ၁၂ လအတွင်း သို့မဟုတ် ကြားကာလအတွင်း ပုဒ်မခွဲငယ်(၂) အရ ပြစ်မှုတစ်ရပ် မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပြီးနောက် ပြုလုပ်ခဲ့လျှင်။

( ခ ) နည်းဥပဒေများအရ သတ်မှတ်ထားသော ငွေပမာဏထက် မနည်း သည့် တန်ဖိုးရှိပြီး တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံ ခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန် ဆင့်ဆိုထားသည့် မိမိ လက်ဝယ်ရှိပစ္စည်းတစ်ရပ်ကို ကြားကာလအတွင်း၌ လူမွဲက ဖယ်ရှားလျှင်ဖြစ်စေ၊ ဖယ်ရှားခဲ့လျှင်ဖြစ်စေ ၎င်းသည် ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်း ချက်များနှင့် သက်ဆိုင်စေရမည်။

( ဂ ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားရုံးက လူမွဲအား အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရန် ဆင့်ဆိုခဲ့ရာ၌ ကျိုးကြောင်းဆီလျော်သည့် အကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ၎င်းသည် ပြစ်မှုကျူးလွန်ရာရောက်သည် -

(၁) လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်းမပြုမီ ၁၂ လကာလအတွင်း သို့မဟုတ် ကြားကာလအတွင်း လူမွဲပိုင်ပစ္စည်းများအနက်မှ အများစုဆုံးရှုံးခဲ့မှုနှင့်စပ်လျဉ်း၍ တာဝန်ယူစာရင်းရှင်းလင်း တင်ပြစေခြင်း သို့မဟုတ်

(၂) ထိုဆုံးရှုံးမှုအတွက် ကျေနပ်လောက်ဖွယ်ရာ ရှင်းလင်းတင်ပြ စေခြင်း။

**စာအုပ်စာတမ်းများကို ဝှက်သိမ်းထားခြင်းနှင့် လိမ်လည်ရေးသွင်းခြင်း**

၃၃၆။ (က) လူမွဲပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ ၎င်း၏ လက်ဝယ် သို့မဟုတ် ထိန်းချုပ်မှုအောက်တွင်ရှိသော စာအုပ် စာတမ်းများနှင့် အခြားမှတ်တမ်းများကို တရားဝင်ပစ္စည်းထိန်း အရာရှိထံဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူထံဖြစ်စေ ထိုသူတို့က ညွှန်ကြားထားသည့်အတိုင်းဖြစ်စေ လက်ရောက်ပေးအပ်ခြင်း မပြုလျှင် ၎င်းသည် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

( ခ ) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည် -

(၁) လူမွဲသည် ၎င်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်းများ တင်ပြမှုကို တားဆီးခြင်း သို့မဟုတ် ကြားကာလအတွင်း၌ တားဆီးခဲ့ခြင်း၊

(၂) လူမွဲသည် ၎င်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်း များကို ဝှက်သိမ်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း သို့မဟုတ် ဖြတ်တောက်ခြင်း သို့မဟုတ် လိမ်လည်အတုပြုခြင်း သို့မဟုတ် ထိုသို့ ဝှက်သိမ်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း သို့မဟုတ် ဖြတ်တောက်ခြင်း သို့မဟုတ် လိမ်လည်အတုပြု ခြင်းတစ်ရပ်ရပ်ကို ဖြစ်ပေါ်စေခြင်း သို့မဟုတ် တမင်ခွင့်ပြု ခြင်း၊

(၃) လူမွဲသည် ၎င်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းနှင့် အခြားသောမှတ်တမ်း များတွင် လိမ်လည်ရေးသွင်းခြင်း သို့မဟုတ် ဖြစ်ပေါ်စေခြင်း သို့မဟုတ် တမင်ခွင့်ပြုခြင်း၊

(၄) လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်းမပြုမီ ၁၂ လအတွင်း သို့မဟုတ် ကြားကာလအတွင်း ပုဒ်မခွဲငယ် (၂) သို့မဟုတ် (၃) အရ ပြစ်မှုတစ်ရပ်မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို လူမွဲအဖြစ် ခံယူစေသည့်အမိန့်ချမှတ်ပြီးနောက် ပြုလုပ်ခဲ့ခြင်း။

( ဂ ) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည် -

(၁) လူမွဲသည် ၎င်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်း များကို စီမံခန့်ခွဲခြင်း သို့မဟုတ် ပြောင်းလဲခြင်း သို့မဟုတ် ထိုသို့ဖြစ်ပေါ်စေခြင်း သို့မဟုတ် တမင်ခွင့်ပြုခြင်း၊

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်းမပြုမီ ၁၂ လအတွင်း သို့မဟုတ် ကြားကာလအတွင်း ပုဒ်မခွဲငယ် (၁) အရ ပြစ်မှုတစ်ရပ် မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပြီးနောက် ပြုလုပ်ခဲ့ခြင်း။

(ဃ) ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄) နှင့် ပုဒ်မခွဲ(ဂ)ပုဒ်မခွဲငယ် (၂) တို့တွင် အချိန်ကာလအား ၁၂ လအဖြစ် ဖော်ပြထားသော်လည်း ကုန်သွယ်မှုမှတ်တမ်းနှင့် သက်ဆိုင်သည့် လျှောက်ထားချက်တွင် ယင်းကာလအစား နှစ်နှစ်ဟု မှတ်ယူရမည်။

( င ) ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသော ကုန်သွယ်မှုမှတ်တမ်းဆိုသည်မှာ အောက်ပါမှတ်တမ်းများအပါအဝင် လူတစ်ဦးတစ်ယောက်၏ စီးပွားရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းကိစ္စများ သို့မဟုတ် ငွေကြေး အခြေအနေကိုဖော်ပြသော သို့မဟုတ် ရှင်းလင်းတင်ပြသော စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်းများကိုဆိုသည်-

(၁) ရငွေပေးငွေများနှင့်စပ်လျဉ်း၍ ထားရှိသည့် ပုံမှန်ငွေစာရင်း မှတ်တမ်းများ၊

(၂) ပုံမှန်ကုန်စည်စာရင်းမှတ်တမ်းများ၊

(၃) လက်လီရောင်းချသော ကုန်စည်များမှတစ်ပါး ရောင်းသူနှင့် ဝယ်သူတို့ကို ဖော်ပြမှတ်တမ်းတင်ထားသည့် ကုန်စည် ရောင်းဝယ်မှု မှတ်တမ်းများ။

**မမှန်မကန်ရေးသွင်းဖော်ပြချက်များ**

၃၃၇။ (က) လူမွဲသည် ၎င်း၏လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဤအပိုင်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ရန်သတ်မှတ် ထားသော ရေးသွင်းဖော်ပြချက်တစ်ရပ်ပြုလုပ်ရာတွင်လည်း ကောင်း အရေးပါသောအချက်အလက်များကို ထိမ်ချန်ခြင်းပြုလျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်း ချက်များနှင့် သက်ဆိုင်စေရမည်။

( ခ ) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်ရာရောက်သည် -

(၁) လူမွဲခံယူခြင်းဆိုင်ရာမှုခင်း၌ တစ်စုံတစ်ဦးသည် ကြွေးမြီ ရရန်ရှိကြောင်း မမှန်မကန် သက်သေထင်ရှားပြသ တောင်းဆိုခြင်းကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်း ရှိလျက်ဖြစ်စေ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ဆောလျင် စွာ သတင်းပေးအကြောင်းကြားရန်ပျက်ကွက်ခြင်း၊

(၂) ၎င်းပိုင်ဆိုင်သော ပစ္စည်းအစိတ်အပိုင်းတစ်ရပ်ရပ်နှင့် စပ်လျဉ်းပြီး စာရင်းရှင်းလင်းရာတွင် ဆုံးရှုံးမှုများ သို့မဟုတ် ကုန်ကျစရိတ်များကို မဟုတ်မမှန်တင်ပြရန် အားထုတ်ခြင်း၊

(၃) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာ တင်သွင်းခြင်းမပြုမီ ၁၂ လအတွင်း သို့မဟုတ် ကြားကာလ အတွင်း ကျင်းပပြုလုပ်ခဲ့သော မြီရှင်များနှင့်စပ်လျဉ်းသည့် မည်သည့်အစည်းအဝေးတွင်မဆို ပုဒ်မခွဲငယ် (၂) အရ ပြစ်မှု တစ်ရပ်မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို ပြုလုပ်ခဲ့ခြင်း၊

(၄) လူမွဲမှုခင်း သို့မဟုတ် ၎င်း၏လုပ်ငန်းကိစ္စများအတွက် မြီရှင်များ သို့မဟုတ် ၎င်းတို့အနက်မှ တစ်ဦးဦး၏သဘော တူညီချက်ရရှိရန်အလို့ငှာ မမှန်မကန်တင်ပြခြင်း သို့မဟုတ် အခြားနည်းဖြင့် လိမ်လည်လှည့်ဖြားခြင်း။

**လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ပစ္စည်းများကိုစီမံခန့်ခွဲခြင်း**

၃၃၈။ (က) လူမွဲသည် ၎င်းပိုင်ပစ္စည်းများကို ပေးကမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုလျှင် သို့မဟုတ် ပြုစေလျှင် သို့တည်းမဟုတ် ယင်းပစ္စည်းများပေါ်တွင် ကြွေးမြီတာဝန်တင်ရှိစေလျှင် သို့တည်း မဟုတ် လူမွဲဖြစ်မှုစတင်ချိန်မှစ၍ လွန်ခဲ့သောငါးနှစ်အတွင်း ထိုသို့ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ဆောင်ရွက်စေခဲ့လျှင် ပြစ်မှုကို ကျူးလွန်သည်ဟုမှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက် များနှင့် သက်ဆိုင်စေရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# နိုင်ငံတစ်ဝန်း၌ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုမြင်ကွင်း



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အထက(၆)၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာ ဖြေဆိုအပြီး မတ် ၁၁ ရက်က တွေ့ရစဉ်။
ဇော်မင်းလတ်



မန္တလေးမြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဖြေဆိုအပြီး မတ် ၁၁ ရက်က တွေ့ရစဉ်။ အောင်စံမောင်



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၆) အခြေခံပညာအထက်တန်း ကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို မတ် ၁၁ ရက်က တွေ့ရစဉ်။ သတင်းစဉ်



ငါ့သရောက်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ မြန်မာစာဖြေဆိုအပြီး မတ် ၁၁ ရက်က တွေ့ရစဉ်။
ကိုထိန်(ငါ့သရောက်)



ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၁၁ ရက်က တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ် ဖြေဆိုလာကြသည့် ကျောင်းသား ကျောင်းသူများအား မိဘဆွေမျိုးများက စောင့်ဆိုင်းကြိုဆို နေကြစဉ်။ နေလင်း(ညောင်လေးပင်)



ဇန်းမောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင် စာမေးပွဲ မြန်မာစာဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို မတ် ၁၁ ရက်က တွေ့ရစဉ်။ ကျော်စွာ(ဇန်းမောက်)



သီပေါမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဖြေဆိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မတ် ၁၁ ရက်က တွေ့ရစဉ်။
စိုင်း(သီပေါ)



အောင်ဆန်းသူရိယလှသောင်းကျောင်း၊ အထက(၂)မင်္ဂလာဒုံ၌ တက္ကသိုလ်ဝင် စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အား မိသားစုဝင်များနှင့်အတူ မတ် ၁၁ ရက်က တွေ့ရစဉ်။
ပွင့်သစ္စာ

# ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ နိုင်ငံတစ်ဝန်း အေးချမ်းစွာဖြေဆို

**ရန်ကုန်**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပရာ ရန်ကုန်မြို့ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်းရှိ အမှတ် (၁၃) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ပညာသင်ကြားနေသော အကျဉ်းသား ကျောင်းသား ၇၄ ဦးနှင့် အကျဉ်းသူ ကျောင်းသူ လေးဦး၊ အချုပ်သား အချုပ်သူ နှစ်ဦး၊ လွတ်မြောက်ပြီး ပြင်ပမှ လာရောက်ဖြေဆိုသူ ငါးဦး အပါအဝင် စုစုပေါင်း ၈၅ ဦးသည် အကျဉ်းထောင်(အင်းစိန်)အတွင်းရှိ အမှတ်(၁၃) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ဖြေဆိုကြသည်။ **ဇော်ကြီး**

**ခမောက်ကြီးမြို့**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အထက ခမောက်ကြီးစာစစ်ဌာနတွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ယခုပညာသင်နှစ်၌ အထက ခမောက်ကြီးစာစစ်ဌာနတွင် တက္ကသိုလ်ဝင် စာမေးပွဲ ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသူ စုစုပေါင်း ၂၂၂ ဦးဖြစ်ပြီး ယနေ့လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၉၉ ဦးနှင့် ပျက်ကွက်သူ စုစုပေါင်း ၂၃ ဦးဖြစ်၍ ဖြေဆိုမှုရာခိုင်နှုန်းမှာ ၈၉ ဒသမ ၆၄ ဖြစ်ကြောင်း သိရသည်။
**နန်းဝင်းဌေး( ပြန်/ဆက်)**

**ရွှေကျင်**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင် စာမေးပွဲကို မတ် ၁၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ရွှေကျင်မြို့နယ်အတွင်း ရှိ စာစစ်ဌာန(၆)ခုတွင် ဖြေဆိုခွင့်လျှောက်ထားသော ကျောင်းသား ကျောင်းသူ ၁၉၂၅ ဦးအနက် ယနေ့ မြန်မာစာဖြေဆိုသည့်နေ့တွင် ၁၃၈ ဦး ဖြေဆိုရန် ပျက်ကွက်ကာ ၁၇၈၇ ဦးတို့က အေးချမ်းစွာ ဖြေဆိုလျက်ရှိကြောင်း သိရ သည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

**ကလိန်အောင်**

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကို မတ် ၁၁ ရက် နံနက် ၉ နာရီက စတင်ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ စာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ဖြေဆိုရာတွင် ကလိန်အောင်မြို့ အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား ကျောင်းသူစာရင်းရှိ ၉၆ ဦး၊ ဖြေဆိုသူ ၉၁ ဦး၊ ပျက်ကွက် ငါးဦး၊ ရာဖူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူစာရင်းရှိ ၅၇ဦး၊ ဖြေဆိုသူ ၄၉ ဦး၊ ပျက်ကွက် ရှစ်ဦး၊ အလွတ်ဖြေဆိုသူစာရင်းရှိ ၂၁ ဦး၊ ဖြေဆိုသူ ၁၉ ဦး၊ ပျက်ကွက် နှစ်ဦး၊ စာရင်းရှိ စုစုပေါင်း ၁၇၄ ဦးရှိပြီး ၁၅၉ ဦး ဝင်ရောက်ဖြေဆိုကြသည်။
**ဒေါ်မိုးမိုးခိုင် (ပြန်/ဆက်)**

**ဟိုပုံး**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အတွင်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ငါးခုဖြစ်သည့် အထက(၁)၊ အထက(၂)၊ အထက ကျောက္ကချား၊ အထက ကျောက်တန်းနှင့် အထကနမ့်ခုတ်တို့တွင် မတ် ၁၁ ရက် နံနက် ၉ နာရီမှ စတင်၍ မြန်မာစာဘာသာရပ်ကို ဖြေဆိုခဲ့ကြောင်း သိရသည်။

ယင်းတက္ကသိုလ်ဝင်စာမေးပွဲကို အထက(၁)စာစစ်ဌာနတွင် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၇၃၆ ဦးအနက် ဖြေဆိုသူ ၇၀၉ ဦးရှိပြီး ပျက်ကွက် ၂၇ ဦး၊ အထက(၂)စာစစ်ဌာနတွင် စာရင်းရှိ ၅၆၄ ဦးအနက် ဖြေဆိုသူ ၅၁၇ ဦးရှိပြီး ပျက်ကွက် ၄၇ ဦးရှိ၍ အထက ကျောက္ကချားတွင် စာရင်းရှိ ၁၄၇ ဦးရှိပြီး ဖြေဆိုသူ ၁၃၁ ဦး၊ ပျက်ကွက် ၁၆ ဦးနှင့် အထကနမ့်ခုတ်တွင် ဖြေဆိုသူ စာရင်းရှိ ၆၇ ဦးအနက် ဖြေဆိုသူ ၆၃ ဦးရှိပြီး ပျက်ကွက် လေးဦးနှင့် အထက ကျောက်တန်းတွင် စာရင်းရှိ ၁၂၉ ဦး၊ ဖြေဆိုသူ ၁၂၂ ဦးရှိပြီး ပျက်ကွက် ခုနစ်ဦးဖြစ်ရာ ဟိုပုံးတစ်မြို့နယ်လုံးအနေဖြင့် စာရင်းရှိ ၁၆၄၃ ဦးအနက် ဖြေဆိုသူ ၁၅၄၂ ဦးရှိပြီး ပျက်ကွက် ၁၀၁ ဦးရှိရာ ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၃ ရာခိုင်နှုန်း ဖြေဆိုကြောင်း သိရသည်။
**နေမင်းထွန်း(ဟိုပုံး)**

**ရှားတော**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ တစ်နိုင်ငံလုံး ကျင်းပလျက်ရှိရာ ကယားပြည်နယ် ရှားတောမြို့နယ် အထက(ရှားတော) စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ ယနေ့နံနက်ပိုင်းတွင် ဖြေဆိုခဲ့သည်။

ရှားတောမြို့နယ်အတွင်းရှိ အထက(ရှားတော)၊ အထက(ခွဲ)သရီးဒါးနှင့် ပြင်ပဖြေဆိုသူအားလုံး စာရင်းရှိ ၅၉ ဦးတွင် ဖြေဆိုသူစုစုပေါင်း ၅၆ ဦး ပါဝင် ဖြေဆိုလျက်ရှိရာ ၉၄ ဒသမ ၉၁ ရာခိုင်နှုန်း ပါဝင်ဖြေဆိုလျက်ရှိကြောင်း သိရ သည်။
**ထွန်းအောင်(ပြန်/ဆက်)**

**မြောင်းမြ**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆို မည့် ကျောင်းသား ကျောင်းသူများ မတ် ၁၁ ရက်က မြန်မာဘာသာကို စတင် ဖြေဆိုနေကြပြီ ဖြစ်သည်။ မြောင်းမြမြို့နယ်အတွင်း မြို့ပေါ်နှင့် ကျေးရွာများ တွင် စာစစ်ဌာန ၁၅ ခုတို့၌ ဖြေဆိုရန်စာရင်းပေးသူ ၅၅၅၅ ဦးရှိပြီး ယနေ့ ဖြေဆိုသည့် မြန်မာစာဘာသာရပ်၌ ၅၁၄၀ ဝင်ရောက်ဖြေဆိုကာ ၄၁၅ ဦး ပျက်ကွက်ခဲ့ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

# မြန်မာ့ပျားရည် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သောကြောင့် ပုဂ္ဂလိကပျားမွေးမြူရေးကဏ္ဍမြင့်မားလာ

**မကွေး မတ် ၁၁**

၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြန်မာ့ပျားရည်တန်ချိန် ၃၃၀ ကျော်ကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀၀ မှ ၃၀၀၀ ဖြင့် ပြည်ပနိုင်ငံများသို့ ဈေးကွက် ထိုးဖောက် တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုင်ငံခြားငွေရရှိခဲ့သည်ဟု မကွေးတိုင်းဒေသကြီး ပျားလုပ်ငန်းဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်ထံမှ သိရသည်။

"၂၀၁၉-၂၀၂၀ မှာတော့ ကျွန်တော်တို့ တိုင်းဒေသကြီး ပျားလုပ်ငန်းဌာန အနေနဲ့ စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလပိုင်းအထိက ပျားရည် တန်ချိန် ၄၀ ကျော်လောက် ရရှိနေပါပြီ။ ပုဂ္ဂလိကပျားမွေးမြူရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးကို ဌာနကဝန်ဆောင်မှုပေးပါတယ်။ သင်တန်းပေးပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

မကွေးတိုင်းဒေသကြီးတွင် ပုဂ္ဂလိကပျားမွေးမြူသူ ၇၂ ဦးရှိပြီး ပျားအုံ ပေါင်း ၁၁၄၀၀ ရှိကြောင်း သိရသည်။ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသော ပုဂ္ဂလိကကုမ္ပဏီကြီးငါးခုမှတစ်ဆင့် ချိတ်ဆက်ပို့ဆောင်နေခြင်းဖြစ်သည်ဟု သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးခြင်း၊ ပျားမွေးမြူရေးဌာနမှ ဝန်ဆောင်မှုပေးခြင်း၊ နည်းပညာသင်တန်းပို့ချပေးခြင်းတို့ကြောင့် မကွေးတိုင်းဒေသကြီး ပုဂ္ဂလိကပျားမွေးသူများအနေဖြင့် မြေပဲနှင့် နှမ်းစိုက်ပျိုးရေးလုပ်ငန်းမှ အဓိက



ဝင်ငွေရရှိသည့်အပြင် ပျားမွေးမြူရေးလုပ်ငန်းမှလည်း မိသားစုတစ်ပိုင်တစ်နိုင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြကာ ဝင်ငွေအခွင့်အလမ်းများ တစ်ဖက်တစ်လမ်းမှ ရရှိနေသည်ဟု သိရသည်။

**မကွေးဝင်းမောင်**

# YBS ယာဉ်လိုင်းသစ် YBS - ၁၀၂ ဖြင့် ဒဂုံမြို့သစ်လေးမြို့နယ်အား စတင်ချိတ်ဆက်ပြေးဆွဲ




**ရန်ကုန် မတ် ၁၁**

YBS ယာဉ်လိုင်းသစ်တစ်ခုဖြစ်သည့် YBS – ၁၀၂ ဖြင့် ဒဂုံမြို့သစ်လေးမြို့နယ် ဖြစ်သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့အား မတ် ၁၁ ရက် နံနက် အစောပိုင်းက စတင်ပြေးဆွဲသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင် အဖွဲ့ (YRTA) တွဲဖက် အတွင်းရေးမှူး ဦးလှအောင်က "ဒီနေ့မနက် ၆ နာရီခွဲကစပြီး ယာဉ်လိုင်းနံပါတ် ၁၀၂ နဲ့ ဒဂုံမြို့ သစ်လေးမြို့နယ်ကို စတင်ချိတ်ဆက်ပြေးဆွဲ ပေးတာဖြစ်ပါတယ်။ ဂိတ်ရင်းက ဒဂုံဆိပ်ကမ်း ယုဇနကစပြီးတော့ တောင်ဒဂုံကို ဖြတ်တယ်။ ပြီးရင် စံပြဈေးကနေ သံသုမာလမ်းအတိုင်း ဘောလီကနေ မြောက်ဒဂုံကို ဝင်တယ်။ အဲဒီကမှ ဒဂုံအရှေ့မှာရှိတဲ့ ဒဂုံတက္ကသိုလ်ကို ဂိတ်ဖျားထား ပြေးဆွဲတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါ YBS-၁၀၂ (ယုဇနဥယျာဉ်မြို့တော်-ဒဂုံတက္ကသိုလ်)ယာဉ်လိုင်းအား Golden Yangon City Transportation Public Co.,Ltd. က City Bus အမျိုးအစား ဟွန်ဒိုင်းနှင့် ဒေဝူးယာဉ်များဖြင့် ပြေးဆွဲပေးခြင်းဖြစ်ကြောင်း၊ ယနေ့ စတင်ပြေးဆွဲမှုအဖြစ် ယာဉ်အစီးရေ ၁၅ စီးခန့်ဖြင့် စတင်ပြေးဆွဲခြင်းဖြစ်ပြီး မကြာမီကာလအတွင်း ယာဉ်အစီးရေ ၃၅ စီးအပြည့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

YBS-၁၀၂(ယုဇနဥယျာဉ်မြို့တော်-ဒဂုံတက္ကသိုလ်)ယာဉ်လိုင်းသည် ခရီးစဉ် လမ်းကြောင်းအနေဖြင့် ယုဇနဥယျာဉ်မြို့တော် – ပဲခူးမြစ်လမ်း – သိမ်ကျောင်း လမ်းဆုံ–ဧရာဝဏ်လမ်း–မင်းရဲကောင်းပုံလမ်း–ကျန်စစ်သားလမ်း – လှော်ကား လမ်း – မောင်းမကန်လမ်း – စည်ပင်လမ်း – ပြည်ထောင်စုလမ်း–တောင်မြောက် လမ်းဆုံ – စံပြဈေး – ဘောလီ – နာရီစင်– ဦးဝိစာရလမ်း–တပင်ရွှေထီးလမ်း–(၁၂) ဂိတ်–ဘုန်းကြီးကျောင်းကွေ့–မင်းရဲကျော်စွာလမ်း– ဒဂုံတက္ကသိုလ်သို့ မှတ်တိုင် ပေါင်း ၆၀ ဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်ပြီး ယာဉ်စီးခမှာ ငွေကျပ် ၂၀၀ ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် သွားလာနေကြသည့် လူဦးရေ ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ခရီးသည်တင်ယာဉ် လိုင်းများကိုသာ မှီခိုအားထားကာ သွားလာနေကြကြောင်း၊ ယာဉ်လိုင်းနံပါတ်ဖြင့် ပြေးဆွဲနေသည့် ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းရှိပြီး ပြေးဆွဲ လမ်းကြောင်းပေါင်း ၁၀၀ ကျော် ပြေးဆွဲလျက်ရှိကြောင်း၊ ယာဉ်အစီးရေ ပေါင်း ၄၄၀၀ ကျော်ဖြင့် ခရီးသွားပြည်သူ ၁ ဒသမ ၉ သန်းခန့်ကို နေ့စဉ်ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း YRTA မှ သိရသည်။

**ကိုထက်**

## သတင်းစုံကဏ္ဍ

### နွေရာသီ သောက်သုံးရေရရှိရေး ကွင်းဆင်းဆောင်ရွက်

**ဘီးလင်း**

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်းရှိရှေးရှားပါးသည့်ကျေးရွာများအား နွေရာသီ သောက်သုံးရေရရှိမှု ရေရှည်အစီအမံများ ဆောင်ရွက်နိုင်ရန်အတွက် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးမောင်နှင့်အတူ ဘီးလင်းမြို့နယ်ဦးစီးမှူး ဦးမင်းထောစံနှင့် ဝန်ထမ်းများသည် မတ်လဒုတိယပတ်က ကွင်းဆင်းလေ့လာခဲ့သည်။

ဘီးလင်းမြို့နယ်အတွင်း ရှေးရှားပါးသည့် ကျေးရွာများဖြစ်သည့် ကြာဇီအောင်၊ မှော်ကြီးဝိုင်၊ ကြဲတိုင်းအောင်၊ ဂွသောင်၊ ကိုးတဲစုကျေးရွာတို့သို့ သွားရောက် လေ့လာခဲ့ကြောင်း သိရသည်။ **ဘီးလင်းကျေးလက်**

### မရမ်းသီးအထွက်ကောင်းသော်လည်း ဈေးကောင်းမရ

**သုဝဏ္ဏဝတီ**

မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့အနီးပတ်ဝန်းကျင်ကျေးရွာများတွင် မရမ်းသီး များ ပေါ်များစွာထွက်ရှိသော်လည်း ဈေးကောင်းမရသဖြင့် မိမိအိမ်၌ တစ်နိုင်တစ်ပိုင် မရမ်းယိုပြုလုပ်၍ ရောင်းချကာ ဈေးကောင်းရရှိကြောင်း သိရသည်။

မရမ်းသီးတစ်တင်းလျှင် ပျမ်းမျှကျပ် ၅၀၀၀ ခန့်ရရှိပြီး မရမ်းယိုတစ်ပိဿာ လျှင် ကျပ် ၁၀၀၀၀ ခန့်ရှိသည်။ မရမ်းသီးရာသီမစတင်မီကပင် မရမ်းပြား/ ယို လုပ်ကိုင်သူများက ကြိုတင်၍ ပုတ်ပြတ် (တစ်ရာသီ) စာ ဝယ်ယူကြကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

### မှုခင်းကျဆင်းရေးအသိပညာပေး

**ငဝ့်သရောက်**

မန္တလေးတိုင်းဒေသကြီး ငဝ့်သရောက်မြို့ အိုရင်းကျေးရွာတွင် ငဝ့်သရောက် နယ်မြေရဲစခန်းမှူး ရဲအုပ်စိန်ဝင်းနှင့်အဖွဲ့သည် မတ် ၁၀ ရက် မွန်းလွဲ ၁ နာရီ တွင် သက်ငယ်မုဒိမ်းမှုကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကိုထိန် (ငဝ့်သရောက်)**



**မတ် ၁၀ ရက် နံနက် ၁၀ နာရီက မှုခင်းအသိပညာပေးယာဉ်ဖြင့် အလုံမြို့နယ် သစ်တောရပ်ကွက် စည်ပင်ကွန်တိန်နာယာဉ်ဝင်းအတွင်း ရန်ကုန်တိုင်းဒေသကြီး အလုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်ဇင်ထိုက်နှင့်အဖွဲ့ မှုခင်း အသိပညာပေးလုပ်ငန်းများ ရှင်းပြစဉ်။** တင်မောင်ဦး(အလုံ)

## သတင်းလမ်းညွှန်

### သံဃာ့ဒါနဆွမ်းလောင်းလှူပွဲ ကျင်းပမည်

မဟာလောကရန်နိုင် အောင်တော်မူဘုရား (၂၈)ကြိမ်မြောက် သံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၃ လမ်းနှင့် ၂၉ လမ်းထောင့်ရှိ အဆိုပါဘုရားဝင်းအတွင်း၌ မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### တရားဥပဒေစိုးမိုးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

International Development Law Organization(IDLO) အဖွဲ့၏စီမံချက်မှ ခရိုင်အဆင့် ဌာနဆိုင်ရာအရာရှိများနှင့် တရားဥပဒေစိုးမိုးရေး အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၄ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ တရားဥပဒေစိုးမိုးရေးစင်တာတွင် မတ် ၁၃ ရက် မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နွေရာသီ အခြေခံစစ်တုရင်အခမဲ့သင်တန်း ဖွင့်လှစ်မည်

နွေရာသီ အခြေခံစစ်တုရင်အခမဲ့သင်တန်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ မတ် ၁၄ ရက် နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

### နွေရာသီ အခြေခံအားကစားနည်းငါးမျိုး အခမဲ့သင်ကြားပေးမည်

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူး၍ နွေရာသီ အားကစားသင်တန်းများကို မတ် ၁၃ ရက်မှစကာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်သည်။

ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းနှင့် မြန်မာ့သိုင်းတို့ကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၁၃ ရက်မှ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။ **လွှမ်းသီဟ (ပြန်/ဆက်)**

### စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်ကြီး နှစ်ပါးအား ရည်စူးကုသိုလ်နှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၅ ရက် နံနက်ပိုင်းတွင် မြသိန်းတန် ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ပူဇော်နိုင်ကြောင်း သိရသည်။

### ရန်ကုန် ဒစ်ဂျစ်တယ်အလုပ်အကိုင်ပြပွဲ ၂၀၂၀ ကျင်းပမည်

မြန်မာနိုင်ငံ၏ ပထမဆုံးဒစ်ဂျစ်တယ်အလုပ်အကိုင်ပြပွဲ ၂၀၂၀ ကို မတ်၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ၆ မိုင်ခွဲရှိ Lotte Hotel ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ အလုပ်လျှောက်ထားလိုသောလူငယ်လူရွယ်များ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

### ဒေါင်းဋီကာသစ် နှစ် (၁၀၀) ပြည့် စာအုပ်မိတ်ဆက်ပွဲနှင့် စာပေစကားဝိုင်း ကျင်းပမည်

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မစ္စတာမောင်မှိုင်း ကလောင်အမည်နှင့် ရေးသားခဲ့သည့် ဒေါင်းဋီကာသစ် နှစ် (၁၀၀) ပြည့် စာအုပ်မိတ်ဆက်ပွဲနှင့် စာပေစကားဝိုင်းကို မတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ရွှေဥဒေါင်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေသစ်ဦး**


### Myanmar Goal အပလီကေးရှင်းမိတ်ဆက်မည်

နေ့စဉ်ဘောလုံးသတင်းများဖတ်ရှုနိုင်မည့် Myanmar Goal အပလီကေးရှင်းမိတ်ဆက်ခြင်းအခမ်းအနားကို မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ City Star ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

## ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




### ဘယ်ဆီကို မင်းရောက်နေလဲနှင့် My Way ဆောင်းပါးများ

စာရေးသူ အောင်စိုးဦး စီစဉ်ရေးသားသည့် ဘယ်ဆီကို မင်းရောက်နေလဲနှင့် My Way ဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

လူ့ဘဝဆိုသည်မှာ လက်ဆင့်ကမ်း အလံကိုင်ပြေးခုန်ရသည့် အားကစားတစ်မျိုးနှင့်တူသည်။ မိဘဆွေမျိုး ဆရာသမားများသာမက ကျွန်တော်တို့အား လက်ဆင့်ကမ်းခဲ့သည်။ ကျွန်တော်တို့က လူငယ်များကို တစ်ဆင့်ပြန်၍ လက်ဆင့်ကမ်းပေးမည်။ သို့ဖြစ်၍ လူငယ်များလျှောက်လှမ်းသောလမ်း၊ တစ်နည်းအားဖြင့်ပြောရလျှင် လူငယ်များ၏ My Way၊ ထိုသို့သော လူငယ်တစ်ဦးချင်းစီအတွက် တန်ဖိုးရှိသည့် လမ်းကလေးများကို ညွှန်းဆိုပြကာ လက်ကမ်းကြိုဆို ခေါ်ယူပို့ဆောင်မိသည်။ လူငယ်များလျှောက်လှမ်းသောလမ်း၌ ခလုတ်မထိ ဆူးမငြိဘဲ မိမိတို့လိုရာပန်းတိုင်သို့ လျှောက်လှမ်းနိုင်စေရန် အဆိုပါစာအုပ်က လမ်းညွှန်ပေးထားသည်။

စာအုပ်ကို အလင်းရှင်စာပေ၊ အမှတ်-၂၆၊ ပထမထပ်၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ သတ်မှတ်ထားသည်။




### အပြာထဲက အနီ

ဟံသာဝတီ ဦးဝင်းတင် နှစ် (၉၀)ပြည့်အထိမ်းအမှတ် စာရေးသူ ဖျာပုံ နီလုံဦး စီစဉ်ရေးသားသည့် အပြာထဲကအနီစာအုပ် ထွက်ရှိလာသည်။

ဦးဝင်းတင်ကား ထောင်ပြင်ရောက်နေသော်လည်း ထောင်တွင်းဝတ်စုံ အင်္ကျီအပြာကိုမချွတ်ဘဲ အမြဲဝတ်နေခြင်းသည် ထောင်တွင်းမှ မိမိနှင့်အတူ မတရားထောင်ကျခံနေရသော နိုင်ငံရေးသမား ရဲဘော်များအပေါ် အာဏာရှင်အစိုးရက လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ပြနေကြောင်း ထင်ဟပ်စေလိုသော သဘောပင်ဖြစ်သည်။ ထို့ကြောင့် ဟံသာဝတီဦးဝင်းတင်၏အကြောင်းကို စိတ်ဝင်စားဖွယ်ရေးသားထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို စိတ်ကူးချိုချိုစာပေ ဖုန်း – ၀၉ – ၄၅၉၁၉၁၉၀၆ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။





### သတိပြုစရာကျန်းမာရေးပြဿနာအဖြာဖြာ(ဒုတိယတွဲ)

စာရေးသူ ဒေါက်တာခင်မိုးမိုး စီစဉ်ရေးသားသည့် သတိပြုစရာ ကျန်းမာရေးပြဿနာအဖြာဖြာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မ အက္ခရာ နောက်ပိုင်းကနေ ဥ အက္ခရာအထိကို ဒုတိယတွဲအနေဖြင့် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ အဆိုပါစာအုပ်ကို ဖတ်ရှုသူများအတွက် အထိုက်အလျောက်အသုံးဝင်နိုင်မည်ဖြစ်သည်။ သို့ပေမယ့်လည်း ရောဂါအတွက် အခြေခံ သိသင့်သည့်အကြောင်းအရာများကိုသာ ရေးသားထားသဖြင့် စာအုပ်တွင် ပါသည့်အကြောင်းအရာများနှင့် တိုက်ဆိုင်ပါက မိမိရောဂါနှင့်ပတ်သက်၍ ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးသင့်ကြောင်း တိုက်တွန်းရေးသားထားသည်။

စာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်)၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၅၂၉၃နှင့် ၀၁ ၈၃၉၂၇၃၉ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။




### အပျင်းပြေ သင်္ချာဉာဏ်စမ်းများ

စာရေးသူ ဒေါက်တာခင်မောင်ဝင်း(သင်္ချာ) စီစဉ်ရေးသားသည့် အပျင်းပြေ သင်္ချာဉာဏ်စမ်းများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကုဗတုံးပုံဖြစ်အောင် ခေါက်ခြင်း၊ နောက်လာမည့် ဂဏန်းများ၊ 1,2,3 အခြေခံသောကိန်းစဉ်၊ သွားကြားထိုးတံပြဿနာများ၊ တြိဂံစက်ဝိုင်း၊ စတုရန်း၊ အကြိမ်နှစ်ရာမြောက်ဂဏန်း၊ ထောင့်မှန်စတုဂံအရေအတွက်၊ သွားနိုင်သောနည်းများ၊ လေးထောင့်ကွက်များထဲတွင်၊ ဂဏန်းများထည့်ရန်၊ လက်ဆွဲနှုတ်ဆက်ခြင်း၊ ဘယ်သူသည် ဘယ်အားကစားကို ဝါသနာပါသနည်းစသည့် သင်္ချာဉာဏ်စမ်းများကို ရေးသားထားသဖြင့် ဉာဏ်စမ်းဝါသနာပါသူများ လေ့လာသင့်သော စာအုပ်ဖြစ်သည်။

စာအုပ်ကို ဆိပ်ကမ်းသာစာပေ၊ ဆိုင်အမှတ်-၁၃၊ ၃၈-လမ်း၊ ဆိပ်ကမ်းသာလမ်း၊ ပလာဇာဈေးသစ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ – ၇၈၆၈၃၇၃၀၅ နှင့် ၀၉ – ၉၆၃၆၉၉၈၃၄ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။




## စပါးအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရ

စပါးအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်ဒုတိယအကျော့အဖြစ် လိုက်ဇစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၁၀ နှစ်အကြာက စတင်တည်ထောင်ခဲ့တဲ့ လိုက်ဇစ်အသင်းဟာ လန်ဒန်မြေမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာလည်း တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိထားတာ ဖြစ်ပါတယ်။

စပါးအသင်းဟာ လိုက်ဇစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် စပါးအသင်းရဲ့ ဥရောပဘောလုံးပြိုင်ပွဲသမိုင်းမှာ လေးဂိုးနဲ့အထက် ဂိုးပေးလိုက်ရတဲ့ တတိယမြောက်ပွဲစဉ်ဖြစ်လာခဲ့ပါတယ်။ ၂၀၁၀–၂၀၁၁ ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရီးယဲလ်မက်ဒရစ်အသင်းကို ငါးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး ၂၀၁၅–၂၀၁၆ ဘောလုံးရာသီမှာတော့ ယူရိုပါလိဂ်ပြိုင်ပွဲမှာ ဒေါ့မွန်အသင်းကို ငါးဂိုး–တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာလည်း ဖြစ်ပါတယ်။

လိုက်ဇစ်အသင်းကတော့ စပါးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီး ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင်လည်း အမှတ်ပေးဇယားအဆင့်ခုနစ်နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ **ငွေကြယ် – ရေးသားသည်**

## မာတင်ဒူဘရက်ဗ်ကာ ဒူးဒဏ်ရာကြောင့် ဧပြီလအထိ အနားယူရမည်

နယူးကာဆယ်အသင်းရဲ့ ဂိုးသမား မာတင်ဒူဘရက်ဗ်ကာဟာ ဒူးဒဏ်ရာရရှိခဲ့တာကြောင့် အနည်းဆုံး ဧပြီလအထိ အနားယူရဖို့ရှိနေတယ်လို့ ဆိုပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ ဂိုးသမား မာတင်ဒူဘရက်ဗ်ကာဟာ စနေနေ့က နယူးကာဆယ်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ပွဲကစားချိန်မိနစ် ၆၀ အရောက်မှာ ဒူးဒဏ်ရာရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ နယူးကာဆယ်အသင်းက ဆောက်သမ်တန်အသင်းကို တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဆလိုဗက်ကီးယားကြယ်ပွင့် မာတင်ဒူဘရက်ဗ်ကာ ဒဏ်ရာရရှိခဲ့တာကြောင့် နယူးကာဆယ်အသင်းအနေနဲ့ ဂိုးသမားကားလ်ဒါလိုနဲ့ အစားထိုးပြီး ပွဲထွက်ကစားစေဖို့လည်း စီစဉ်ထားတယ်လို့ သိရပါတယ်။ ဂိုးသမား ဒူဘရက်ဗ်ကာဟာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းက နယူးကာဆယ်အသင်းနဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြတဲ့ ပရီမီယာလိဂ်ပွဲစဉ်ကတည်းက အခုဒဏ်ရာမရရှိမီအချိန်အထိ လိဂ်ပွဲစဉ်တစ်ပွဲမှ လွဲချော်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပေမယ့် လက်ရှိမှာတော့ ဒူးဒဏ်ရာကြောင့် ဧပြီလအထိ အနားယူရတော့မှာ ဖြစ်ပါတယ်။

## အနုပညာ

### ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်တဲ့ ကောလာဟလတွေကို အဆုံးသတ်လိုက်တဲ့ ဒန်နီရယ်ရက်ကလစ်ဖ်



ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲတွေနဲ့ ပရိသတ်အသိအမှတ်ပြုမှုရရှိလာတဲ့ မင်းသား ဒန်နီရယ်ရက်ကလစ်ဖ်ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း သတင်းတွေပေါ်ထွက်လာရာမှာ မင်းသားဘက်က လတ်တလောမှာ ကူးစက်ခံရခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့တာကြောင့် ကောလာဟလတွေလည်း အဆုံးသတ်ခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၀ ရက်က ဘီဘီစီအမည်နဲ့ လူမှုကွန်ရက်စာမျက်နှာအတုကနေ ဒန်နီရယ်ရက်ကလစ်ဖ်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း သတင်းရေးသားဖော်ပြခဲ့ရာ ဒီသတင်းဟာ မကြာမီမှာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့လာခဲ့ပါတယ်။ ဘီဘီစီနာမည်နဲ့ဖန်တီးထားတဲ့ အဆိုပါတွစ်တာအကောင့်တုဟာ ဖော်လိုဝါ ၁၂၅ ဦးသာရှိတာကြောင့် သတင်းပျံ့နှံ့မှု မမြန်ခဲ့ပေမယ့် အဆိုပါသတင်းတုကို အိမ်ဖြူတော်ရဲ့ နယူးယောက်တိုင်းမ်ကိုယ်စားလှယ် မက်ဂီဟာဘာမန်နဲ့ အခြားသောသတင်းသမားတစ်ဦးက ပြန်လည်မျှဝေခဲ့တာကြောင့် ပရိသတ်တွေအကြား ပျံ့နှံ့ခဲ့ပါတယ်။ သတင်းအမှားကို မျှဝေမိတာကြောင့် တောင်းပန်ကြောင်း သတင်းသမားနှစ်ဦးက နောက်ပိုင်းမှာ ပြန်လည်တောင်းပန်ခဲ့တယ်လို့လည်း သိရပါတယ်။

ဒီသတင်းအမှားတွေအပေါ် မယုံကြည်ကြဖို့နဲ့ ဒန်နီရယ်ရက်ကလစ်ဖ်အနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရခြင်းမရှိကြောင်း မင်းသားဘက်က ပြန်လည်ထုတ်ပြန်ပေးခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ **အေးပြည့် - စုစည်းသည်**

### မူလန်ရုပ်ရှင်အထူးပွဲကို တက်ရောက်ခဲ့တဲ့ လျူရီဖိုင်




တစ်ချိန်က ကျော်ကြားခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်မူလန်ကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားတဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ် အထူးပွဲပြသခြင်းကို လတ်တလောမှာ ကျင်းပခဲ့ပါတယ်။ အဆိုပါရုပ်ရှင်သစ်မှာ အဓိကဇာတ်ဆောင် မူလန်အဖြစ်ပါဝင်ထားတဲ့ မင်းသမီး လျူရီဖိုင် တက်ရောက်ခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၉ ရက်က မူလန်ရုပ်ရှင်သစ်ရဲ့ အထူးပွဲကို လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့ရာမှာ အခြားသော ဇာတ်ဆောင်တွေကဲ့သို့ပင် မင်းသမီး လျူရီဖိုင်လည်း တက်ရောက်ခဲ့ပါတယ်။

ဒီရုပ်ရှင်သစ်မှာ ဒန်နီယန်က တပ်မှူးတန်းအဖြစ်ပါဝင်ထားပြီး ဂျက်ဆင်စကော့လီက ဘိုရီခန်းအဖြစ် ပါဝင်ထားပါတယ်။ မင်းသားကြီး ဂျက်လီက ဘုရင်အဖြစ်ပါဝင်ထားကြောင်း သိရပါတယ်။ ဒီရုပ်ရှင်သစ်ကို လာမယ့် မတ် ၂၇ ရက်မှာ ကမ္ဘာတစ်ဝန်း စတင်ရုံတင်သွားမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး **ဖခင်ကြီး မုံရွာဆရာမိုး** အား ၂၀၂၀ ခုနှစ်၊ မတ်လ ၈ရက်နေ့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ **"သီရိသုဓမ္မမဏိဇောတဓရ"**ဘွဲ့တံဆိပ်တော်ကို အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဝန်ထမ်းများနှင့်**
**KS DIAMOND Diamonds & Jewellery မှ ဝန်ထမ်းများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၃)လမ်း၊ အမှတ်(၃၉၆)ရှိ နှစ်ခန်းတွဲ ခြောက်ထပ်တိုက်အဆောက်အအုံ၏ ပဉ္စမထပ် (ခေါင်းရင်းခန်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်သော ဦးစသန့်ဆွေ [၁၄/ပတန(နိုင်)၁၀၈၆၄၂]နှင့် ဇနီး ဒေါ်စုနှင်းအိ[၇/ဒဥန(နိုင်)၀၁၆၂၁၁]တို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းကြောင်း ဝန်ခံကြသဖြင့် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးနိုင်ထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဥ်–၁၂၃၉/၂၈–၂–၂၀၁၇)**
**အမှတ်/၇၇၊ မြေညီ၊ (၃၈)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်**
**ဖုန်း–၀၉–၇၈၀၀၀၄၉၂၂**

## တစ်ဦးတည်းဖြစ်ကြောင်း

အမ်းမြို့နယ်၊ ဒါးလက်ကျေးရွာအုပ်စု၊ အထက်ရွာဟောင်းကျေးရွာနေ အဖ ဦးဒုံး၏ သား ဦးမောင်လဲ [၁၁/အမန(နိုင်)၀၆၆၅၄၅] နှင့် ဦးငလဲသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်လဲ(ခ)ဦးငလဲ

**သန်းသန်းမြင့်ဦး**
ဒဂုံမြို့နယ်အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းလေးမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်သည်။
**09-420067001**
**09-428777677**

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၈)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ ဒုတိယထပ်၊ ခေါင်းရင်းခန်း၊ အကျယ် (၁၂'x၅၀') ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဒေါ်တင်မိုးဟန်[၁၂/သဃက(နိုင်)၀၀၂၈၇၁] မှ မိမိတစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ် ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၄၈၉၃၉)** | **(စဉ်–၄၈၈၈၀)** |

**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကွန်ဒိုငှားမည်

အလျား 52 ပေ၊ အနံ 33 ပေ
Aircon 3 လုံးပါ
Master Bedroom 1 ခန်း
Normal Bedroom 2 ခန်း
Kitchen 1 ခန်း
1လ 800000, (ရှစ်သိန်း)နဲ့ငှားမည်
လိပ်စာ – မင်္ဂလာဈေးအနီး၊ လမင်းသာကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဆက်သွယ်ရန် – ၀၉–၄၃၂၀၀၇၂၇၊ ၀၉–၄၄၄၀၁၁၆၃၃၊ ၀၉–၄၅၀၀၃၅၉၄၆

## အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၅၅)၊ ဆိပ်ကမ်းသာလမ်း ၊ စက်မှုဇုန်(၁)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် တရားဝင်ရုံးစိုက်သော INFINITE BENEVOLENCE TRADING COMPANY LIMITED အနေဖြင့် အောက်ဖော်ပြပါ အမှတ်တံဆိပ်၏ မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်။

(မှတ်ပုံတင်အမှတ်–၄/ ၂၂၃၄ /၂၀၂၀)

(မှတ်ပုံတင်အမှတ်–၄/ ၂၂၃၅/ ၂၀၂၀)

**အထက်ဖော်ပြပါအမှတ်တံဆိပ်အား (အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ် သတ်မှတ်ချက်–၄ ) ဖြင့် သဘာဝဓာတ်ငွေ့လောင်စာ(မီးဖိုချောင်သုံးနှင့်စက်ရုံသုံး) ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းတို့တွင် ဖော်ပြအသုံးပြုလျက်ရှိပါသည်။**

**အဆိုပါအမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သော သဘောအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်းနှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏တည်ဆဲ ဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။**

INFINITE BENEVOLEMCE TRADING COMPANY LIMITED **၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ရွှေရည်ဝင်း** | **ဒေါ်စာခြည်ထွေး** |
| **အထက်တန်းရှေ့နေ(စဉ်–၄၉၆၉၅)** | **အထက်တန်းရှေ့နေ(စဉ်–၄၄၆၀၆)** |

**Partnership in practice between:**
**Bizlaw Consult Myanmar Co.,Ltd & MYANMAR IP PRO Co.,Ltd**
**No.527 (B-4), Zayya 18th Street, (10) Ward,**
**South Okkalapa Township, Yangon 11091, Myanmar.**
**Office Ph: +959 45678 1114, +959 45678 1115.**
**Email: bizlaw4@bizlawmyanmar.com, https://bizlawmyanmar.com**

ရက်စွဲ။ ။၂၀၂၀ခုနှစ်၊ မတ် လ၊ ၁၂ ရက်။

## အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ကြိုးစက်ရုံလမ်း၌ နေထိုင်သူ မိုင်ရွှန်နီရှား(ခ) မြင့်မြင့်ခင် အပါအဝင် ကမာရွှန်(ခ)မြင့်မြင့်ဌေးနှင့် မရီရင်(န်)(ခ)မြင့်မြင့်စန်းတို့(၃)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ်(အေ/၄၄)ဟုခေါ်တွင်သောမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဖခင် ဦးမောင်ညွန့်(ခ) ဦးကာစင်နှင့် မိခင် ဒေါ်ရာမက်ဘီ(မှီခို)တို့ ပိုင်ဆိုင်ကြပါသည်။ ဖခင် ဦးမောင်ညွန့်(ခ) ဦးကာစင်သည် ၁၀–၂–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပြီးနောက် အောက်ပါပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်။

(၁) အမှတ်(အေ/၄၄)၊ ၂ ခန်းတွဲ၊ ၅ လွှာ၏ မြေညီ(ခေါင်းရင်းခြမ်း) ထပ်ခိုးပါ (၁၂ ½ပေ x ၅၀ပေ)တိုက်ခန်း(၁)ခန်း၊
(၂) PROBOX TAXI အငှားယာဉ်(၁)စီး၊
(၃) လွတ်လပ်ရေးလမ်း၊ မျက်နှာစာပြူ ပေ(၁၉x၆၀) ပျဉ်ထောင်(၂)ခန်းတွဲ၊ ၂ထပ်နှင့် ဆိုင်ခန်း(၂)ခန်း။
(၄) ပျဉ်ထောင်(၂)ခန်းတွဲ(၂)ထပ်၏ အနောက်ဘက်ရှိ ပျဉ်ထောင်လုံးချင်း(၁)လုံး
(၅) (၅)လွှာတိုက်၏အနောက်ဘက်ရှိ ပျဉ်ထောင်လုံးချင်းအိမ်(၁)လုံး။

ဦးမောင်ညွန့်(ခ)ဦးကာစင်နှင့် ဒေါ်ရာမက်ဘီ(မှီခို)တို့၏ သားသမီး(၇)ဦးအနက် ကျန်သားသမီးများဖြစ်ကြသော မိုင်ရွှန်နီရှား(ခ)မြင့်မြင့်အေး၊ မနူးရ်ဂျန်(ခ)မသန်းမြင့်၊ မနဆာရင်းန်(ခ)မြင့်မြင့်ဝင်းနှင့် ခင်ပွန်းအလီဘိုင်(ခ)သန်းစိန်နှင့် မောင်ယာစင်(ခ) မောင်မောင်လေးတို့မှ မြန်မာစာလုံးဝမတတ်သော မိခင်ဖြစ်သူ ဒေါ်ရာမက်ဘီကို ယုံကြည်အောင်ပြောဆိုဖြားယောင်း သွေးဆောင်ပြီး အမှတ်(အေ/၄၄) (၂)ခန်းတွဲ၊ (၅)လွှာ၏ မြေညီ ခေါင်းရင်းခြမ်း၊ အထပ်ခိုးပါ (၁၂ ½ပေx၅၀ပေ) မြေညီတိုက်ခန်း(၁)ခန်းကို ၆–၃–၂၀၂၀ ရက်တွင် ငွေကျပ် (သိန်း၁၅၀)ဖြင့် ပေါင်နှံပြီး အရောင်းအဝယ်စာချုပ်ကို (ခ)ရပ်ကွက် အုပ်ချုပ်ရေးမှူး၏နေအိမ်တွင် ချုပ်ဆိုခဲ့ကြောင်းသိရှိရပါသည်။ မိခင်ဖြစ်သူ ဒေါ်ရာမက်ဘီ၏ လွတ်လပ်သောဆန္ဒအလျောက်ချုပ်ဆိုသော စာချုပ်မဟုတ်သဖြင့် တရားမဝင်သောစာချုပ်ဖြစ်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အဆိုပါစာချုပ်ကို ဖျက်သိမ်းပေးပြီး ကျန်မောင်နှမများနှင့် ညှိနှိုင်းဆောင်ရွက်ကြရန် အသိပေးကြေညာလိုက်ပါသည်။ အဆိုပါစာချုပ်ကို ဖျက်သိမ်းခြင်းမပြုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ထပ်မံအသိပေးကြော်ငြာအပ်ပါသည်။

**အထက်ပါအတိုင်း**

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားပါသည်။** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **၁။ မိုင်ရွှန်နီရှား (ခ) မြင့်မြင့်ခင်** | **ဦးတင်ရီ** |
| **[၁၂/သဃက(နိုင်)၁၂၆၁၆၄]** | **MA(Q), HGP** |
| **၂။ မကမာရွှန်(ခ) မြင့်မြင့်ဌေး** | **အထက်တန်းရှေ့နေ(စဉ်–၆၁၇၁)** |
| **(TGKN–၀၂၃၀၃၅)** | **အမှတ်(၅၆)၊ ပြည်တော်အေးလမ်း၊** |
| **၃။ မရီရင်(န်) (ခ) မြင့်မြင့်စန်း** | **လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း** |
| **[၁၂/သဃက(နိုင်)၂၀၃၁၇၇]** | **မြို့နယ်၊ ဖုန်း–၀၉–၂၆၁၁၀၄၃၉၄** |

## အများသိစေရန်ကြော်ငြာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ ငြိမ်းချမ်းသာယာရပ်၊ ကမ်းနားလမ်း၊ မြေကွက်အမှတ်(၃၀)၊ ဦးပိုင်အမှတ်(က/၁/၁)၊ (က/၁/၂)၊ (က/၁/၃)၊ မြေဧရိယာ အကျယ်အဝန်း(၁၁.၀၉၂)ဧကတွင် ရုံးခန်းတည်ရှိသည် The YANGTZE RIVER INTERNATIONAL INVESTMENT GROUP CO.,LTD သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်အမှတ်–၀၂၄/၂၀၁၇ဖြင့် Construction, Leasing and Management of Commercial and Residential Buildings ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိထားသော ကုမ္ပဏီဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ကုမ္ပဏီဝန်ထမ်း၏ပေါ့ဆမှုကြောင့် The Yangtze River International Investment Group Co.,Ltd နှင့် ဦးလှသန်းတို့အကြား ချုပ်ဆိုသော မြေငှားစာချုပ်၊ The Yangtze River International Investment Group Co.,Ltd နှင့် ဦးအောင်လွင် ဦးလှသန်းတို့အကြား ချုပ်ဆိုသော ဖက်စပ်သဘောတူစာချုပ် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်လျှောက်ထားလျက်ရှိပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**Mr.Zhang Jun**
**Managing Director**
**THE YANGTZE RIVER INTERNATIONAL INVESTMENT GROUP CO.,LTD**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ကွင်းအမှတ်–၉၈၈(ခ)၊ သာယာကုန်းကွင်း၊ ဦးပိုင်အမှတ်–၁/တ၊ မြေဧရိယာ (အလျား ၂၅ ပေxအနံ ပေ၆၀) အကျယ်ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီနီအောင်[၇/ကတခ(နိုင်)၁၁၀၈၀၉] ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်အား အပြီးသတ် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုမည်ဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ရန်နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ချောချော** | **ဦးဇင်မင်းအောင်** |
| **[၉/လဝန(နိုင်)၁၈၅၆၇၉]** | **[၇/ဖမန(နိုင်)၁၅၇၂၈၅]** |
| **တိုက်အမှတ်–၈၃၊ (၅လွှာ)၊ ပိတောက်ပင်လမ်း၊** | **ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့** |
| **ဖုန်း–၀၉–၂၅၀၅၅၀၄၃၂** | **ဖုန်း–၀၉–၄၅၄၇၃၁၅၅၆** |

မြန်မာလူမျိုးတို့နှင့် လွန်စွာရင်းနှီးမှုရှိသော မျိုးခြားလူတစ်မျိုးကို ပြရမည် ဆိုမူ ပုဏ္ဏားလူမျိုးကို လက်ညှိုးထိုး၍ ပြရမည် ဖြစ်ပါသည်။
မြန်မာလူမျိုး၊မြန်မာထီးနန်း၊မြန်မာကေရာဇ်မင်း၊ မြန်မာ့ဓလေ့ယဉ်ကျေးမှု တို့နှင့်ပါ ရင်းနှီးမှုရှိသော လူမျိုးဖြစ်ပါသည်။



"သမိုင်းပါမောက္ခဆရာကြီးဒေါက်တာသန်းထွန်း ၏ နိဒါန်းစကား မှ"

အတတ်ပေါ ပုဏ္ဏားနက္ခတ်ဗေဒင် **ဆရာကြီးဦးရာမ** ၏သား **ဆရာဒဂုန်** ရေးသားပြုစုသော

**ရာဇဝင်ထဲမှာ ပုဏ္ဏား**

ဇောတိကစာပေဖြန့်ချိရေး

၀၉-၅၁၁၃၀၅၈

၀၉-၇၉၈၁၀၃၇၄၇

jotika publishing

**သန်းဌေးနှင့်ရောင်းရင်းများ ၏ မဟာသင်္ကြန်ခရီးစဉ်များ**

- ရွှေစက်တော်(၂)ည၊ မကွေး၊ မင်းဘူး၊ ပြည် (၄)ရက်။ ကျိုက်ထီးရိုး သင်္ကြန်တွင်း-နေ့စဉ်
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ (၅)ရက်။
- ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ ဖိုလ်ဝင်တောင်၊ ရွှေဘတောင် (၅)ရက်။
- ရွှေစက်တော်၊ ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ (တောင်ကြီး၊ အင်းလေး၊ ပင်းတယ)၊ (မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်) ... (၈)ရက်/ခရီးစဉ် အားလုံးပါ (၁၁)ရက်။
- ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် (၅)ရက်။ ခရီးစဉ်အားလုံး Apr 11,12,17,24
- မန္တလေးအနီး၊ အင်းဝ၊ မိုးကုတ်၊ ကျောက်ဆည် (၄)ရက်။
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၅)ရက်။
- မြဝတီ၊ မဲဆောက်၊ ဘားအံ ဂူ(၅)ဂူ ခရီးစဉ် (၂ညအိပ်/၃-ရက်) ... Hotel
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ (၄)ရက်။ လွိုင်ကော်ပါ (၅)ရက်။
- ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်စဲ (၅)ရက်။ မြိတ်ပါ (၆)ရက်။
- မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ (ကျိုက်ထီးရိုး) (၃)ရက်။ (Mar 13, 20, 26) ထွက်မည်။

၄၁၆(ပထပ်)၊ ရွှေဘုံသာလမ်း 01-8380141, 01-8241863, 09-43043109, 09-30284810

ငွေကျပ် ၅၀၀၀၀၀ ဖြင့် အိန္ဒိယနိုင်ငံ
ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားနိုင်ပြီ။
Golden Lotus Land Co.,ltd.
လေယာဉ်လက်မှတ်၊ကား၊စား၊တည်း၊ငြိမ်း
: 09259280727, 09259280728

ဆောင်းနွေမိုး 09.448004288,09.448004289
ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ဘုရားစုံဖူး(၅)ရက်။
ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊(စွယ်တော်. ၄. ဆူ)ပုပ္ပါး၊ ဘုရားစုံဖူး(၅)ရက်။
ဇလုံတောင်၊ မိုးကုတ်၊ အင်းတော်ကြီး၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ရွှေဘို၊ စစ်ကိုင်း(၈)ရက်။
အပတ်စဉ်သောကြာနေ့ထွက်မည် / အိမ်အရောက်လက်မှတ်ပို့ပေးမည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
Agriculture Development Support Project
**ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း**

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်လျက်ရှိသောAgriculture Development Support Project (ADSP)အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ(RFQ) များ ဖိတ်ခေါ်အပ်ပါသည်။

| Reference No. | Description of Material |
|---|---|
| W-23, W-28, W-29 | C ment |
| W-23 | Premium Diesel |
| W-23 | Deformed Steel Bar |

၂။ အထက်ပါပစ္စည်းများဝယ်ယူခြင်းအတွက် World Bank Procurement Guideline ပါ စည်းမျဉ်း၊ စည်းကမ်းအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကြော်ငြာပါသည့်နေ့မှစ၍ ဈေးနှုန်းအဆိုပြုလွှာပုံစံ(RFQ)များကို E-mail No. tlwin4.irr@gmail.com သို့ မိမိတို့တင်သွင်းလိုသော ပစ္စည်းနှင့် ဈေးနှုန်းအဆိုပြုလွှာ (ReferenceNo.) ကို အတိအကျဖော်ပြပြီး ယှဉ်ပြိုင်မည့်ကုမ္ပဏီအမည်ဖြင့် ရုံးချိန်အတွင်း အခမဲ့ လျှောက်ထားတောင်းခံနိုင်ပါသည်။ (လာရောက်ဝယ်ယူရန်မလိုပါ။)

၄။ ဈေးနှုန်းအဆိုပြုလွှာ (RFQ) များကို (၂၄-၃-၂၀၂၀) ရက်နေ့၊ (၁၄:၀၀)နာရီ နောက်ဆုံးထားပြီး အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် တင်သွင်းရမည် ဖြစ်ပါသည်။

လိပ်မူရန်

U Kaung Myat Thein, Director (Procurement Branch)

Irrigation and Water Utilization Management Department, Office No. 43, Naypyitaw




အဆောက်အဦး တစ်ခုလုံး (သို့) တစ်လွှာချင်း

**ငှားမည်**

New World Office Page ထဲသို့ အသေးစိတ် ဝင်ရောက်ကြည့်ရှုပါ

အကျိုးဆောင် လက်ခံသည်

09 515 7160, 09 96 515 7160

ကမ္ဘာအေးဘုရားလမ်း ၊ ဗဟန်းမြို့နယ် ၊ ရန်ကုန်

" Smarter Youths for Better Future "

**ဦးရဲဇော်လတ်**
M.A.(YUFL),MBA(UTCC)

**SUMMER ENGLISH**

Basic Grammar & Speaking

မတ်လ (16) ဖွင့်မည်။

၁၀၃၅၊ဘိုးရာဇာလမ်း၊၃၅-ရပ်ကွက်၊မြောက်ဒဂုံ။
(Ph:09-5057138,09-73175231) လှူဦးရေအကန့်အသတ်ရှိသည်

## လေလံတင်ရောင်းမည်

လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်းတွင် ရှိသော(၂)ကေနီးပါး စတုရန်းပေ (ရှစ်သောင်း)ကျော်ရှိ မြေကွက်အား ၂၀၂၀ ခုနှစ်၊ ဧပြီလ ၆ရက် နံနက်(၁၀)နာရီ တွင် မြေကွက်ရှိရာနေရာ၌ လေလံတင်ရောင်းချမည် ဖြစ်ကြောင်း မြေကွက်ကျယ် ဝယ်ယူလိုသူများအား အသိပေး ကြေညာအပ်ပါသည်။

**ကြမ်းခင်းဈေးကျပ်သိန်း(၆၆၅၀၀)တိတိ**

**အသေးစိတ်စုံစမ်းရန် ဖုန်း-၀၉-၂၅၄၁၂၅၇၂**

**Mr. Air**

Air-con Sales & Services

Air-con အသစ်တပ်ဆင်၊ ပြုပြင်၊ လဲလှယ်ခြင်း နှင့် (Servicing)ပြုလုပ်ခြင်းများကို ဖုန်းဆက်ရုံဖြင့် ကားခမယူဘဲ အာမခံပေး၍ စိတ်တိုင်းကျ အမြန်ဆုံး ဝန်ဆောင်မှုပေးပါသည်။

call now

09-73052628
09-425026380




# အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အောင်လွင်(ခ) John Lwin (STARS & MODELS International Co.,Ltd) [၁၂/မရက(နိုင်)၁၀၅၈၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးတင်အောင်လွင်(ခ) John Lwin အမည်နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော အခြားမည်သည့်နည်းလမ်းများနှင့်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေသော၊ ညှိုးနွမ်းစေသော မည်သည့်အရေးအသား၊ အပြုအမူ ဖော်ပြချက်တစ်စုံတစ်ရာကိုမဆို ၎င်းနှင့်ပတ်သက်သော အသိုင်းအဝိုင်း ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ တိုက်ရိုက်မပတ်သက်သော အသိုင်းအဝိုင်း ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ Facebook စာမျက်နှာပေါ်တွင် ရိုင်းစိုင်းသော အပြောအဆို အရေးအသားများကို တိုက်ရိုက်ဖြစ်စေ/ သွယ်ဝိုက်၍ဖြစ်စေ ရေးသားခြင်း၊ Facebook Comment များတွင်လည်း ရိုင်းစိုင်းသော အပြောအဆို အရေးအသားများကို တိုက်ရိုက်ဖြစ်စေ/ သွယ်ဝိုက်၍ဖြစ်စေ ရေးသားခြင်း၊ Messenger / Viber အစရှိသော ဆက်သွယ်မှု ကွန်ရက်များမှလည်း ရိုင်းစိုင်းသော အပြောအဆို အရေးအသားများကို တိုက်ရိုက်ဖြစ်စေ/ သွယ်ဝိုက်၍ဖြစ်စေ ရေးသားခြင်း၊ လူမှုရေး Website ဂျာနယ်၊ သတင်းစာမျက်နှာ အစရှိသော လူမှုကွန်ရက်များပေါ်တွင် ရေးသားခြင်း၊ ဖော်ပြခြင်း၊ ဝေဖန်ခြင်း၊ သရော်ခြင်း၊ တစ်စုံတစ်ရာပြုလုပ်ခြင်း၊ ဖန်တီးခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုလုပ်ခြင်းများကို တွေ့ရှိပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဆုမွန်သက်(LL.B, DBL, Dipl)**

**အထက်တန်းရှေ့နေ(စဉ်-၄၂၈၀၀)**

**ဖုန်း-၀၉-၄၄၆၄၄၆၉၆၅**

## ကျေးဇူးဥပကာရတင်ရှိခြင်း

ဦးတင်အောင်(မြိုင်ကုန်း)၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နာမကျန်းဖြစ်စဉ်ကာလအတွင်း မေတ္တာစေတနာဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့ကြသည့် သုခကမ္ဘာဆေးရုံနှင့် OSC Hospital မှ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျဆရာဝန်များ၊ သူနာပြုများ၊ ဖခင်ကြီးအား လာရောက်တွေ့ဆုံအားပေးခဲ့ကြသည့် မိတ်ဆွေသင်္ဂဟများ၊ တပည့်တပန်းများ၊ လွမ်းသူ့ပန်းခြင်းများနှင့် လှူဖွယ်ဝတ္ထုအစုစုကို ပေးပို့ခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ဌာနဆိုင်ရာများ၊ နေအိမ်သို့ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူမှုဆက်သွယ်ရေးကွန်ရက်များမှလည်းကောင်း၊ ဆက်သွယ်အားပေး သတင်းမေးမြန်းကြသော ဖခင်ကြီး၏လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ ဖခင်ကြီး၏နောက်ဆုံးခရီးကို အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးဥပကာရတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှမောင်သန်း

Asia Express ခရီးသည်ပို့ဆောင်ရေး (ရန်ကုန်)

### အသက် (၆၆) နှစ်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်နေ (ဦးသိန်း-ဒေါ်လှတင်)တို့၏သား၊ ဝဲဒေါင့်ကျေးရွာနေ (ဦးမောင်ကြီး-ဒေါ်အေးသန့်)တို့၏သားသမက်၊ ဦးစိန်ထွန်းအောင်-ဒေါ်နုနုဝင်းတို့၏ညီ၊ ဒေါ်တင်မေအေး၊ ဦးတင်မိုး-ဒေါ်ရွှေရွှေငွေးတို့၏မောင်၊ ဦးခင်မောင်သိန်း၊ ဒေါ်အေးအေးသိန်း၊ ဝဲဒေါင့်ကျေးရွာနေ ဦးသန်းထွန်း-(ဒေါ်ဆယ်မေတင်)၊ ဦးအောင်စိုး-(ဒေါ်မြသန်းရင်)၊ ဒေါ်အေးအေးတို့၏အစ်ကို၊ မကွေးမြို့နေ ဦးဇော်ထွန်းဦး-ဒေါ်ဖြူဖြူဝင်းသန်း၊ ဦးဇော်မိုး-ဒေါ်မေစိုးနိုင်၊ မောင်သန့်ဇာနည်တို့၏ဖခင်၊ မောင်မိုးသန့်ထွန်းဦး၊ မဖြူရှင်းသန့်မွန်တို့၏အဘိုး၊ (ဒေါ်ဝင်းဝင်း)၏ ခင်ပွန်း၊ အောင်ပန်းမြို့နေ ဦးကျော်ဝင့်သူ-မလွင်လွင်ငွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးလှမောင်သန်းသည် ၆-၃-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၀ ရက်တွင် ရန်ကုန်မြို့၊ ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ၉-၃-၂၀၂၀ ရက်တွင် ကြွင်းကျန်ရစ်သော အရိုးပြာကို ပွင့်ဖြူမြို့၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးချိုထွန်း

ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

### အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၆)၊ ဝေဠုဝန်လမ်းကျယ်နေ (ဦးအောင်ခင်-ဒေါ်ထွေးရင်)တို့၏သား၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၈၄)နေ (ဦးခင်မောင်ထွေး)-ဒေါ်သန်းငွေးတို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြင်တော်သာလမ်း၊ အမှတ်(၅၆၆၊၆-ခ)နေ ဒေါ်ချိုချိုဝင်း၏ခင်ပွန်း၊ ဒေါ်စန်းစန်းနွယ်(ဒုညွှန်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ဒေါ်သန်းသန်းနု(ဦးစီးအရာရှိ-ငြိမ်း၊ လူမှုဖူလုံရေးအဖွဲ့)တို့၏မောင်၊ ဒေါ်ချယ်ရီအောင်(အထက-၄၊ အလုံ-ငြိမ်း)၊ ဦးသော်ဇင်-ဒေါ်နော်မျိုးမျိုးထိုက်တို့၏ အစ်ကို၊ ဗိုလ်ကြီး Dr.ဇာနည်ထွန်း(တကစ-၂)-မမြတ်ပွင့်ဖြူ (MAI)၊ မခိုင်ဇာသွယ် (လဝက၊ အလုံ)၊ ကိုဖြိုးသီဟကျော်(MGP Co.,Ltd)တို့၏ဖခင်၊ မြေး တစ်ယောက်၏အဘိုးသည် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ အမှတ် (၅၆၆၊၆-ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်ဟန်

### အသက် (၅၂) နှစ်

ရန်ကုန်မြို့နေ (ဦးအုံးဟန်)-ဒေါ်ယဉ်ယဉ်မြင့်တို့၏ ချစ်လှစွာသော သားကြီး၊ ဦးရဲမြင့်-ဒေါ်ခင်ညွှန့်လွင်တို့၏ သားသမက်၊ တိုက်(A)၊ အခန်း (၄၀၇)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာနေ ဒေါ်ဇီဇဝါရဲမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မသုန္ဒီင်းဆင့် (PISM YEAR-7)၏ ချစ်လှစွာသောဖခင်၊ ဦးအောင်ဇော်ဟန် (MANAGING DIRECTOR ACCORD ALUMINUM ART)-ဒေါ်သက်သက်ရွှေ၊ ဦးရန်အောင်မြင့် (ACCOUNT MANAGER, FOSFA INTERNATIONAL UK)-ဒေါ်ယဉ်နွဲ့ဟန်၊ ဦးအောင်မျိုးဟန်တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မောင်မင်းသွေးဟန်(MYANMAR IMRERIAL UNIVERSITY)၊ မောင် William ဂတိဘုန်းမြင့်တို့၏ ချစ်လှစွာသောဘကြီးသည် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အာနိသ**

## ဦးသက်လွင်ထွန်း

### အသက် (၄၃) နှစ်

ရန်ကုန်မြို့၊ (၁၃၃)လမ်း၊ ပုဏ္ဏကုန်း ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးထွန်းထွန်း)-ဒေါ်လွင်လွင်သိန်းတို့၏သား၊ (ဦးဝင်းလှ)-ဒေါ်စန်းတို့၏သားသမက်၊ မအေးအေးအောင်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဖြိုးသက်အောင်၊ မပိုးသဲဖြူစင်တို့၏ ချစ်လှစွာသောဖခင်သည် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု

## မဖူးမြတ်မင်းသိန်း

ပထမတန်း(A)၊ အထက(၃)၊ ကသာမြို့၊ ဦးဘိုနီကျောင်း

### အသက် (၇) နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ စိန်ပန်းလမ်း၊ အမှတ်(၁၀)နေ ဦးဖေသိန်းအောင်-ဒေါ်တင့်တင့်သိန်း၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (ဦးမျိုးမြင့်)-ဒေါ်အေးအေးဝင်းတို့၏မြေး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းသိန်း-ဒေါ်သီတာမျိုးမြင့်တို့၏သမီး၊ ဦးသိန်းထွဋ်အောင်-ဒေါ်သူဇာသိန်း၊ ဦးအောင်ကျော်မိုး၊ ဦးအောင်ညွှန့်စိုး-ဒေါ်မာလာထွန်း၊ ဦးအောင်ဝင်းသိန်း-ဒေါ်စောသန္တာသီ၊ ဦးမောင်မောင်လင်း-ဒေါ်မူမူထိုက်၊ ဒေါ်နုနုမျိုးတို့၏တူမ၊ မောင်ကောင်းမြတ်ထွဋ်၊ မောင်မင်းခန့်၊ မောင်ဟိဏ်းထက်လင်း၊ မအေးမြတ်အောင်၊ မောင်ဖြိုးမင်းဟိဏ်း၊ မောင်ဝေဖြိုးလင်းတို့၏ညီမသည် ၁၀-၃-၂၀၂၀ (အင်္ဂါနေ့) ည ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်မောင်စိန်

ဒု-လ/ထညွှန်ကြားရေးမှူး (ငြိမ်း)၊ စက်မှု/စားကုန် (စက်မှု-၁)

### အသက် (၉၀)

ရန်ကုန်မြို့နေ အငြိမ်းစားမန္တလေးအရေးပိုင်(ဦးထွန်းမင်း-ဒေါ်တင်တင်နွဲ့)တို့၏သား၊ (ဒေါ်အေးအေးသန်း)၏ခင်ပွန်း၊ မမီမီစိန်-ကိုလှသွင် (N.E.T Co., Ltd)၊ မသိဂ်ီစိန်-ကိုဇော်နီသောင်း(IBTC)၊ ကိုတင်ဇာမောင် (Miraco Marine Co., Ltd)-မလင်းလက်ဝေတို့၏ ဖခင်၊ မသီရိဆု၊ မောင်အောင်ခန့်မော်၊ မောင်ကောင်းမင်းခန့်တို့၏အဘိုးသည် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၁၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (တိုက်-၁၂၊ အခန်း-၀၀၄၊ ဦးရွှေပင်လမ်း၊ ရွှေဂန္ဓမာအိမ်ရာဝင်း၊ စက်မှုဇုန်-၃၊ ဒညင်းကုန်း၊ အင်းစိန်မြို့နယ်နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်စီတင်း

B.O.C (ဖျာပုံ)

### အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အောင်ရိပ်သာ(၄)လမ်းထောင့်နေ (ဦးသိန်းထွန်း)၏ဇနီး၊ ဒေါက်တာနေဝင်း-ဒေါ်နုနုပုံ၊ ဒေါက်တာညွှန့်တင်-ဒေါက်တာမြမြပုံ၊ (ဒေါ်ရင်ရင်ပုံ)၊ ဦးအောင်မင်း-ဒေါ်ကြူကြူတို့၏မိခင်၊ မလဲ့ရည်ဝင်း၊ ကိုကောင်းမြတ်၊ ဒေါက်တာစုသက်တင်-Jordan Darroch၊ ဒေါက်တာဖြူမင်းသူ၊ မရွှေရည်သန့်၊ မဖူးပွင့်သူတို့၏အဘွားသည် ၁၁-၃-၂၀၂၀ ရက် နံနက် ၈:၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး

## ဒေါ်သန်းမြင့်

### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်လမ်း၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၂၄)၊ သုံးလွှာနေ (ဦးစိန်မောင်-ဒေါ်စိန်ကျော့)တို့၏ သမီး၊ စက်ပြင်ဆရာကြီး (ဦးပြား)၏ ဇနီး၊ ဒေါ်သန်းစိန်၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်တင်မေတို့၏အစ်မကြီး၊ (ဦးညွှန့်ရွှေ)-ဒေါ်မြမြငွေး၊ ဦးသိန်းနိုင်ဦး-ဒေါ်ညွှန့်ညွှန့်ငွေး၊ ဦးငွေးအောင်-ဒေါ်မြင့်မြင့်၊ မအေးမြတ်မွန်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်သန်းမြင့်သည် ၁၁-၃-၂၀၂၀(ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၀နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးညွှန့်ရင် (ခ) ဦးညွှန့်ဝေ (သုံးဆယ်မြို့)

### အသက် (၈၃) နှစ်

### နာယကကြီး ကလျာဏမိတ္တဆွမ်းလောင်းအသင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၉၅)နေ (ဦးထွန်းစိန်-ဒေါ်စိန်လှ)တို့၏ သား၊ (ဦးစိန်ဖေ-ဒေါ်ခင်သိန်း)တို့၏သားသမက်၊ ဒေါ်ခင်ကျော့စိန်(အလပြ-ငြိမ်း၊ အလက-၃၊ အလုံ)၏ခင်ပွန်းသည် ၁၁-၃-၂၀၂၀ ရက် နံနက် ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းထွန်းဦး (2nd .Geog)

### အသက် (၅၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း(အထက်)၊ အမှတ် (၂၁၄) နေ [ဦးကျော်ရွှေ(B.A,H.G.P၊ စစ်မှုထမ်းဟောင်း၊ ရုံးအုပ်ကြီး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်)-ဒေါ်ရီရီ(ရုံးအုပ်ကြီး-ငြိမ်း၊ IWT)]တို့၏ သားကြီး၊ ဒေါ်ဆုဝင်းယဉ်၊ ဦးရဲစိုးသွင်၊ ဒေါ်ခင်ထက်ဆွေ(ခ)ရွှေပန်းချီ(MRTV)၊ ဒေါ်စိုးမြတ်မြတ်တို့၏ အစ်ကိုကြီး ၊ ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၁၈၂၉)နေ ဦးသိန်းထွန်းဦးသည် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၀(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။(ဆေးရုံကြီးရေခဲတိုက်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးမျိုးဟန်

### အစာအိမ်နှင့်အူလမ်းကြောင်း

### အထူးကုသမားတော်ကြီး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗောဓိရိပ်သာ၊ အမှတ် (၁၂-အေ)နေ Dr.ဒေါ်ခိုင်သဇင်လတ်၏ ချစ်လှစွာသော ခင်ပွန်း ဒေါက်တာဦးမျိုးဟန်သည် ၁၀-၃-၂၀၂၀ (အင်္ဂါနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မဟာမြိုင်ဆေးရုံ မိသားစု**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တစန္ဒမာလာ

ဓမ္မသီတာ(ထားဝယ်)ကျောင်းတိုက်

### သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်

ဓမ္မသီတာကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒမာလာ သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်သည် (တပေါင်းလပြည့်ကျော် ၁ ရက်) နံနက် ၁၂:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (တပေါင်းလပြည့်ကျော် ၆ ရက်) (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဒါယကာ/ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဆရာတော်အားရည်စူး၍ တပေါင်းလပြည့်ကျော် ၈ ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

တပည့်ဒါယကာ/ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ကန်၊ လမ်း အလှူ့ဒါယကာကြီး

## ဦးထိန်ဝင်း

### အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၂၅၅-B)နေ (ဦးအောင်သိန်း-ဒေါ်စောဟန်)တို့၏သားကြီး၊ ဒေါ်သန်းနု၏ခင်ပွန်း၊ ဦးလွင်ဦး-ဒေါ်တင်မြင့်၊ ဦးသန့်ဇင်-ဒေါ်စန်းစန်းမော်၊ ဦးကျော်ကိုကိုဦး-ဒေါ်ခင်စန်းရီ၊ ဦးကျော်မင်းအောင်-ဒေါ်ခင်မာလာ၊ (ဦးစိန်သွင်)-ဒေါ်ခင်မျိုးဆွေတို့၏မွေးသဖခင်၊ မြေး ကိုးယောက်တို့၏အဘိုး ဦးထိန်ဝင်းသည် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းရွှေ (သံတွဲ)

### အသက် (၈၆) နှစ်

သံတွဲမြို့နေ (ဦးအောင်မြ-ဒေါ်အေးကြိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၂၁၃/၂၁၇)၊ ဒုထပ်(ဝဲ)နေ (ဗိုလ်ကြီးကျော်အောင်)၏ဇနီး၊ ဒေါ်မြမြသန်း၊ ဦးရွှေဖုံအောင်(ခေတ္တ-စင်ကာပူ)-ဒေါ်သန်းသန်းရွှေ၊ (ကိုသာထွန်းအောင်)၊ ဦးရွှေထူးအောင် (Lotusဟိုတယ်သင်တန်းကျောင်း)-ဒေါ်ဝါဝါခိုင်(Novotel Yangon Max)၊ ဒေါ်မိုးသန္တာအောင်(Jovial Tour)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မောင်အောင်သုတ၊ မသက်ရွှေရည်အောင်၊ မထက်နဒီအောင်တို့၏ ချစ်လှစွာသောအဘွားသည် ၁၁-၃-၂၀၂၀ ရက် ညနေ ၃:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၀ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကမာရွတ်မြို့နယ်၊ ၇-ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၈)၊ အခန်း(၂၈)မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ပြည်ရိပ်မွန်အိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်ငွေး

အလပြ၊ အလက (၁၀) အင်းစိန်၊ အထက(၃) မ/ဒဂုံ၊ အ.လ.က မဲပလီ

### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အမှတ်(၅၄၁)၊ သမာဓိ(၃)လမ်း၊ (၃၉-B)ရပ်ကွက်နေ ဒေါ်သန်းမြိုင်၏ခင်ပွန်း၊ ဦးခင်ဦး-ဒေါ်ရီရီချို၊ ဦးကျော်မျိုးဝင်း-ဒေါ်ချောမို့မို့အောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးအောင်ငွေးသည် ၁၀-၃-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၂၀ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၂၀ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမိုးကျော်သူ (B.Sc-Chem)

### အသက် (၅၇) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နေ (ဦးဇော်ဝင်း-ဒေါ်ထွေးထွေး)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးညီလှ-ဒေါ်ခင်ဝိုင်း)တို့၏သားသမက်၊ ဒေါက်တာခင်မဥ္ဇူ (ဆေးရုံအုပ်၊ ရွှေဗဟိုဆေးရုံ)၏ ခင်ပွန်း၊ ဒေါက်တာသဲဆုစံ (ခေတ္တ-အစ္စရေး)၊ ဒေါက်တာယမင်းအေး(လ/ထဆရာဝန်၊ သဃ်္ဃန်းကျွန်းအထွေထွေဆေးရုံကြီး) တို့၏ ဖခင်၊ ဦးဝင်းသွင်-(ဒေါ်နွယ်နွယ်စိုး)တို့၏ ညီ၊ ဦးမြင့်စိုး-ဒေါ်မိုးမိုးခိုင်၊ ဦးမြတ်ခိုင်-ဒေါ်တင်တင်စန်း၊ ဦးမျိုးမျိုးဇော်-ဒေါ်နှင်းဦးခိုင်၊ ဦးကြည်သာမြင့်-ဒေါ်ချောစုခိုင်တို့၏အစ်ကို ဦးမိုးကျော်သူသည် ၁၀-၃-၂၀၂၀ ရက် ည ၉:၃၅ နာရီတွင် ရန်ကုန်ခုတင်-၅၀၀ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၁၆၃/၂၊ သိင်္ဂါလမ်း၊ ၂၄-ရပ်ကွက်၊ သုဝဏ္ဏ နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်ဟန်

### အသက် (၅၂) နှစ်

ရန်ကုန်မြို့နေ (ဦးအုံးဟန်)-ဒေါ်ယဉ်ယဉ်မြင့်တို့၏ ချစ်လှစွာသော သားကြီး၊ ဦးရဲမြင့်-ဒေါ်ခင်ညွှန့်လွင်တို့၏သားသမက်၊ တိုက်(A)၊ အခန်း(၄၀၇)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာနေ ဒေါ်ဇီဇဝါရဲမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မသုန္ဒီင်းဆင့်(PISM YEAR-7)၏ ချစ်လှစွာသောဖခင်၊
ဦးလူမွန်ရဲမြင့်-ဒေါ်ရီရီသိန်း၊ (ဦးကျော်ကျော်ရဲမြင့်)-ဒေါ်မြင့်မြင့်အေး၊ ဦးနေအောင်ရဲမြင့်-ဒေါ်မြမြထွန်း၊ ဦးစည်သူ-ဒေါ်သမ္ဘူလရဲမြင့်တို့၏ ညီ/မောင်သည် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြား





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁၁**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးမောင်မောင်ဝင်း၊ ဦးကျော်မျိုး၊ ဒေါက်တာ ရဲမြင့်ဆွေနှင့် ဦးစိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသား အဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းပြီးနောက် ရေနှင့်ဆက်နွယ်သည့် ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲ ရေးနှင့် အကျိုးရှိစွာအသုံးချနိုင်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိရောက် အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်မှုအတွက် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

### ကြေးမုံ ယနေ့ ဖတ်စရာ

**တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာနများ အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ဖြေဆိုသူပေါင်း ၉၁၀၂၇၃ ဦးရှိ** စာမျက်နှာ » ၁၁

**အမေရိကန် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင် အကြိုရွေးကောက်ပွဲတွင် အနိုင်ရရှိ** စာမျက်နှာ » ၁၄

**နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကို သတိရှိရှိ ကာကွယ်ပါ** စာမျက်နှာ » ၁၅



### အမေရိကန်နိုင်ငံ၌ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲ

## ဖူးပွင့်ရတီခိုင် ပထမဆု ဆွတ်ခူးရရှိ

**ရန်ကုန် မတ် ၁၁**

မတ် ၉ ရက်မှ ၁၀ ရက်အထိ အမေရိကန်နိုင်ငံ၌ ကျင်းပသည့် River Landing Classic –2020 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ အမျိုးသမီးဂေါက်သီးအားကစားမယ် ဖူးပွင့်ရတီခိုင် ပထမဆု ဆွတ်ခူး ရရှိခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ○

■ **စပါးအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရ**

အားကစား စာမျက်နှာ » ၁၉

## ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၁ အသင်း စတင်လေ့ကျင့်

**ရန်ကုန် မတ် ၁၁**

၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ မြန်မာ ယူ–၂၁ အသင်းကို ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိ သည်။

မြန်မာ ယူ–၂၁ အသင်းနည်းပြချုပ် အဖြစ် တာဝန်ယူမည့် ပိုပေါ့ဗ်သည် နိုင်ငံတကာ ရက်သတ္တပတ်ကြောင့် လိဂ်ပြိုင်ပွဲ ရပ်နားသည့်ကာလများ တွင် လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ပထမဆုံးအဖြစ် မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကာလတိုလေ့ကျင့်သွား မည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ–၂၁ အသင်းတွင် ဖိလစ်ပိုင်ဆီးဂိမ်း ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့်အသင်းမှ ဝင်းနိုင်ထွန်းနှင့် စိုးမိုးကျော်တို့ နှစ်ဦးသာ ပြန်ပါလာပြီး ကစားသမား သစ်အများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ် သည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ☆



မြန်မာ ယူ–၂၁ အသင်းတွင် ပါဝင်လာသည့် တိုက်စစ်မှူး ဝင်းနိုင်ထွန်း ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့စဉ်။

စေတနာဆေး မေတ္တာဆေး သစ္စာဆေး . . .
ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။